# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၂၆)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၅၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးကော်ရိုင်း၊ ကယား(၉) နေမကောင်း၊ ဦးနိန်းခင်းပေါင်၊ ချင်း(၇) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးတင်ဝင်း၊ မကွေး(၈)၊ စိုက်ပျိုးရေးလေ့လာ၊ ဦးဟာရှိန်းဘွေ၊ ချင်း(၈) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးငွေဝင်း၊ ရခိုင်(၇) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးထွန်းလွင်၊ ကချင်(၉) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁) ဇနီးကျန်းမာရေး၊ ဗိုလ်မှူးကြီးသန်းထိုက်၊ တပ်မတော်၊ ကျန်းမာရေး၊ ဦးဆွေအောင်၊ ရန်ကုန်(၁၂) ကျန်းမာရေး၊ ဦးဘရန်ရှောင်၊ ကချင်(၃) မိခင်ကျန်းမာရေး၊ နေ့လယ်ပိုင်း ခွင့်ပန်ကြားသူ၊ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉) ကိုယ်ရေးကိုယ်တာ။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၃၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ⊞ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကို ၃၁-၇-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် က အဆို တင်သွင်းပြီး ၁၄-၈-၂၀၁၂ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ၁၅-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ တရားရုံးများ မထီမဲ့မြင် ပြုမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တရားရုံးများ မထိမဲ့မြင်ပြုမှု ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၈-၃-၂၀၁၃ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁-၂-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ၂၁-၂-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော် ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၊ အပိုဒ် ၂(ဠ)(ပ)(တ) -

၂။ (ဠ) ကောင်တာဈေးကွက်ဆိုသည်မှာ စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းအား စုစည်းဆောင်ရွက်သည့် ဈေးကွက်ကို ဆိုသည်။

( ပ) ပဋိညာဉ်မှတ်တမ်း ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီက ယင်း၏ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေသည့် ကုမ္ပဏီများသို့ပေးပို့သည့် ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်မှုကို အတည်ပြုကြောင်း အချက်အလက် စုံလင်စွာပါဝင်သည့် ရှင်းလင်းချက်ကို ဆိုသည်။

(တ) လိုင်စင် ဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်က ထုတ်ပေးသည့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၁၊ အပိုဒ် ၂(ဠ)(ပ)(တ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၊ အပိုဒ် ၂(ဠ)(ပ)(တ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၃၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)၊ ၇(က)(ခ)၊ ၈(ခ)(ဂ)(၄)၊ ၁၁(စ) -

အခန်း(၃)

ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) သင့်လျော်သည့် ပုဂ္ဂိုလ်အနည်းဆုံး ငါးဦးပါဝင်သော ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းရမည်။

၇။ ကော်မရှင်သည် -

(က) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင် လက်မှတ်ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ရရှိသူက တာဝန်နှင့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လိုင်စင်ကို ကာလသတ်မှတ် ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်သိမ်းခြင်းပြုနိုင်သည်။

၈။ (ခ) စတော့အိပ်ချိန်းက လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ခွင့်ပြုမိန့်ကို ကာလသတ်မှတ် ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်သိမ်းခြင်း ပြုနိုင်သည်။

(ဂ) (၄)အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများအရ အများပြည်သူ အကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသော လုပ်ငန်းကို ဆောင်ရွက်ခြင်း။

၁၁။ (စ) လိုင်စင်ရရှိသူ သို့မဟုတ် ယင်းလိုင်စင်ရရှိသူ၏ ရှေ့နေ၊ စာရင်းစစ်နှင့် ကိုယ်စားလှယ်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၃၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)၊ ၇(က)(ခ)၊ ၈(ခ)(ဂ)(၄)၊ ၁၁(စ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၃၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)၊ ၇(က)(ခ)၊ ၈(ခ)(ဂ)(၄)၊ ၁၁(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၃၊ အပိုဒ် ၇(ဂ)(ဃ) -

အခန်း ၃၊ အပိုဒ် ၇(ဂ) နှင့် (ဃ) တို့အား မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၃၊ အပိုဒ် ၇(ဂ) နှင့် (ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၄၊ အပိုဒ် ၁၆၊ ၁၇(ဂ)၊ ၁၈၊ ၂၀(ခ)၊ ၂၁ -

၁၆။ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီအဖြစ် တည်ထောင်၍ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း လုပ်ကိုင်လိုသူသည် မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ ကုမ္ပဏီကို ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီး ဖြစ်ရမည်။

၁၇။ (ဂ) သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမတည်ငွေရင်းနှင့် အနည်းဆုံး ထည့်ဝင်ပြီး မတည်ငွေရင်း ရှိရမည်။

၁၈။ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီသည် ကော်မရှင်က ထုတ်ပေးသော လိုင်စင်တစ်မျိုးမျိုးရရှိလျှင် လိုင်စင်အမျိုးအစားအလိုက် ခွင့်ပြုထားသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၂၀။ (ခ) မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေနှင့်အညီ စာရင်းစစ်ကို ခန့်ထားခြင်းမပြုမီ ကော်မရှင်၏ ခွင့်ပြုချက်ကို ရယူရမည်။

၂၁။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကို ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသည့် အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများကို ရှောင်ကြဉ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၄၊ အပိုဒ် ၁၆၊ ၁၇(ဂ)၊ ၁၈၊ ၂၀(ခ)၊ ၂၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၄၊ အပိုဒ် ၁၆၊ ၁၇(ဂ)၊ ၁၈၊ ၂၀(ခ)၊ ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၅၊ အပိုဒ် ၂၃၊ ၂၆(က)(ခ)၊ ၂၈(က)(ခ)၊ ၃၀၊ ၃၁၊ ၃၂(က)၊ ၃၃(က)(ခ)၊ ၃၄၊ ၃၄(က)(ခ)(င)(ဆ)-

၂၃။ လိုင်စင်အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည် -

၂၆။ (က) ပုဒ်မ ၂၅ ပါ လိုင်စင်တစ်မျိုးမျိုးရရှိထားသော ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းကို သီးခြားလိုင်စင် ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။

(ခ) သတ်မှတ်ထားသည့် အရည်အချင်းများ စည်းကမ်းချက်များနှင့် ညီညွတ်သော ပုဂ္ဂိုလ်သည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လိုင်စင်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ ကော်မရှင်သည် -

(က) ပုဒ်မ ၂၅၊ ပုဒ်မ၂၆ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၇ အရ လျှောက်ထားသည့် လိုင်စင်လျှောက်လွှာ လက်ခံရရှိသည့်အခါ လိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ထားသော အရည်အချင်းများ၊ စည်းကမ်း ချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေး ရမည်။

၃၀။ ကော်မရှင်သည် ပုဒ်မ ၂၉ အရလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၁။ ကော်မရှင်သည် လိုင်စင်ခ၊ လိုင်စင်သက်တမ်း တိုးမြှင့်ခ၊ ဒဏ်ကြေးနှင့် လိုင်စင်သက်တမ်း တို့ကို သတ်မှတ်ပေးရမည်။

၃၂။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၃၃။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်သက်တမ်း ကုန်ဆုံးပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခြင်း မပြုလျှင် လိုင်စင်သက်တမ်း ကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုင်စင်ကို ကော်မရှင် သို့ ပြန်လည်အပ်နှံရမည်။

(ခ) လိုင်စင် သက်တမ်းအတွင်း ငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကို လုပ်ကိုင် ခြင်း မပြုတော့ဘဲ ရပ်ဆိုင်းလျှင် ထိုသို့ ရပ်ဆိုင်းကြောင်း ကော်မရှင်သို့ ၇ ရက် အတွင်း အကြောင်းကြားပြီး လိုင်စင်ကို ပြန်လည်အပ်နှံရမည်။

၃၄။ ကော်မရှင်သည် လိုင်စင်ရရှိသူက အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့် အခါ လိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည် -

(က) လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက် တစ်စုံတစ်ရာကို ကျူးလွန်ဖောက်ဖျက် ခြင်း သို့မဟုတ် လိုက်နာရမည့်လုပ်ငန်း တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက် ရန် ပျက်ကွက်ခြင်း၊

(ခ) လိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှု တစ်ရပ်ရပ်အရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေခြင်း၊

(ဆ) လိမ်လည်မှု၊ အလွဲသုံးစားမှု၊ ခိုးမှု၊ ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု သို့မဟုတ် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သော ပြစ်မှုဖြင့် စီရင်ခံရခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၅၊ အပိုဒ် ၂၃၊ ၂၆(က)(ခ)၊ ၂၈(က)(ခ)၊ ၃၀၊ ၃၁၊ ၃၂(က)၊ ၃၃(က)(ခ)၊ ၃၄၊ ၃၄(က)(ခ)(င)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၅၊ အပိုဒ် ၂၃၊ ၂၆(က)(ခ)၊ ၂၈(က)(ခ)၊ ၃၀၊ ၃၁၊ ၃၂(က)၊ ၃၃(က)(ခ)၊ ၃၄၊ ၃၄(က)(ခ)(င)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၅၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄၊ ၂၅၊ ၂၉၊ ၃၂(ခ) -

အခန်း ၅၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄၊ ၂၅၊ ၂၉ နှင့် အပိုဒ် ၃၂(ခ) တို့အား မူလ ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၅၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄၊ ၂၅၊ ၂၉ နှင့် အပိုဒ် ၃၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၈။**

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် အခန်း ၇၊ အပိုဒ် ၃၈(က)၊ ၄၀(ဃ)၊ ၄၃၊ ၄၇ -

၃၈။ စတော့အိပ်ချိန်းသည် -

(က) ကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိပြီးနောက် မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများအရ ပေးရန်တာဝန် ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်သော အဖွဲ့အစည်း ဖြစ်သည် ဟု ပြင်ဆင်ထားပါတယ်။

၄၀။ (ဃ) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည် ဟု ဖြည့်စွက်ထားပါတယ်။

၄၃။ စတော့အိပ်ချိန်းသည် မိမိ၏ ဖွဲ့စည်းပုံ စည်းမျဉ်းကိုပြင်ဆင်လိုလျှင်ဖြစ်စေ၊ အသစ်ရေးဆွဲလျှင်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းကို ပြင်ဆင်လိုလျှင်ဖြစ်စေ ကော်မရှင်၏ ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ ကောင်တာဈေးကွက်သည် ဤဥပဒေ အရ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၇၊ အပိုဒ် ၃၈(က)၊ ၄၀(ဃ)၊ ၄၃၊ ၄၇ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၇၊ အပိုဒ် ၃၈(က)၊ ၄၀(ဃ)၊ ၄၃၊ ၄၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၈၊ အပိုဒ် ၄၈ -

၄၈။ ကောင်တာဈေးကွက်၏ လုပ်ငန်းဆောင်ရွက်မှုမှာ အခန်း(၉)ပါ တားမြစ်သည့် အပြုအမူများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထင်ရှားစွာ ထိခိုက်နစ်နာစေလျှင် ကော်မရှင်သည် ကောင်တာဈေးကွက်အား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၈၊ အပိုဒ် ၄၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၈၊ အပိုဒ် ၄၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အခန်း ၉၊ အခန်းခေါင်းစဉ် အား အခန်း ၁၀ အခန်းခေါင်းစဉ် အဖြစ်လည်းကောင်း၊ အခန်း ၁၀၊ အခန်းခေါင်းစဉ်အား အခန်း ၁၁ အခန်းခေါင်းစဉ် အဖြစ်လည်းကောင်း၊ အခန်း ၁၁၊ အခန်းခေါင်းစဉ် အား အခန်း ၉၊ အခန်း ခေါင်းစဉ်အဖြစ် မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၉၊ ၁၀၊ ၁၁ အခန်းခေါင်းစဉ်များအား မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၉၊ အပိုဒ် ၄၉ -

၄၉။ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသော ပြုလုပ်မှုများမှာ အောက်ပါတို့ ဖြစ်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၉၊ အပိုဒ် ၄၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၉၊ အပိုဒ် ၄၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၀၊ အပိုဒ် ၅၄(ဂ)(ဃ) -

၅၄။ (ဂ) ပုဒ်မ ၃၄ အရ ကော်မရှင်က လိုင်စင်ရရှိသူအား လိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုသည့် ဆုံးဖြတ်ချက်၊

(ဃ) စတော့အိပ်ချိန်း ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှုတွင် ကော်မရှင်က ပုဒ်မ ၅၃၊ ပုဒ်မခွဲ(ခ) အရ ချမှတ်သည့် ဆုံးဖြတ်ချက် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း ၁၀၊ အပိုဒ် ၅၄(ဂ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၁၊ အပိုဒ် ၅၄(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၁၂၊ အပိုဒ် ၅၅၊ ၅၆(ခ)၊ ၆၁ -

၅၅။ မည်သူမျှ အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများကို ဖောက်ဖျက်ပြီး အများပြည်သူ အကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်နစ်နာစေရန် မပြုလုပ်ရ။

၅၆။ (ခ) ကော်မရှင်၏ ခွင့်ပြုမိန့်မရရှိဘဲ ကောင်တာဈေးကွက်ကိုဖြစ်စေ၊ စတော့အိပ်ချိန်းကိုဖြစ်စေ ဖွဲ့စည်းတည်ထောင်ခြင်း၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း၏ လုပ်ငန်းများ၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်းသဘော သက်ရောက်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုရ။

၆၁။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ် ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၁၂၊ အပိုဒ် ၅၅၊ ၅၆(ခ)၊ ၆၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၂၊ အပိုဒ် ၅၅၊ ၅၆(ခ)၊ ၆၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အခန်း ၁၃၊ အပိုဒ် ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂(ခ)

၆၈။ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ကို ဤဥပဒေနှင့်အညီ ပီပြင်စွာ တည်ထောင်ပြီး စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုနိုင်မီ ကူးပြောင်းဆဲ ကာလအတွင်း -

၆၉။ ကော်မရှင်၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၇၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူ ပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၁။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ မည်သည့် တရားရုံးတွင်မျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။

၇၂။ (ခ) ဝန်ကြီးဌာနနှင့် ကော်မရှင်တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့ သူရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း ၁၃၊ အပိုဒ် ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၃၊ အပိုဒ် ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ၃-၉-၂၀၁၂ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ၂၄-၁၀-၂၀၁၂ ရက်နေ့ တွင် ဆွေးနွေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ စပ်လျဉ်း၍ အစီရင်ခံစာကို ပြန်လည်ပြုစုပြီး ကော်မတီရဲ့ ဆုံးဖြတ်ချက်အရ လိုအပ်သလို ဆောင်ရွက်ရန် ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါတယ်။ ဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်အရ ကော်မတီမှ အစီရင်ခံစာပြုစု၍ ပြန်လည်တင်ပြလာပါတယ်။

ဒါကြောင့် ကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသား လွှတ်တော်က အတည်ပြုနိုင်ပါရန် ကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဒေါ်နော်မေးရီယန် (ကော်မတီဝင်၊ အမျိုးသမီးနှင့် ကလေးသူငယ်များဆိုင်ရာကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီဝင် ဒေါ်နော်မေးရီယန် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ၃-၉-၂၀၁၂ ရက်နေ့၌ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ အဆိုပါ အစီရင်ခံစာကို ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၄-၁၀-၂၀၁၂ ရက်နေ့၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နှစ်ဦးက ဆွေးနွေးအကြံပြုခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက ကော်မတီအနေနဲ့ ဆွေးနွေးအကြံပြုခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြန်လည်ညှိနှိုင်းပြီး အစီရင်ခံစာကို ပြုစုရန် ညွှန်ကြားခဲ့ပါသည်။

ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံလေ့လာ မေးမြန်းခဲ့ရာ ဆွေးနွေး အကြံပြုချက်များသည် ကောင်းမွန်သင့်တော်ပါသဖြင့် အစီရင်ခံစာတွင် ထပ်မံထည့်သွင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ကော်မတီ၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့် ဆွေးနွေးအကြံပြုချက်များကို လွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေတင်ပြထားပြီး ဖြစ်ပါသည်။

အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီသည် ယခု အစီရင်ခံစာတွင် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ အခွင့်အရေး ပိုမိုဆောင်ရွက်ပေးရေးတို့ကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ကလေးသူငယ်ဆိုင်ရာ တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း တင်ပြအပ် ပါသည်။

အဆိုပါ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ် အစားထိုးခြင်းကို ညီအစ်ကို မောင်နှမ အချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှသားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ် ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့် ဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး တင်သွင်းထားသည့် ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိ ကျောက်ကပ်အစားထိုး ခြင်းကို ညီအစ်ကို မောင်နှမအချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီး အရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ် ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်း အား ခွင့်ပြုသည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် သုံးဦး အမည်စာရင်း တင်သွင်း ထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာမြဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့် ဘာသာရပ်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ရဲ့ ကျောက်ကပ်အစားထိုး ကုသမှုဆိုင်ရာကိစ္စများကို ကျွန်တော် မကျဉ်းမကျယ် လိုရင်းကိုပဲ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီကျောက်ကပ် အစားထိုးကုတဲ့ဟာက နိုင်ငံတကာမှာ လုပ်ဆောင်နေတဲ့လုပ်ငန်း ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေလည်း မြောက်မြားစွာ ရှိပါတယ်။ ငွေကြေးကုန်ကျမှုကိုလည်း များပြားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျောက်ကပ်အစားထိုးကုလျှင် ပထမ ခွဲစိတ်ကုသတဲ့အချိန်အထိ သိန်း(၅၀)မှ (၆၀)အထိ ကုန်ပါတယ်။ နောက်တစ်လမှာ (၃)၊ (၄)သိန်း ကုန်ပါတယ်။ တခြားနိုင်ငံမှာဆိုရင်တော့ ခွဲစိတ်ခတို့ ဘာတို့ အပါအဝင် သိန်း(၂၀၀)၊ (၃၀၀)၊ (၄၀၀)အထိ ကုန်ကျပါတယ်။ နောက်တစ်ခုကတော့ ဒီပြဿနာဟာ လူ့တန်ဖိုးနဲ့ ဂုဏ်သိက္ခာနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ လူ့ဘောင်အဖွဲ့အစည်းရဲ့ လူကျင့်ဝတ်သိက္ခာတွေလည်း ပါဝင်ပတ်သက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နာတာရှည်ကျောက်ကပ် ရောဂါရှင်များ အသက်ရှင်သန်ဖို့အတွက် ကတော့ ကျောက်ကပ်စက်ဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် ကျွန်တော်တို့ တစ်သက်လုံး ကုသရမယ့်လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ နောက်တစ်ချက်ကလည်း ကျောက်ကပ်စက်နဲ့ မကုလျှင် ဝမ်းဗိုက်အမြှေးပါးကို ဖောက်ပြီးတော့ ကျွန်တော်တို့ သန့်စင်တဲ့ Continuous Ambulatory Peritoneal Dialysis ခေါ်တဲ့ အင်္ဂလိပ်စာလုံးတွေနဲ့ Technical ဥစ္စာကို နည်းနိုင်သမျှ နည်းအောင် သုံးပါမယ်။ ခွင့်ပြုနိုင်ရန် ကျွန်တော် ပန်ကြားအပ်ပါတယ်။ ဒီဟာနှစ်မျိုးကို Dialysis

လို့ ခေါ်တဲ့ သွေးသန့်စင်နည်း ဖြစ်ပါတယ်။ တတိယနည်းကတော့ ကျွန်တော်တို့ ကျောက်ကပ် အစားထိုး ကုသတာ ဖြစ်ပါတယ်။ ဒီနည်း(၃)နည်းကို လိုအပ်သလို ကျွန်တော်တို့ ကျင့်သုံးသွားရ ပါတယ်။ ကျောက်ကပ်အစားထိုး ကုသချင်တဲ့ လူနာကျတော့ ကျောက်ကပ်အစားထိုး ကုသဖို့ အတွက် စီစဥ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အားလုံးကလည်းပဲ ငွေကြေးကုန်ကျမှုကတော့ အတူတူလောက်ပဲ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ကျောက်ကပ် အစားထိုးကုသတဲ့ လူနာရဲ့ Human Value System နဲ့ ဆိုရင် ပိုပြီးတော့ လွတ်လွတ်လပ်လပ်နဲ့ နေနိုင်ပါတယ်။ ကျောက်ကပ်စက်နဲ့ ဆိုရင်တော့ တစ်ပတ် နှစ်ကြိမ် သွားရောက်ပြီးတော့ ကုသရတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျောက်ကပ်အစားထိုး ကုသ တာကို ကျွန်တော် ဦးတည်ပြီးပဲ ဆွေးနွေးသွားပါမယ်။ ဒီ ကျောက်ကပ် အစားထိုးကုသတာကို ၁၉၅၄ ခုနှစ်က အမေရိကန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံမှာ အမွှာညီအစ်ကို ချွတ်ဆွတ်တူတဲ့ အမွှာ ညီအစ်ကို သွေးအုပ်စု သွေးဖြူအုပ်စု အားလုံးတူတဲ့ ညီအစ်ကို နှစ်ယောက်က စခဲ့ပါတယ်။ ဒါကြောင့် ထည့်လိုက်တဲ့ ကျောက်ကပ်ကို တုံ့ပြန်ပြီးတော့ Rejection ခေါ်တဲ့ တုံ့ပြန်မှုမရှိဘဲနဲ့ အောင်မြင်စွာ ခွဲစိတ်နိုင်ပါတယ်။ သို့သော်လည်းပဲ နောက်ပိုင်းမှာ ဆက်လက်ပြီး မလုပ်ဘဲနဲ့ သက်ရှိထင်ရှားရှိတဲ့ ကျောက်ကပ်အစားထိုးမှုကို ရံဖန်ရံခါသာ လုပ်ခဲ့ပါတယ်။

၁၉၆၀ ခုနှစ် နောက်ပိုင်းမှာတော့ ကျောက်ကပ်တုစက်တွေနဲ့ သွေးသန့်စင်နည်း ဖြစ်လာတော့ နာတာရှည် ကျောက်ကပ်ရောဂါများ အသက်ဆက်ရှင်နိုင်ခွင့်တွေ ရရှိလာပါတယ်။ အဲဒီအချိန်မှာ ကျောက်ကပ်အစားထိုးမှုကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အဓိကအစားထိုးတဲ့ အလှူရှင်များကတော့ ကျွန်တော်တို့ ထိခိုက်ဒဏ်ရာရပြီး လတ်တလော အသက်ဆုံးရှုံးတဲ့ လူနာ များနဲ့ ဆေးရုံများတွင် ဦးနှောက်သေဆုံး၍ (Brain Death) ခေါ်တဲ့ လူနာများကို သူတို့ရဲ့ ကာယကံရှင်ရဲ့ ကြိုတင်ခွင့်ပြုထားမှု သို့မဟုတ် မိသားစုရဲ့ ခွင့်ပြုထားမှုမှာ ဖြစ်ပါတယ်။ ဒါက တော့ ကျွန်တော်တို့ Decease ပေါ့။ အရင်တုန်းကတော့ Cadaveric Donor ခေါ်တာပေါ့။ Deceased Donor ဆိုတာက အသက်ဆုံးရှုံးတဲ့ လူနာတွေ ဖြစ်ပါတယ်။ သို့သော် သူတို့ရဲ့ သွေးနီဥတို့၊ သွေးဖြူဥတို့ အမျိုးအစားတွေကို ခွဲခြားပြီးတော့ ကိုက်ညီတဲ့ လူကိုသာ ကျွန်တော်တို့ လုပ်ခဲ့ပါတယ်။ သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများမှာ နာတာရှည် ကျောက်ကပ်ရောဂါကို အစားထိုး ကုသရတာ ကိန်းဂဏန်းတွေတော့ ကျွန်တော် မပြောလိုတော့ပါဘူး။ အမေရိကန်နိုင်ငံ၊ အင်္ဂလန်

နိုင်ငံ ဒီလိုဖွံ့ဖြိုးပြီးတဲ့ နိုင်ငံတွေမှာ ထက်ဝက်လောက်ပဲ လုပ်ဆောင်နိုင်ပါတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှာလည်းပဲ ကျောက်ကပ်ဝေဒနာရှင်များ ရှိနေပါတယ်။

ဒါကြောင့် သူတို့ဆီမှာ ထောင်ဂဏန်းနဲ့ချီပြီးတော့ လူဦးရေ ကျောက်ကပ်လူနာတွေ များတဲ့အတွက်ကြောင့် ကျွန်တော်တို့ Living Related Donor ခေါ်တဲ့ သက်ရှိထင်ရှားရှိတဲ့ အလှူရှင်များကနေပြီးတော့ ခွဲဖို့၊ အလှူ ကျောက်ကပ်ရယူပြီးတော့ လုပ်ဆောင်ဖို့အတွက်ကို ဦးတည်လာကြပါတယ်။ အဲဒီတော့ အလှူရှင်များအနေနဲ့ကလည်းပဲ မိမိရဲ့ စိတ်ဆန္ဒ ဖိအား မပေးမှု၊ ရောင်းဝယ်မှု မပြုမှု ဒီလိုပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့ လုပ်ဆောင်လာရပါတယ်။ အဲဒီတော့ သို့သော်လည်းပဲ ကျောက်ကပ်အလှူရှင်တွေကို အလွဲသုံးစား လုပ်လာတဲ့အတွက်ကြောင့် ၁၉၉၁ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျောက်ကပ်အစားထိုးမှု အထူးသဖြင့် သက်ရှိထင်ရှား လှူတဲ့ ကျောက်ကပ်အလှူရှင်များနဲ့ ပတ်သက်ပြီးတော့ Guide Line ခေါ်တဲ့ လမ်းညွှန်မှုကို ချမှတ်ခဲ့ပါတယ်။ ဒီလမ်းညွှန်မှု အခြေခံတွေကတော့ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းပြီးနောက် မိမိ၏ကျန်းမာရေးနဲ့ ပတ်သက်သော အခြင်းအရာ အားလုံးကို နားလည်သဘောပေါက်ပြီး ဖိအား ပေးမှုမပါသော မိမိစိတ်သဘောထား အရင်းအတိုင်း လှူဒါန်းခြင်း အင်္ဂလိပ်လို ပြောခွင့်ပြုပါ။

Informed Voluntary Consent Without Co-ercion ခေါ်တဲ့ ဒါ ပထမအချက် ဖြစ်ပါတယ်။ (ခ) အချက်ကတော့ ရောင်းဝယ်မှု မဖြစ်စေရ (Non-Commercialization), (ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း အလှူရှင်များကို ရွေးချယ်ရာတွင် သက်ရှိအလှူရှင်များထက် အသက် ဆုံးရှုံးပြီးသော အလှူရှင်များထံမှ ရရှိသောကျောက်ကပ်ကို အလေးထားဆောင်ရွက်ရန်၊ (Preference of deceased donor and brain death donors over Living Donor) ဆိုပြီးတော တတိယအချက်နဲ့ ပြဌာန်းလာပါတယ်။ (ဃ) အနေနဲ့ကတော့ မျိုးရိုးဗီဇ ဆက်နွယ်မှု မရှိသော အလှူရှင်ထက် မျိုးရိုးဗီဇ ဆက်နွယ်မှုရှိသော အလှူရှင်များကို အလေးထားရန်ဆိုတော့ ကျွန်တော်တို့ မိသားစု ခုနက ဆွေးမျိုးတော်စပ်တဲ့သူ ဒီလိုလူကို အလေးထားပြီးတော့ Unrelated Donor တွေကိုတော့ အလေးထားမှုတွေ လျှော့ရန်ပေါ့။ အင်္ဂလိပ်လို တင်ပြရမယ်ဆိုရင်တော့ Preference of Genetically Related Over Genetically Unrelated Donor လို့ ဖြစ်ပါ တယ်။ အဲဒီတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)၊ (၄၀)အတွင်းမှာ ကျောက်ကပ်အစားထိုးလုပ်ဆောင်မှု များဟာ လှူဒါန်းရတဲ့ အကြောင်းများကို လေ့လာရင် အောက်ပါအတိုင်း တွေ့ရမှာ ဖြစ်ပါတယ် -

(က) မိသားစုအတွင်း ချစ်များလိုသူတစ်ဦး၏ ဒုက္ခရောက်မှု အသက်ဆုံးရှုံးမှုကို ကယ်တင်၍ မိသားစုတွင်း လှူဒါန်းခြင်း၊ (ခ) မိမိချစ်ခင်မြတ်နိုးသော၊ လေးစားသော၊ အလွန်ခင်မင်ရင်းနှီးသော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အသက်ကို ကယ်တင်လို၍ သွေးမတော်စပ်သော်လည်း မိမိစိတ်သဘောဆန္ဒအရ လှူဒါန်းလိုခြင်း၊ (ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း လက်ခံမည့်သူ မည်သူမည်ဝါအား မသိရှိဘဲ အသက်တစ်ချောင်း ကယ်ဆယ်၍ သက်ရှိပုဂ္ဂိုလ်က လှူဒါန်းခြင်း၊ (ဃ) ဖိအားပေးမှုကြောင့် လှူဒါန်းရခြင်း၊ (င) တရားမဝင် ငွေကြေး သို့မဟုတ် အခြားနည်းဖြင့် အလျော်အစား ပြုလုပ်၍ လှူဒါန်းရခြင်းတို့ အကြမ်းဖျဉ်း အားဖြင့် တွေ့ရှိရပါတယ်။

အဲဒီလို တွေ့ရှိတဲ့နေရာမှာ ကမ္ဘာ့နိုင်ငံအသီးသီးကတော့ ဥပဒေတွေ ပြဋ္ဌာန်းပြီးတော့ ဒါတွေကို ကာကွယ်ဖို့လုပ်ပေးတဲ့ နိုင်ငံအများမှာ ကိုယ်အင်္ဂါ အစိတ်အပိုင်း ရောင်းဝယ်မှုတွေဟာ ပေါ်ထွက် လာပါတယ်။ လူနာရှင်လူနဲ့ တိုက်ရိုက်ရောင်းဝယ်တဲ့ကိစ္စတွေ ရှိသလို ကြားပွဲစားဖြင့် ရောင်းဝယ်မှု၊ ပြုလုပ်မှု ထို့ထက်လွန်ကဲစွာပဲ ပြည်တွင်းသာမက အခြားနိုင်ငံများသို့ ကိုယ်အင်္ဂါ အစိတ်အပိုင်း များရောင်းချမှု (Organ Trafficking) ဆိုတဲ့ဟာကို ဝိသမစီးပွားရေးသမားများက လုပ်ဆောင်လာပါတယ်။ ထိုအထဲမှာလည်းပဲ ကျန်းမာရေးဝန်ထမ်း တွေဖြစ်တဲ့ ဆရာဝန်များပါ ပါဝင်လာတာကိုလည်း တွေ့ရှိရပါတယ်။

အဲဒီတော့ ဒါတွေကို အရေးယူမှုတွေကိုလည်းပဲ ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကို International Organ Transplant Watch ဆိုတဲ့ အဖွဲ့အစည်းကနေ ကြည့်ပြီးတော့ သတင်းပေးမှုတွေ ဖြစ်ပါတယ်။ အဓိက ဒီလိုလုပ်ဆောင်ခြင်းကို ခံရတဲ့လူတွေကတော့ ဆင်းရဲနွမ်းပါးတဲ့သူများသာ ဖြစ်ပြီးတော့ သူတို့ရတဲ့ငွေဟာ မဖြစ်စလောက်ပဲ ရပါတယ်။ နောက်ပြီးတော့ ကြားပွဲစားတွေကသာ အများဆုံး ရရှိသွားပါတယ်။ ဒါကြောင့် နောက်ပြီးတော့လည်းပဲ အလှူရှင်ရဲ့ကျန်းမာရေးကိုလည်းပဲ လှူပြီးတဲ့ နောက်ပိုင်းမှာ ဆက်လက်ကြည့်ရှုမှုကို မခံယူရပါဘူး။ အလှူရှင်တွေဟာ များသောအားဖြင့် ဆင်းရဲသားတွေ များသောအားဖြင့်ဖြစ်ပြီးတော့ ကျွန်တော်တို့ တချို့နိုင်ငံမှာဆိုရင် အနီးအနားမှာရှိတဲ့ နိုင်ငံတွေမှာဆိုရင် ရွာတွေမှာ လူဦးရေ တော်တော်များများဟာ ဗိုက်မှာ ခွဲစိတ်မှုဒဏ်ရာတွေ ရှိတယ်လို့ ကျွန်တော်တို့ နိုင်ငံကိုတော့ မဖော်ပြလိုဘဲနဲ့ ကျွန်တော် လေ့လာမိပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒီလို Organs တွေကို လုပ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အနီးအနားမှာရှိတဲ့ နိုင်ငံကြီးကြီးမားမား နှစ်ခုမှာ Organ Tourism, Transplant Tourism ခေါ်တဲ့ လုပ်ငန်းတွေ လုပ်ပြီးတော့ ကျွန်တော်တို့ လာရောက်လုပ်တဲ့ဟာတွေလည်းပဲ ရှိခဲ့ပါတယ်။ အဲဒါကြောင့် ၂၀၀၄ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနေဖြင့်လည်းကောင်း ဥရောပနိုင်ငံ (EU Parliament) အနေဖြင့်လည်းကောင်း ဒီလိုသက်ရှိလူပုဂ္ဂိုလ်များထံမှ ကျောက်ကပ် အပါအဝင် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းမှုနှင့် ပတ်သက်ပြီးတော့ Guide Line နဲ့ Directive များကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီလမ်းညွှန်မှုတွင် ပါရှိတဲ့ အဓိကအချက်တွေကတော့ (က) နာတာရှည် ကျောက်ကပ်လူနာများ၏ အသက်ကယ်ဆယ်ရန်အတွက် အသက်ဆုံးရှုံးသွားသော လူများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ရရှိမှုအပြင် သက်ရှိအလှူရှင်များ Living Donor Relative or Unrelative မဟုတ်ဘဲနဲ့ Living Donor များမှ ကျောက်ကပ် အလှူရှင်များ ရရှိရေးကိုဆောင်ရွက်ရန်၊ နောက်တစ်ချက်ကတော့ (ခ) ဆင်းရဲနွမ်းပါးသော အန္တရာယ်ရှိသော (The Poor and Vulnerable Group) တို့ကို ကိုယ်အင်္ဂါအစိတ်အပိုင်း ရောင်းဝယ်မှုနဲ့ Transplant Tourism တို့၏ သားကောင်ဖြစ်မှုကို ကာကွယ်ရန်တို့ကို ပြဋ္ဌာန်း လာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတွင် နာတာရှည် ကျောက်ကပ်ဝေဒနာရှင်များကို သွေးသန့်စင်မှုနှင့် ကုသနည်းကို ၁၉၆၉ ခုနှစ်မှာ ကျွန်တော်ကိုယ်တိုင်ပဲ မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးတွင် အထက် အဖွဲ့အစည်းများရဲ့ တာဝန်ပေးချက်အရ ပထမဆုံး ကျောက်ကပ်ကုဌာနကို စတင်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံမှာ ကျောက်ကပ်ကုဌာန ခွဲစိတ်ကုသမှုသာ ရှိပြီးတော့ ဆေးဝါးနဲ့ ကုသတဲ့ဌာန၊ စက်နဲ့ ကုသတဲ့ဌာန မရှိသေးပါဘူး။ အဲဒီမှာ အရပ်ဘက်လူနာများနဲ့ တပ်မတော်သား လူနာများကိုပါ ကုသပေးခဲ့ပါတယ်။ ၁၉၈၂ ခုနှစ်မှာ ဒီ Transplant ကျောက်ကပ်အစားထိုးကုသမှု စီမံချက်ကို မြန်မာနိုင်ငံမှာ ဘယ်လိုလုပ်ရမလဲဆိုတာကို ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနကို တင်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ ကျွန်တော် တပ်မတော်ထဲမှာပဲ ရှိပါတယ်။ အဲဒီတော့ ဒီဥစ္စာကို အသေးစိတ် ကျွန်တော် တင်ပြခဲ့ပါတယ်။

အဓိကကတော့ အဲဒီအချိန်မှာ ခေတ်စားနေတာကတော့ သေဆုံးသူ လူနာများကိုသာ ဖြစ်ပြီးတော့ သက်ရှိထင်ရှား လူနာများကိုတော့ ရံဖန်ရံခါသာ လုပ်သင့်တဲ့ဟာကို အခြေခံပြီးတော့ ငွေကြေးပါ ကျွန်တော်တို့ Training တွေပါ တင်ပြခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ ကျွန်တော်တို့ မျက်စိကြည်လွှာ လှူဒါန်းခြင်းကိစ္စကိုလည်းပဲ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတော့ ယခုအခါမှာ မြန်မာနိုင်ငံမှာ ကျောက်ကပ်အစားထိုးမှုကို ၁၉၉၃ ခုနှစ်မှ မြန်မာပညာရှင်နဲ့ UK ပညာရှင်များ ပူးပေါင်းပြီး အစားထိုးကုသခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်ကစပြီးတော့ ယနေ့အထိ မြန်မာပညာရှင် များနဲ့သာ ဆောင်ရွက်ခဲ့ပါတယ်။

ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မင်္ဂလာဒုံ တပ်မတော် ဆေးရုံကြီး (၃)နေရာတွင် အစားထိုးကုသမှု ပြုလုပ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်အထိ (၇၃)ဦး ရှိပါ တယ်။ ကျောက်ကပ် အလှူရှင်များ အားလုံးဟာ မိသားစုအတွင်း First Degree Related Donor သာ ဖြစ်ပါတယ်။ အချို့လူနာများအနေဖြင့် မိသားစုအတွင်းမှ အလှူရှင် မရှိခြင်း၊ မရနိုင်ခြင်း အခက်အခဲများကို ကြုံတွေ့နေရတာကို ယခုဆောင်ရွက်နေတဲ့ ပညာရှင်များနဲ့ ကျွန်တော် ဆွေးနွေးခဲ့ပါတယ်။ တကယ်လို့သာ အခုဆောင်ရွက်တဲ့နေရာမှာလည်းပဲ ကျွန်တော်တို့ နိုင်ငံရဲ့ အောင်မြင်မှုဟာ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံမှာရှိတဲ့ အောင်မြင်မှုတွေနီးပါး ရရှိ နေတာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမှတ်ကြီး တင်ပြ သလို ညီအစ်ကိုမောင်နှမဝမ်းကွဲ အလှူရှင်များနဲ့သာ ဆောင်ရွက်ပါက အလှူရှင်များ ပိုမိုရရှိ လာသဖြင့် နာတာရှည်ကျောက်ကပ် နောက်ဆုံးအဆင့် End-Stage Renal Disease ရောက်နေ သူများရဲ့ အသက်ကို ကယ်တင်နိုင်မှာဖြစ်တဲ့အတွက် ဒါကို ကျွန်တော် ထောက်ခံဆွေးနွေးပါတယ်။

၂၀၀၄ ခုနှစ်က ကျွန်တော်တို့နိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းနဲ့ လှူဒါန်းခြင်းဥပဒေမှာ အားနည်းချက် တော်တော်များများ ရှိပါတယ်။ ယခုအချိန်အခါနဲ့လည်း မကိုက်ညီတော့တာကြောင့်လည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီဥပဒေကို ပြန်လည်ပြုပြင် ရေးဆွဲဖို့ လိုအပ်ကြောင်းကိုလည်း ကျွန်တော် ဆွေးနွေးလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး အကြံပြုရရင် ကျန်းမာရေးဝန်ကြီးဌာနအဖြစ် ဥပဒေသစ်မပေါ်မီ လူနာများ၏အသက် ကယ်နိုင်ရေးအတွက် အမိန့်ကြော်ငြာစာဖြင့် အသက်ရှင် ကျောက်ကပ်အလှူများ (Living Donor)နဲ့ ပတ်သက်၍ အောက်ပါအတိုင်းပြဋ္ဌာန်းရန် အကြံပြုလိုပါတယ်။ ဒါကတော့ လတ်တလောချင်း လုပ်ရမယ့်လုပ်ငန်း ဖြစ်ပါတယ် -

(က) မိသားစုအတွင်း လျှုဒါန်းမှုကို ဆက်လက်ဆောင်ရွက်ရန်၊ အခုလုပ်နေတဲ့ ဥစ္စာက ဥပဒေထဲမှာ တိတိကျကျ မဟုတ်ဘဲနဲ့ ဆောင်ရွက်နေတဲ့ ပညာရှင်တွေ မေးတဲ့ဟာက နှုတ်အားဖြင့် ပေးထားတဲ့ ညွှန်ကြားချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အမိန့်ညွှန်ကြားချက်နဲ့ ဒါကို လုပ်ဖို့၊ တစ်ဝမ်းကွဲ အလှူရှင်များနဲ့ ပတ်သက်၍လည်း အမှန်တကယ် တစ်ဝမ်းကွဲအလှူရှင်များ ဖြစ်ကြောင်း သက်သေအထောက်အထားများ ပြသဖို့ လိုပါတယ်။ ငွေကြေး အလျော်အစားနဲ့ အခြားအလျော်အစား ပတ်သက်မှု မရှိရေးကိုလည်း ကျွန်တော်တို့ ဆုံးဖြတ်ဖို့လိုပါတယ်။

ဒါကိုတော့ ဆေးပညာရှင်များအနေနဲ့ တာဝန်မယူဘဲ Pennel, UK မှာလုပ်သလို Pennel သို့မဟုတ် တရားရုံးက ဆုံးဖြတ်ပြီးမှသာ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ (ဂ) ဥပဒေ အတွင်း အဓိကဖော်ပြထားသော သေဆုံးသူများထံမှသာ ကျောက်ကပ်အစားထိုး ကုသမှုကို အခုမှစပြီးတော့ အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ ဒီနေ့အထိ သေဆုံးသူလူနာများနှင့် ပတ်သက်ပြီးတော့ ကျောက်ကပ်အစားထိုးကုသမှုကို လုံးဝမစတင်ရသေးပါဘူး။ သူတို့လည်း စချင်ပါတယ်။ ဒါကြောင့် ဒါကို စတင်ဆောင်ရွက်ဖို့အတွက် ကျွန်တော် တိုက်တွန်းလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ နိုင်ငံရှိ နာတာရှည် ကျောက်ကပ်ဝေဒနာရှင်များရဲ့ အသက်ကယ်တင်နိုင်ရေး၊ စေတနာရှင် ကျောက်ကပ်အလှူရှင်များ ကျွန်တော်တို့ ဒီဥပဒေရေးဆွဲတဲ့အခါမှာ အသက်ရှင်သန်နိုင်ရေး၊ စေတနာရှင်ကျောက်ကပ်အလှူရှင်များ ပိုမိုပေါ်ထွန်းရေး၊ သက်ရှိကျောက်ကပ်အလှူရှင်များ၏ ကျန်းမာရေး၊ ကျောက်ကပ်ရောင်းဝယ်မှုနဲ့ ခေါင်းပုံဖြတ်မှု၊ မှောင်ခိုလုပ်ဆောင်မှုများ ဖြစ်ပေါ် မလာရေး၊ ဆင်းရဲနွမ်းပါးသူများအား အလွဲသုံးစားလုပ်မှု၊ အလွဲသုံးစားလုပ်ခံရမှု သားကောင်များ မဖြစ်ရေးကို ကျွန်တော်တင်ပြခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ လမ်းညွှန်မှု (WHO Guide Line) ဥရောပသမဂ္ဂပါလီမန်၏ လမ်းညွှန်မှု (EU Parliament Guide Line), UK နိုင်ငံတွင် လက်ရှိ ကျင့်သုံးနေသော လုပ်ငန်းစဉ်များကို အခြေခံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းနဲ့ အစားထိုး ကုသမှု ဥပဒေသစ်တစ်ရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပါရန် အကြံပြု တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစိုးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ ဆုတောင်းရင်းနဲ့ပဲ လေးလေးစားစား နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး တင်သွင်းတဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိ ကျောက်ကပ်အစားထိုးခြင်းကို ညီအစ်ကိုမောင်နှမ အချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီး အရင်းသို့ ကျောက်ကပ်ကို အစားထိုးကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသော အဆိုနှင့် ပတ်သက်လို့ ကျွန်တော် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို လေးစားသောအားဖြင့်လည်းကောင်း၊ ကျွန်တော် တင်ပြတဲ့နေရာမှာ အင်္ဂလိပ်အသုံးအနှုန်း ပါရှိ၍သော်လည်းကောင်း၊ တချို့ ကိန်းဂဏန်း ပါရှိ၍ သော်လည်းကောင်း ကျွန်တော့်ကို ဖတ်ကြားတင်ခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာတစ်ဝန်းမှာ ကုမရသော နောက်ဆုံးအဆင့် ပျက်စီးနေသောအင်္ဂါများကို အင်္ဂါအစားထိုးကုသခြင်းဖြင့် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ကုသနေပြီ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ မှတ်တမ်းများအရ နိုင်ငံပေါင်း (၉၁)နိုင်ငံမှာ ကျောက်ကပ်အစားထိုး ကုသမှုများကို ဆောင်ရွက်နေကြောင်းလည်း လေ့လာသိရှိရပါတယ်။ ဒါ့အပြင် ၂၀၀၅ ခုနှစ်မှာ ကျောက်ကပ် အစားထိုးခွဲစိတ်မှုပေါင်း(၆၆၀၀၀)၊ အသည်း အစားထိုး ခွဲစိတ်ကုသမမှုပေါင်း(၂၁၀၀၀)၊ နှလုံးအစားထိုး ခွဲစိတ်ကုသမှုပေါင်း(၆၀၀၀)ခန့် ဆောင်ရွက်ခဲ့တာကိုလည်း မှတ်တမ်းမှတ်ရာများအရ တွေ့ရှိလေ့လာရပါတယ်။ ဒါ့အပြင် အခု

မကြာသေးခင်ကလည်း မျက်နှာအစားထိုး ခွဲစိတ်ကုသခြင်း၊ သားအိမ်အစားထိုး ကုသခြင်းများကိုလည်း ဆောင်ရွက်နေကြောင်းကိုလည်း သတင်း၊ မီဒီယာများမှ တစ်ဆင့် ကြားသိရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်အင်္ဂါအစားထိုးကုသမှုဟာ (၂၀)ရာစု၏ အံ့သြဖွယ်ရာ ဆေးပညာအောင်မြင်မှုများထဲမှ ထင်ထင်ရှားရှား မှတ်တိုင်တစ်ခုအဖြစ် ပါဝင်ခဲ့ပြီး ထောင်ပေါင်းမြောက်များစွာသော လူနာများ၏ အသက်များကို အသက်ဆက်ပေးနိုင်ခဲ့ပါတယ်။ ဤအောင်မြင်မှုများသည် သိပ္ပံပညာရှင်၊ ဆေးပညာရှင်များတို့ရဲ့ တစ်စိုက်မတ်မတ် တီထွင်ကြံဆကြိုးစားမှု၊ ကိုယ်အင်္ဂါလှူသော အလှူရှင်များနဲ့ မိသားစုများ၏ တန်ဖိုး မဖြတ်နိုင်သော မေတ္တာ၊ စေတနာ၊ ဂရုဏာ၊ ကုသိုလ်ဒါနပြုမှု၊ သက်ဆိုင်ရာနိုင်ငံများရှိ တာဝန်ရှိပုဂ္ဂိုလ်များ၏ ကွပ်ကဲလမ်းညွှန်စီမံမှု၊ လူမှုရေး၊ အသိုက်အဝန်းတို့၏ မမှိတ်မသုန် ပါဝင်ဆောင်ရွက်မှုများကို အခြေခံပါတယ်။ ဤအင်္ဂါအစားထိုးကုသမှု ဝန်ဆောင်မှုကြီးဟာ အသက်ဆက် အသက်ကယ်ရာတွင်လည်းကောင်း၊ လူသားတို့၏ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ စည်လုံးမှုများကိုလည်းကောင်း ထင်ဟပ်စေတဲ့ ဆေးပညာအောင်မြင်မှုကြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကပ်အစားထိုး ကုသမှုနှင့် ပတ်သက်၍ ဆရာကြီးပါမောက္ခဦးမြဦး က အကျယ်တဝင့် တင်ပြသွားပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းငယ် ထပ်ပြီးတော့ ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ လူမှာ သိတဲ့အတိုင်းပဲ ကျောက်ကပ်(၂)လုံး ရှိပါတယ်။ ကျောက်ကပ်(၂)လုံးမှာ သူတို့ အရွယ်အစားကတော့ လက်သီးတစ်ဆုပ်လောက် အရွယ်ရှိပြီးတော့ ကျောက်ကပ်တစ်ခုမှာ Nephron ဆိုတဲ့ အခြေခံယူနစ်လေးတွေ တစ်သန်းခန့် ရှိပါတယ်။ အဲဒီ Nephron တွေက ကျောက်ကပ်ရဲ့ အဓိကလုပ်ငန်းဖြစ်တဲ့ ဆီးထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ပေးပြီးတော့ ထုတ်လုပ်သော ဆီးများကို Ureter ခေါ် ဆီးပြွန်မှတစ်ဆင့် ဆီးအိမ်ထဲကို တိုက်ရိုက် စီးဆင်းသွားပါတယ်။

ယေဘုယျအားဖြင့် ကျောက်ကပ်၏ အဓိကတာဝန်များကတော့ ကိုယ်ခန္ဓာရှိ ရေများနှင့် ဓာတ်ဆားများကို သမအောင်ထိန်းညှိပေးတယ်။ ကိုယ်ခန္ဓာအတွင်းမှာထွက်ရှိနေတဲ့ အညစ်အကြေးများ၊ ဘေးထွက်ဓာတ်များကိုလည်း သွေးမှတစ်ဆင့် သန့်စင်ပေးပြီး ဆီးအဖြစ် ကိုယ်ခန္ဓာမှ စွန့်ပစ်ပေးတယ်။ သွေးပေါင်ချိန်ကို ထိန်းညှိပေးခြင်း၊ နောက်ပြီး သွေးနီဥ ထုတ်လွှတ်ပေးရာမှာလည်း

လိုအပ်တဲ့ Erythropoietin Hormone ထုတ်ပေးခြင်းနဲ့ အရိုးကျန်းမာရေးအတွက်လည်း ပါဝင်ဆောင်ရွက်ပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအမျိုးမျိုးနှင့်သော်လည်းကောင်း၊ ကျောက်ကပ်ရောဂါ အမျိုးမျိုးကြောင့်သော်လည်းကောင်း Nephron များ ချို့ယွင်းပျက်စီး ပြီးတော့ အားလုံးပျက်စီးပါက ကျောက်ကပ်တစ်ခုလုံး ကုမရအောင် ပျက်စီးသော အခြေအနေမျိုး ရောက်ရှိသွားပါတယ်။ ဤအခြေအနေကို အင်္ဂလိပ်လိုတော့ End-stage renal disease အတိုကောက်အနေနဲ့ ESRD မြန်မာလိုတော့ နောက်ဆုံးအဆင့်၊ ဒါမှမဟုတ် အဆုံးရောက် ကျောက်ကပ်ရောဂါလို့ ခေါ်မှာ ဖြစ်ပါတယ်။

ဒီ End-Stage Renal Disease (ESRD) ရောဂါခံစားရတဲ့ လူနာများ အသက်ဆက်ရှင်နိုင်ရေးအတွက် ကျောက်ကပ်ကိုယ်စား ခုနက ဆရာကြီး ပါမောက္ခဒေါက်တာမြဦး တင်ပြတဲ့အတိုင်း ကုသနည်းတွေနဲ့ ကျွန်တော်တို့ လုပ်ရပါတယ်။ အဓိကကတော့ Dialysis လုပ်ပါတယ်။ အဲဒီမှာ Peritoneal နဲ့ Heamodialysis ရှိတယ်။ နောက်တစ်နည်းကတော့ ခုနက တင်ပြသွားတဲ့ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုပဲ ဖြစ်ပါတယ်။ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်း Renal Transplant ကိုတော့ အခြားသူတစ်ဦးရဲ့ ကောင်းမွန်တဲ့ ကျောက်ကပ်ကို ဝေဒနာရှင်ကိုယ်ခန္ဓာထဲကို အစားထိုး ခွဲစိတ်ကုသတဲ့နည်းပဲ ဖြစ်ပါတယ်။ ဒီကုသနည်းကို ကိုယ်အင်္ဂါအစိတ်အပိုင်းနဲ့ လှူဒါန်းခြင်းဆိုင်ရာဥပဒေ Body Organ Donation Law အရ အတိအကျ ဆောင်ရွက်ရပါတယ်။

Slide 2, အဲဒီတော့ သမိုင်းလေးကို ပြန်ပြောရမယ်ဆိုရင် ခုနက ဆရာကြီး ဦးမြဦး လည်း တင်ပြပြီးပါပြီ။ ပထမဦးဆုံး Deceased Donor ခေါ်တဲ့ သေဆုံးသူမှ ရရှိတဲ့ ကျောက်ကပ်ကို အသုံးပြုပြီး အစားထိုးတဲ့ ကုသခြင်းကို အမေရိကန်နိုင်ငံမှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ၁၉၅၄ ခုနှစ်မှာတော့ Living Donor ခေါ်တဲ့ သက်ရှိပုဂ္ဂိုလ်များမှ ရယူတဲ့ ကျောက်ကပ်နှင့် ကျောက်ကပ်အစားထိုး ကုသခဲ့ပါတယ်။ အဲဒီမှာ သမိုင်းတွင်ခဲ့တဲ့ ကျောက်ကပ် ခွဲစိတ်ကုသမှုကြောင့် ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်ကြီး Dr. Joseph Murray ကိုလည်း Nobel Prize for Medicine ဆုကို ၁၉၉၉ ခုနှစ်မှာ ဒါ ချီးမြှင့်ခဲ့တာကိုလည်း မှတ်တမ်းမှတ်ရာများအရ

သိရပါတယ်။ အင်္ဂလန်မှာ တော့လည်း ၁၉၆၀ ခုနှစ်ကစပြီးတော့ ဒီကျောက်ကပ် အစားထိုးမှုကိုလည်း စတင်ခဲ့တာကိုလည်း သိရပါတယ်။

ထိုအချိန်က သမိုင်းတွင် အောင်မြင်ခဲ့သော်လည်း တွင်တွင်ကျယ်ကျယ် ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါဘူး။ အကြောင်းကတော့ Rejection Phenomenon လို့ ခေါ်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။ လူသားတိုင်း၏ ကိုယ်ခန္ဓာမှာ Immune system ဆိုတာ ရှိပါတယ်။ ဒီ System ဟာ ကိုယ့်သွေး၊ ကိုယ့်သား၊ ကိုယ့်ပစ္စည်း အင်္ဂလိပ်လိုတော့ Self နဲ့ ကိုယ့်သွေး၊ ကိုယ့်သား၊ ကိုယ့်ပစ္စည်း မဟုတ်သော Non-Self အရာများကို ခွဲခြမ်းသိမြင်စွမ်းရှိပြီး ကိုယ့်ပစ္စည်း မဟုတ်သောအရာများ Non-Self ကို ဖျက်ဆီးပစ်တဲ့ ခုခံစွမ်းအား စနစ်ကြီးပဲ ဖြစ်ပါတယ်။ ကိုယ်ခန္ဓာထဲကို ဝင်လာတဲ့ ဘက်တီးရီးယားများ၊ ပိုးမွှားများ၊ Virus များ၊ သွေးသားမတူသော ပစ္စည်းများ ဝင်လာပါက ကာကွယ်ဖျက်ဆီးပစ်ပါတယ်။

ဒါကြောင့် အစားထိုးလာတဲ့ ကျောက်ကပ်နှင့် အခြားအင်္ဂါများကိုလည်း Non-Self လို့ Immune System ကရှုမြင်ပြီးတော့ ဖျက်စီးပစ်ပါတယ်။ ဒီ Rejection သဘောတရားကြောင့် တွင်တွင်ကျယ်ကျယ် အင်္ဂါအစားထိုးခြင်း ခွဲစိတ်မှုများကို မဆောင်ရွက်နိုင်ခဲ့ပါဘူး။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၀ ခုနှစ်နောက်ပိုင်း Immuno suppressant ခေါ်တဲ့ ခုခံအားကို လျှော့ပါးပေးစေတဲ့ ဒါမှမဟုတ်ရင် ခုခံအားကို ခုနှိမ်စေသော ဆေးများ ပေါ်ပေါက်လာပြီးတော့ ဒီဆေးဝါးများကို တွင်တွင်ကျယ်ကျယ် ထိထိရောက်ရောက် သုံးစွဲကာ ကိုယ်အင်္ဂါအစားထိုး ခွဲစိတ်မှုများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် Immuno suppressant ဆေးများကြောင့် သွေးသားချင်း ဆင်တူသော အရင်းအချာ မဟုတ်သော ပုဂ္ဂိုလ်များ၏ ခန္ဓာကိုယ်များထံမှ ကျောက်ကပ်များနှင့် အခြားကိုယ်အင်္ဂါ အစိတ်အပိုင်းများကိုလည်း ထိထိရောက်ရောက် အသုံးပြုနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကပ်အစားထိုး ကုသရာမှာ ခုနက ဆရာကြီးဦးမြဦး တင်ပြတဲ့အတိုင်းပဲ Guide Line တွေနဲ့ ကမ္ဘာ့အဖွဲ့အစည်းတွေကနေ ချမှတ်တဲ့အတိုင်း ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ အဲဒီတော့ Donor အနေနဲ့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာ ကျွန်တော်တို့ Donor မှာ နှစ်မျိုးနှစ်စား ရှိပါတယ်။ ခုနက ဆရာကြီးလည်း ပြောသွားပြီးပါပြီ။ Living Donor နဲ့ ကျွန်တော်တို့ Deceased Donor လို့ခေါ်ပါတယ်။ အဲဒီ

Living Donor ကတော့ Genetically Relative Donor ရှိတယ်။ Non Genetic Relative Donor ရှိပါတယ်။ တစ်ဖက်ကတော့ ကျွန်တော်တို့ Deceased Donor မှာ Brain death Donor ဒါကိုလည်း Heart beating Donor, ခုနက ဒဏ်ရာရတာ Stress တွေ၊ ဘာတွေ ရတဲ့ပုဂ္ဂိုလ်တွေက ဦးနှောက်မကောင်းတော့ပေမယ့်လို့ မရှင်သန်နိုင်တော့ပေမယ့် ကိုယ်ခန္ဓာက နှလုံးက ခုန်နေသေးတဲ့အတွက် အဲဒီပုဂ္ဂိုလ်ကယူလို့ရှိရင် ဒါ Heart Beating Donor, Brain Death Donor လို့ ခေါ်ပါတယ်။

နောက်တစ်ခုကတော့ Cardiac Death Donor ကတော့ Non Heart Beating Donor လို့ ခေါ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေကို ဒါ Guide Line အတိုင်း၊ သတ်မှတ်ထားတဲ့ ဥပဒေ အတိုင်း၊ နည်းဥပဒေအတိုင်း ဒါကို ဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ ဒါ Transplant လုပ်ပါတယ်။ အဲဒီတော့ Kidney Transplant လုပ်တဲ့နေရာမှာလည်း အဓိကကတော့ လက်ခံယူမယ့်သူနဲ့ ပေးလှူတဲ့လူတွေရဲ့ ဒါ Tissue Matching ဖြစ်ဖို့ လိုပါတယ်။

အဲဒီမှာ အဓိကအချက်ကတော့ (၃)ချက်ပဲ ဖြစ်ပါတယ်။ နံပါတ်(၁)ကတော့ ABO (Blood Group) တူညီရမှာ ဖြစ်ပါတယ်။ ABO (Blood Group) မတူညီရင်တော့ ဒါ Acute Rejection များ ဖြစ်မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ HLA (Human Leucocyte Antigen matching လို့လည်းခေါ်ပါတယ်။ ဒါကလည်း အသေးစိတ် ကျွန်တော် မပြောတော့ပါဘူး။ နောက်တစ်ခုကတော့ အဓိကအရေးကြီးစွာနဲ့ Cross matching ပဲဖြစ်ပါတယ်။ ဒီလက်ခံယူမယ့် လူနာရဲ့သွေးနဲ့ ပေးလှူမယ့်ပုဂ္ဂိုလ်ရဲ့ သွေးသားနဲ့ကို တိုက်ဆိုင်ပြီးတော့ Match လုပ်ရပါတယ်။ အဲဒီမှာ Reaction မရှိမှ Cross matching Negative ဖြစ်မှ ဒါ ကျွန်တော်တို့ ဒါ ကျောက်ကပ်ကို ယူလို့၊ အသုံးပြုလို့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အထက်ပါ စမ်းသပ်ချက် (၃)ခု matching မဖြစ်ဘူးဆိုရင်တော့ Tissue Rejection ဖြစ်ပြီးတော့ ကျောက်ကပ်ပစ္စည်း ဆုံးရှုံးရမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ကျန်းမာရေး စစ်တဲ့အခါမှာလည်း ကိုယ်ခန္ဓာကျန်းမာရေး အားလုံးကို စစ်တဲ့အပြင် စိတ်ကျန်းမာရေးကိုလည်း အဓိကစစ်ရတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ Human ကျောက်ကပ်ရဲ့ အနေအထားကို ဒီစမ်းသပ်ချက်အရသော်လည်းကောင်း၊ လိုအပ်လို့ရှိရင် Biopsy ယူပြီး ကျွန်တော်တို့ ဒါတွေဟာ ရယူရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Living Donor နဲ့ Deceased Donor မှ ကျောက်ကပ်များကို သုံးလိုက်မယ်ဆိုရင် ရရှိတဲ့ရလဒ်တွေဟာ ကွာဟပါတယ်။ Living Donor မှာရတဲ့ ကျောက်ကပ်က ပိုပြီးတော့ အကျိုးရှိပါတယ်။ Next Slide အဲဒီမှာ ကြည့်မယ်ဆိုရင် ဒါ အင်္ဂလိပ်လိုလည်း ရေးထားပါတယ်။ ဗမာလိုလည်း ရေးထားပါတယ်။ ဒါက သိသာအောင်သာ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ အချက်က Living Donor ကျောက်ကပ်ကို သုံးမယ်ဆိုရင်တော့ ရေတိုရေရှည် ကျောက်ကပ်ရှင်သန်မှုနဲ့ လူနာရှင်သန်မှု အနေအထားမှာ ပိုမိုပြီးတော့ ကောင်းမွန်တယ်။ နောက်ပြီးတော့ ခွဲစိတ်ပြီးတာနဲ့ Living Donor ကျောက်ကပ်တွေဟာ ချက်ချင်းအလုပ် စလုပ်နိုင်တဲ့ အနေအထား ရှိတယ်။

Cadaveric Donor က ယူလို့ရှိရင်တော့ တစ်ခါတလေကျ လေး၊ ငါး၊ ခြောက်ရက်မှ Graph က function လာပြီးမှ Haemodialysis ပါ လုပ်ရတဲ့အနေအထား ရှိပါတယ်။ နောက်ပြီးတော့ ကျောက်ကပ်ရယူဖို့ စောင့်ဆိုင်းရတဲ့ အချိန်ကလည်းပဲ တိုတောင်းသွားပြီးတော့ Matching ဖြစ်တဲ့အတွက်ကြောင့်လည်း တော်တော်များများ Rejection ဆေးများကို သုံးတဲ့ အခါကျတော့ immunosuppressive regimens ကို ပြင်းပြင်းထန်ထန် သုံးရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီဆေးတွေက ကြာရှည်သုံးလို့ရှိရင် သူတို့ရဲ့ Side Effect တွေ အများကြီး ရှိပါတယ်။

နောက်ပြီးတော့ နောက်တစ်ချက် ကောင်းကျိုးရှိတာကတော့ အလှူရှင်များ ပီတိ၊ မုဒိတာ ပွားနိုင်ခြင်းပဲ ဖြစ်ပြီးတော့၊ အကျိုးသက်ရောက်မှု နောက်တစ်ခုကတော့ Living Donor ရခြင်းအားဖြင့်လည်း တစ်ကမ္ဘာလုံး ကျောက်ကပ်အစားထိုး ကုသမှုကလည်း ပိုမိုရရှိတဲ့အခါ ဒါကုသမှုနှုန်းများလည်း မြင့်မားလာတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို လှူတဲ့လူ ရှိပေမယ့် စိစစ်တဲ့နေရာမှာ ကျောက်ကပ် ပေးလှူလို့မရတဲ့ အချက်အလက်တွေလည်း ရှိပါတယ်။ ဒါတွေလည်း ဒီ Guide Line တွေလည်း ရှိပြီးသားဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာ အနည်းငယ်သိရန် ကျွန်တော် တင်ပြလိုပါတယ်။ အဲဒီမှာတော့ အသက်(၁၈)နှစ်မပြည့်ရင် ဒါ ပေးလို့မရပါဘူး။ ထိန်းကုလို့မရတဲ့ သွေးတိုးရောဂါ ရှိသူများ ပေးလို့ မရပါဘူး။ ဆီးချိုရောဂါ ကြီးကျယ်တယ်ဆိုရင်လည်း ပေးလို့ မရပါဘူး။ နောက် ကျောက်ကပ် မကောင်းဘူးဆိုရင် ဒီမှာ ဘာနဲ့ သိသာမလဲဆိုတော့ ဆီးထဲမှာ Protein ဓာတ်တွေ

ပါလာတာတို့၊ နောက် Glomerular Filtration Rate လို့ ခေါ်တဲ့ ဆီးထုတ်လုပ်မှု နှုန်းတွေ မမှန်ကန်လို့ ကျသွားတာတို့၊ နောက်ပြီးတော့ ဆီးထဲမှာ သွေးစ၊ သွေးန ပါတာတွေဟာ ဒါ ကျောက်ကပ်ရဲ့ Function တွေ မကောင်းဘူးဆိုတာ ပြတဲ့အခြေအနေ၊ ဒါလေးတွေ ရှိလို့ရှိရင် လည်း ပေးလို့မရပါဘူး။

နောက်တစ်ခုက ပေးမယ့်လူမှာလည်း ဒီသွေးခဲနှုန်းမြင့်မားတဲ့သူဖြစ်လို့ရှိရင်၊ ခဲပြီးလို့ ရှိရင်၊ သွေးကြောထဲမှာ သွေးတွေ ခဲသွားမယ်ဆိုရင် သွေးကြောပိတ်ပြီးတော့ ကျောက်ကပ်လည်း ပျက်စီးသွားနိုင်တဲ့အတွက် ဒီလူတွေလည်း ပေးလို့မရတဲ့အပြင် ရောဂါကြီးကြီး ရှိတဲ့လူတွေ အားလုံးကလည်း ဒါပေးလို့ မရနိုင်ပါဘူး။ နောက်ပြီးတော့ ကျောက်ကပ်မှာ ကျောက်တည်ဖူးတဲ့ ဒီကျောက်ကပ်တွေကိုလည်း ပေးလို့မရတဲ့အပြင် ကူးစက်ရောဂါ ရှိတဲ့ ဒီ HIV တို့၊ ဒီ C ပိုး၊ B ပိုး ဘာညာ ဒါတွေအားလုံးဟာ ရှိတဲ့သူတွေ ပေးလို့မရတဲ့အပြင် အဝလွန်တဲ့ပုဂ္ဂိုလ်တွေ၊ နောက်ပြီး တော့ စိတ်ဝေဒနာရှိတဲ့ပုဂ္ဂိုလ်တွေ၊ နာတာရှည်ရောဂါရှိတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဖြစ်နိုင်လို့ရှိရင် ပေးလို့မသင့်တဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။

နောက်ဆုံး အချို့ကတော့ ပေးလို့ရတယ်၊ မိသားစုကလည်း ပေးချင်တယ်။ ဥပမာ - အမျိုးသားတစ်ယောက်က သူ့ညီမကို ပေးချင်တယ်ဆိုရင် သူ့ရဲ့ ဇနီးရှိရင် ဇနီးက ကန့်ကွက်တယ်။ ကန့်ကွက်တယ်ဆိုရင်လည်း ဒါတွေ ပေးလို့မရတဲ့အနေအထား ရှိတယ်ဆိုတာ၊ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြချင်တာကတော့ ကျောက်ကပ်ကို ပေးလှူချင်တိုင်းလည်း ကန့်သတ်ချက်တွေ ရှိတဲ့အတွက်ကြောင့် ပေးချင်တိုင်းပေးလို့ မရတဲ့အကြောင်းတွေလည်း ရှိတယ်ဆိုတာကို ဒီမှာ အနည်းငယ် တင်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခု တင်ပြချင်တာကတော့ Next Slide, အဲဒီမှာ နိုင်ငံ တကာမှာ အခုဆောင်ရွက်နေတဲ့၊ နှစ်အလိုက်ဆောင်ရွက်နေတဲ့ ကျောက်ကပ်အစားထိုး အတိုင်း အတာလေးတွေကို ကျွန်တော် ဒီမှာ တင်ပြချင်ပါတယ်။ ကနေဒါ၊ ပြင်သစ် ဒါအသေးစိတ် ကျွန်တော် မသွားတော့ပါဘူး။ အဲဒီတော့ ဒီမှာကြည့်ရင် United State မှာ ၂၀၀၈ ခုနှစ်မှာ ကျောက်ကပ်ပေါင်း အစားထိုးမှုက (၁၆၅၁၇)ခု ရှိပါတယ်။ အဲဒီမှာ Living Donor က ငါးထောင်ကျော်၊ ခြောက်ထောင်နီးပါး၊ နောက်ပြီးတော့ Deceased Donor က တစ်သောင်း ကျော်ဆိုတော့ နှစ်ဆ၊ တစ်ဆ လောက် ဒီသူတို့နိုင်ငံမှာ တော်တော်လေး Living Donor တွေ

ပေးနေပြီဆိုတာ ဒါ ထင်ရှားပါတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာတော့ ခုနက ဆရာကြီး ပြောတဲ့ အတိုင်း ကျွန်တော့် မှတ်တမ်းမှတ်ရာကတော့ ၁၉၉၇ ခုနှစ်ကနေပြီးတော့ ၂၀၁၀ ခုနှစ်မှာတော့ (၄၁)ဦး၊ အခု ၂၀၁၂ ခုနှစ် အထိကတော့ (၇၃)ဖြစ်ကြောင်း ဆရာကြီး တင်ပြသွားတာကိုလည်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအချို့မှာ ကျောက်ကပ် လိုအပ်သော လူနာအနေအထားနဲ့ ကျောက်ကပ်ရရှိမှု အခြေအနေကိုလည်း ကြည့်မယ်ဆိုရင် ဒါ နိုင်ငံ(၃)နိုင်ငံရဲ့ အခြေအနေ လေးကို ကျွန်တော် ဒီမှာ တင်ပြခြင်းပဲ ဖြစ်ပါတယ်။ ဒီမှာ UK မှာ ၂၀၁၁ ခုနှစ်မှာ အားလုံးပေါင်း (၂၆၈၇)ခု Transplant လုပ်ပါတယ်။ သို့သော်လည်း ဒီမှာ Waiting List က ခုနှစ်ထောင် ကျော်ကျော်ကို ဒီမှာလိုအပ်နေတဲ့လူနာတွေ ရှိနေကြောင်းလည်း ဒီမှာ စာရင်းအရ သိရပါတယ်။ ယိုးဒယားလည်း ဒီမှာ ၂၀၀၉ ခုနှစ်အထိကို (၃၀၈) ဒါဆောင်ရွက်တာကို တွေ့ရတယ်။ ဒါပေမဲ့ စောင့်ဆိုင်းနေတဲ့လူတွေက လေးထောင်ကျော် ရှိပါတယ်။ ယိုးဒယားကတော့ သူတို့ဒီမှာ ဒါ (၃၀၈)ဆိုတာက သူတို့ လူမျိုးတွေ၊ ယိုးဒယားလူမျိုးတွေချည်းပဲ။ ယိုးဒယားလူမျိုးတွေ သူတို့ တွေရဲ့ အယူအဆကတော့ သူတို့ နောက်ဘဝကူးလို့ရှိရင် ကိုယ်ခန္ဓာမပြည့်စုံရင် ဒါ မကောင်းဘူး ဆိုတဲ့အကြောင်းကြောင့် သူတို့ ပေးလှူတဲ့သူတွေ နည်းပါတယ်။ နိုင်ငံခြားက လာကုတဲ့လူတွေ စာရင်းမပါပါဘူး ဒီမှာ။ နောက်ပြီးတော့ US မှာ ခုနက သိတဲ့အတိုင်းပဲ (၁၆၅၁၇)၊ တကယ်စောင့် နေတဲ့လူက ငါးသောင်းကျော်ရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

Next Slide, ဒီမှာ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အောက်မှာကြည့်ရင် အခုလေ့လာ တွေ့ရှိချက်အရ United State မှာ End-Stage Renal Disease ခေါ်တဲ့ အစွန်းရောက် ကုလို့မရတော့တဲ့ ဒီကျောက်ကပ်ရောဂါတွေဟာ သုံးသိန်းခွဲခန့်လောက်ရှိပါတယ်။ အဲဒီမှာ တစ်နှစ် တစ်နှစ်ကို (၆၇၀၀၀)ခန့် သေဆုံးတယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ နောက်ပြီးတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လူတစ်သန်းမှာ ကျောက်ကပ်ရောဂါ ဒီလိုရောဂါမျိုး End-Stage Renal Disease ရှိတဲ့လူတွေ ဘယ်လောက်ရှိလဲလို့ကြည့်ရင် (၁၀၀)မှ (၃၀၀) လူတစ်သန်းမှာ ရှိတယ် ဆိုတာ ကျွန်တော်တို့ တွေ့ရပါတယ်။

Next Slide အဲဒီအပေါ်မှာ နောက် ပြန်သွားပါခင်ဗျာ။ အပေါ်မှာ ကျွန်တော်တို့ ပြန်ကြည့်လိုက်လို့ရှိရင် ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ Spain တို့၊ France တို့၊ Italy တို့၊ UK တို့၊ နောက်ပြီးတော့ Euro Transplant တို့ အဖွဲ့တွေရှိတယ်။ အဲဒီမှာ ကြည့်တဲ့အခါမှာ လူတစ်သန်းမှာ သူတို့လုပ်ပေးနိုင်တာက Cadaveric ရော၊ Living Donor ရတဲ့ လုပ်ပေးနိုင်တာတွေက (၄၀)ကျော်၊ (၃၀)၊ (၂၀)ကျော် ဒါတွေပဲ လုပ်ပေးနိုင်တော့ အနည်းဆုံး တွက်ချက်မှုအရတော့ လူတစ်သန်းမှာ တစ်ရာလောက် အနည်းဆုံးရှိတာမှာ အခု(၃၀)၊ (၄၀)လောက်ပဲ လုပ်ပေးနိုင်တယ်ဆိုတဲ့ကိစ္စမှာ စောင့်ဆိုင်းနေရတဲ့ ကျောက်ကပ်လိုအပ်ချက်တွေ အများကြီး ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကပ် လိုအပ်သလောက်မရရှိခြင်းသည် တစ်ကမ္ဘာလုံးရဲ့ ပြဿနာကြီးဖြစ်နေကြောင်း ဒါ ထင်ရှား ပါတယ်။

ဥက္ကဌကြီးခင်ဗျား။ နိုင်ငံတစ်ခုမှာ ပြည်တွင်းမှာ လိုအပ်တဲ့ လုံလုံလောက်လောက် ပြည်တွင်းမှာ မရနိုင်တဲ့ ကျောက်ကပ်အခြေအနေရှိတဲ့အတွက်ကြောင့် ဆရာကြီး တင်ပြသလို နိုင်ငံတကာ လူအင်္ဂါကုန်သွယ်မှုစနစ်ကြီး (Organ Trade or Organ Trafficking) ဖြစ်ပေါ်လာပါတယ်။ ဒီလိုပေါ်ပေါက်လာရခြင်းအတွက် ဆင်းရဲသောနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဆင်းရဲမွဲတေတဲ့ လူတန်းစားများရဲ့ ဘဝနဲ့အသက်ကို ခြိမ်းခြောက်နေတဲ့ Transplant Tourism ဆိုတာလည်း ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Organ Trade မှ ပေါ်ပေါက်လာတဲ့ Transplant Tourism ကြောင့် နိုင်ငံများမှာ တော်တော်များများ အထူးသဖြင့် ဆင်းရဲသား လူမွဲအုပ်စုများရဲ့ ဘဝအသက်ကို နစ်နာဆုံးရှုံး ရိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့်ဆိုလျှင် ဒီဟာတွေက မှောင်ခိုကိစ္စဖြစ်တဲ့အတွက်ကြောင့် ကျောက်ကပ်ခွဲစိတ်ထုတ်တဲ့ လူနာများကို ကောင်းကောင်းမွန်မွန် ကုသခြင်းမပေးတာတို့၊ အဆင့်အတန်း မမီတဲ့ ခွဲစိတ်ကုသမှုကြောင့် ရောဂါကူးစက်ခြင်း ခံရတာတို့၊ ရေရှည်မှာ ကျန်းမာရေး ဆုတ်ယုတ်ခြင်းကြောင့် အလုပ်အကိုင်ကောင်းများ မလုပ်နိုင်ခြင်း၊ တချို့နိုင်ငံများမှာ ခြိမ်းခြောက်ခံရခြင်း၊ လိမ်လည်ခံရခြင်း၊ အသတ်ခံရခြင်းတွေ ဖြစ်ပြီးတော့ နိုင်ငံတစ်ခုမှာတော့ ဟိုကြိုးပေးခံရတဲ့၊ သေဒဏ်ကျခံရတဲ့ ဒီအကျဉ်းသားတွေကို ကွပ်မျက်ပြီးတဲ့အခါမှာ သူတို့ရဲ့ အင်္ဂါသုံးနိုင်တယ် ဆိုတဲ့ ယာယီဥပဒေ ထုတ်ထားတဲ့အတွက်ကြောင့် သူတို့နိုင်ငံမှာ ဒုစရိုက်သမားများ သေဒဏ်မထိုက်တဲ့ တချို့တွေကိုလည်း သေဒဏ်

ပေးခံရခြင်း၊ သေဒဏ်ပေးတဲ့အခါမှာလည်း အယူခံခွင့်ကို မပေးခြင်းစတဲ့ လူ့အခွင့်အရေးများ ချိုးဖောက်တဲ့ဖြစ်ရပ်များကိုလည်း ရှိနေကြောင်း ကျွန်တော် လေ့လာတွေ့ရှိ ရပါတယ်။

ဒါကြောင့် ရည်ရွယ်ချက်အင်မတန် မွန်မြတ်ကောင်းမွန်တဲ့ ကျောက်ကပ်အစားထိုးခြင်း ဆေးပညာ ကုထုံးကြီးဟာ ဝိသမလောဘသားများကြောင့် လည်းကောင်း၊ ဆင်းရဲမွဲတေမှု အခြေအနေများကြောင့် လည်းကောင်း၊ အားနည်းချက်ရှိသော ဥပဒေ၊ နည်းဥပဒေများကြောင့် လည်းကောင်း၊ နိုင်ငံတော်တော်များများမှာ မလိုလားအပ်တဲ့ ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်မှာ ကျောက်ကပ်အစားထိုး ကုသနိုင်ရန်အတွက် ကိုယ်အင်္ဂါလှူဒါန်းခြင်းဆိုင်ရာဥပဒေ (Body Organ Donation Law)ကို ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဒီဥပဒေကိုပြဋ္ဌာန်းနိုင်ရန် ဥပဒေကြမ်းရေးဆွဲရာတွင် နိုင်ငံတကာများရဲ့ ကိုယ်အင်္ဂါလှူဒါန်းခြင်းဆိုင်ရာ ဥပဒေများ၊ ထိုနိုင်ငံများ၏ အတွေ့အကြုံများ၊ ၎င်းတို့ ဖြတ်သန်းဖြေရှင်းရသည့် စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကို အပြန်ပြန်အလှန်လှန် လေ့လာသုံးသပ်ခွဲခြမ်းစိတ်ဖြာပြီးမှပဲ ရေးဆွဲခြင်းဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ လက်ရှိ ကျောက်ကပ်အစားထိုး ဥပဒေပြဋ္ဌာန်းချက်မှာ ညီအစ်ကိုမောင်နှမအချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်း သို့ သာလျှင် ကျောက်ကပ်လှူဒါန်းခြင်းကို ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းချက်က အောင်မြင်မှုရာခိုင်နှုန်း မြင့်မားစေရေးနှင့် မလိုလားအပ်သော ကုသရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ပြဿနာများ မပေါ်ပေါက်ရန် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ကျစ်ကျစ်လစ်လစ် ပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။

အရင်းအချာ (First Degree) အချင်းချင်း ကျောက်ကပ်အစားထိုးခြင်းကြောင့် သွေးအုပ်စု ABO Matching, HLA Antigen Matching နှင့် Cross Matching စသည့်တို့ဟာ မြင့်မားတဲ့ Matching ဖြစ်သည့်အတွက်ကြောင့် Transplant Rejection မဖြစ်ပေါ်နိုင်အောင် ဒါဆောင်ရွက်ထားတဲ့ ဦးတည်ချက်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောက်ကပ်အစားထိုးခံ လူနာများ အောင်အောင်မြင်မြင် အသက်ဆက်ရှင်နိုင်ရေး၊ ဘဝအရည်အသွေး ကောင်းမွန်ရေး၊ ဆေးဝါးသုံးစွဲမှု သက်တောင့်သက်သာ ရှိစေရေးနဲ့ လူမှုရေးပြဿနာများ မပေါ်ပေါက်ရေး အရေးပေးဆောင်ရွက်ထားတဲ့ ဦးတည်ချက်ကိုလည်း တွေ့ရပါတယ်။ နောက်ပြီး ဆွေမျိုးမတော်စပ်သူမှ ရယူခြင်း၊ သေဆုံးသူများမှ ကျောက်ကပ်အလှူခံခြင်း ခွင့်မပြုခြင်းများကြောင့် နည်းပညာအရ

လည်းကောင်း၊ ကုန်ကျစရိတ်များအရလည်းကောင်း၊ Infrastructure လိုအပ်ချက်များအရ လည်းကောင်း၊ စီမံခန့်ခွဲမှုများအရလည်းကောင်း နိုင်နိုင်နင်းနင်း လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း ထင်ရှားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြုံတုန်းခုနက ဆရာကြီးဦးမြဦး လည်း တင်ပြပြီးပါပြီ။ မြန်မာပြည် ရဲ့ အတွေ့အကြုံလေးကို အနည်းငယ် တင်ပြခွင့်ပြုပါ။ ဒီတင်ပြချက်တွေကလည်း ဒါအခု လောလောဆယ် ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဌေး ရဲ့ ခွင့်ပြုချက်နဲ့ ကျွန်တော် တင်ပြခြင်းပဲ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ တကယ်တော့ မြန်မာနဲ့ UK အဖွဲ့က ၁၉၉၃ ခုနှစ်မှာ ပထမဆုံး ကျောက်ကပ် Transplant ကို ကြိုးစားခဲ့ပါတယ်။ အဲဒီတုန်းက မအောင်မြင်ခဲ့ပါဘူး။ နောက် ၁၉၉၄ ခုနှစ်မှာ ဒီ မြန်မာဆေးပညာရှင်ချည်းပဲ စပြီးတော့ သူတို့ စမ်းသပ်လုပ်တဲ့အခါမှာ အဲဒီအခါမှာလည်း အခြေအနေအရ အဆင်မပြေခဲ့ပါဘူး။ သို့သော်လည်း မြန်မာနဲ့ UK ပညာရှင်များအဖွဲ့ကနေ ၁၉၉၅ ခုနှစ်မှာ ပထမဦးဆုံးအကြိမ် အောင်အောင်မြင်မြင် ခွဲစိတ်ခဲ့ပါတယ်။ အဲဒီတုန်းက Prof. Gordon Williams (United Kingdom) က လာပြီးတော့ ဒါ ပါဝင်ခဲ့ပါတယ်။ Myanmar Physicians တွေနဲ့ Professor သန်းအေးနဲ့ Professor ဦးပိုင်စိုး တို့ကလည်း Myanmar team ဘက်ကနေ ဦးဆောင်ဦးရွက် ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီကနေ 1997 ကနေစပြီး အခုအချိန်အထိ ဆရာကြီး တင်ပြသလိုပဲ ဒါက ဟို လူနာပေါင်း(၄၁)ဦး ဒါ Myanmar team မှာချည်းပဲ လုပ်တာနဲ့ နောက်(၂၆)ဦးကတော့ ဒါ စင်ကာပူအဖွဲ့နဲ့ ပေါင်းစပ်တယ်၊ UK အဖွဲ့နဲ့ ပေါင်းစပ်ပြီးတော့ ဒါ (၆၇)ဦး၊ နောက် ၂၀၁၂ ခုနှစ်မှာလည်း (၆)ဦးကို ဖယ်ဒရယ်မှု ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ၂၀၁၂ ခုနှစ်မှာ ဆရာကြီး တင်ပြတဲ့ (၇၃)ဦး ခွဲစိတ်ပြီးကြောင်း ဒါ သိရပါတယ်။

Next Slide ဒီဓာတ်ပုံလေးကတော့ ဒီမှာ မှတ်တမ်းပါပဲ။ အဲဒီမှာ တင်ပြနေတဲ့ ပုဂ္ဂိုလ်ကတော့ Professor သန်းအေး ဖြစ်ပါတယ်။ တိုက်ပုံအကျီအဖြူနဲ့ ထိုင်နေတာကတော့ Professor ဦးပိုင်စိုး ဖြစ်ပါတယ်။ ပြီးတော့ ဒီ Result တွေ ကြည့်မယ်ဆိုရင် Next Slide အဲဒီမှာ ကျွန်တော်တို့ ဒီ ၂၀၁၀ အထိကို ခွဲစိတ်ကုသပေးတဲ့ လူတွေက Donor (၄၁)ဦး ဖြစ်ပါတယ်။ အဲဒီမှာ အားလုံးက အခုထက်ထိ အသက်ရှင်ထင်ရှားပြီး ကျန်းကျန်းမာမာ ရှိနေတယ်။ တစ်ဦးကတော့ (၉)နှစ်ကြာမှပဲ ပြဿနာလေးတက်လို့ Haemodialysis ကို (၅)ခါ လုပ်ရပြီး အခုတော့

နေကောင်းနေပါပြီ။ Next Slide နောက်ပြီးတော့ လက်ခံရရှိတဲ့ ကျောက်ကပ်တွေ၊ လူနာတွေ အနေနဲ့ ကြည့်မယ်ဆိုရင်တော့ (၄၁)ဦးမှာ (၃၈)ဦးက ချက်ချင်းပဲခွဲစိတ်ပြီး ကျောက်ကပ်တွေ အလုပ် လုပ်ပါတယ်။ တစ်ဦးကတော့ နည်းနည်းကြန့်ကြာပြီးမှ လုပ်ရတဲ့အတွက်ကြောင့် Haemodialysis (၆)ခါလုပ်ယူရပါတယ်။ နောက်(၂)ဦးကတော့ ခွဲစိတ်ကတည်းက ကျောက်ကပ်တွေက အဆင် မပြေလို့ ကျောက်ကပ်အလုပ်မလုပ်ရလို့ ဒီပုဂ္ဂိုလ်တွေက Haemodialysis နဲ့ နေနေရတဲ့ အနေအထားရှိပါတယ်။ နောက်ကျွန်တော်တို့ ဒီမှာသုံးတဲ့ Immunosuppressive Agent တွေ က Next Slide အဲဒီမှာတော့ ဒါအတိုကောက်ကလေးပါပဲ နော် CSA တို့ AZT တို့ CS ဒါတွေကို သုံးတဲ့ (၃၇)ယောက်မှာ ဒီ Combination ပေးတယ်။ နောက်ပြီးတော့ (၄)ယောက်မှာတော့ ဒီ ဒုတိယ Combination ကို ပေးကြောင်းကိုလည်း အဲဒီမှာ တင်ပြလိုပါတယ်။

နောက်ပြီးတော့ နှိုင်းယှဥ်ကြည့်ဖို့ ကျွန်တော်တို့ ဒီ Myanmar team တွေရဲ့ လုပ်ဆောင်ချက် အောင်မြင်မှုနဲ့ American Team လုပ်ဆောင်ချက်အောင်မြင်နေမှုကို ယှဥ်ပြ မယ်ဆိုရင် ဒီမှာ ပထမနှစ်၊ (၅)နှစ်၊ (၁၀)နှစ် အခြေအနေတွေကို ဒီမှာ တင်ပြအပ်ပါတယ်။ ဒီမှာ တင်လိုက်တဲ့အခါ မြန်မာနဲ့ အမေရိကန် နောက်(၁)နှစ်ကြာတဲ့အချိန်၊ (၅)နှစ်အထိကြာတဲ့အချိန်၊ (၁၀)နှစ်ကျော်ကြာတဲ့အချိန်နော် သိပ်ပြီးတော့ မကွာပါဘူး။ နောက်ပြီးတော့ ဒါက Patient Sruvival မှာလည်း ဒီအတိုင်းပဲ သိပ်ပြီးမကွာပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့အတွေ့အကြုံ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဟာ ဒါ တာဝန်ရှိသူများနှင့် ဆေးပညာရှင်များက သေသေချာချာ သူ့အချိန်၊ သူ့အခါနဲ့ အခြေအနေများအရ လျော်ညီစွာ သုံးသပ်ဖော်ဆောင်ကြတဲ့ ပြဋ္ဌာန်းတဲ့ ဥပဒေဘောင်အတွင်းမှာ စနစ်တကျ၊ တိတိကျကျဆောင်ရွက် အကောင်အထည်ဖော်ခြင်း ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ဒါကိုလည်း ကျွန်တော် ဂုဏ်ယူချီးကျူးပါတယ်။

သို့သော်လည်း လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခု နိုင်ငံတော် မှာ ဒီ End Stage Renal Disease - ESRD လူနာများ တိုးပွားလာခြင်းကြောင့်တစ်ကြောင်း၊ နည်းပညာ ကျွမ်းကျင်မှုနဲ့ ဝန်ဆောင်မှု၊ စီမံခန့်ခွဲရေး ပိုမိုပီပြင် ထိရောက်လာခြင်းကတစ်ကြောင်း၊ အထောက်အကူပြုပစ္စည်းများ (Facility) ပိုမိုပိုင်ဆိုင် ရရှိလာခြင်းကြောင့်တစ်ကြောင်း၊ ပညာရှင် များ အရေအတွက် တိုးပွားလာခြင်း ကြောင့်တစ်ကြောင်း၊ မြန်မာပြည်မှာ ကျောက်ကပ်အစားထိုး ခြင်းကုသမှု ပိုမိုတိုးတက်အောင်မြင်နေပြီ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ဒီတရားဝင် အစိုးရ

ဌာနကနေ ခုန ဆရာကြီး တင်ပြသလို ရန်ကုန်၊ မန္တလေးမှာ ကျွန်တော်တို့ မင်္ဂလာဒုံ၊ ဒီနေရာမှာ ကျွန်တော်တို့ ခွဲစိတ်တဲ့အပြင် အခုဒီစာရင်းထဲမှာ မပါတဲ့ ခွဲစိတ်ကုသမှုတွေရှိကြောင်းလည်း ကျွန်တော်သိရှိရပါတယ်။ ဒါအောင်မြင်တယ်လို့လည်း ကျွန်တော်မြင်ရပါတယ်။ အဲဒီတော့ ဘာပဲ တွေ့နေရလဲဆိုတော့ ဒီ အခြေအနေတွေအားလုံး ကြည့်တဲ့အခါမှာ Donor တွေ ကျောက်ကပ် Donor တွေ လိုအပ်နေတယ်ဆိုတာ ကျွန်တော်တို့ အများကြီး ထင်ဟပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ခု ပြဋ္ဌာန်းတဲ့နေရာမှာ ကောင်းမွန်တဲ့ ရည်ရွယ်ချက် ရှိပေမယ့် အားနည်းချက်တွေလည်း ဒွန်တွဲပြီး ပါလာတတ်ပါတယ်။ အခုကျွန်တော်တို့ ကျင့်သုံးနေတဲ့ First Degree အရင်းအချာ ကျောက်ကပ်ကိုသာ ယူရမယ်ဆိုတဲ့ ရည်ရွယ်ချက်က အင်မတန် ကောင်းမွန်သော်လည်း အရင်းအချာ မောင်နှမများ မရှိတော့ခြင်း အခြေအနေ၊ သက်ကြီးရွယ်အို မစွမ်းမသန် မိဘများသာရှိပြီး သို့မဟုတ် မိဘများ ကွယ်လွန်သွားခြင်း အခြေအနေ၊ သားသမီးများ မရှိခြင်း သို့မဟုတ် အရွယ်ရောက်သော သားသမီးများ မရှိခြင်း၊ အရင်းအချာဆွေမျိုးများ ရှိသော်လည်း ကျွန်တော် ခုနက အရင်ကတင်ပြတဲ့ ကျောက်ကပ်ပေးလို့ မရနိုင်တဲ့ အနေအထား၊ ၎င်းတို့သည် ကျောက်ကပ် လှူဒါန်းရန် သင့်တော်သော အနေအထား လုံးဝမရှိခြင်း စတဲ့ အခြေအနေများကြောင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ရန် လိုအပ်တဲ့ လူနာများဟာ ကြီးမားတဲ့ အခက်အခဲနဲ့ လူ့အခြေခံ အခွင့်အရေး များလည်း ဆုံးရှုံးနေပါတယ် ခင်ဗျား။

အဲဒီတော့ အထက်ပါ အခက်အခဲများ တွေ့ကြုံနေရတဲ့ အချို့ကတော့ ငွေကြေးတတ် နိုင်ရင် အခြားနိုင်ငံများ သွားရောက်ပြီး ခွဲစိတ်ကုသမှု ခံယူရပါတယ်။ ကုန်ကျစရိတ်လည်း ဆရာကြီး တင်ပြပြီး ဖြစ်ပါတယ်။ အဲဒီတော့ ငွေကြေးမတတ်နိုင်တဲ့ သူများအနေနဲ့ နိုင်ငံခြား သွားရောက် ကုသဖို့ မဖြစ်နိုင်ဘဲနဲ့ Haemodialysis ဆိုတဲ့ နည်းနဲ့ပဲ အသက်ကို ဆက်ပြီးတော့ ရှင်သန်အောင် နေရပါတယ်။ ဒီ Haemodialysis လုပ်တဲ့ ကုန်ကျမှုက တစ်လကို (၄)သိန်းမှ (၆)သိန်းအထိ ကုန်ကျပြီးတော့ တစ်နှစ်ကိုလည်း ဒါ သိန်း(၆၀)ကျော်၊ (၇၀)၊ (၈၀)လောက်အထိ ကုန်ကျနိုင်ပါတယ်။ ဒါကြောင့် ဒီ မတတ်နိုင်သူများတွေက ကြီးမားတဲ့ အခက်အခဲတွေ တွေ့ကြုံ နေရပါတယ်။ ဤကဲ့သို့ ပြဿနာများကို အခြားနိုင်ငံများက ကျော်လွှားနိုင်အောင်ဆိုပြီး သူတို့က ဆွေမျိုးတော်စပ်သူများအပြင် ရင်းနှီးကျွမ်းဝင်သူများ သေဆုံးသူများထံမှ ကိုယ်အင်္ဂါများ ရယူ၍ ဥပဒေများပြဋ္ဌာန်းပြီး ကျင့်သုံးလျက်ရှိကြောင်းလည်း ဒါ ဆရာကြီး တင်ပြပြီး ဖြစ်ပါတယ်။

ဒီလိုသူတို့ တိုးမြှင့်ကျင့်သုံးပြီး နေတဲ့ကြားထဲက လိုအပ်ချက်ကလည်း ပြည့်မီအောင် မရရှိသေးပါဘူး ဆိုတာလည်း ဒါအထောက်အထားတွေ အများကြီး ခုနက ကျွန်တော်တင်ပြသလို တွေ့ရပါတယ်။ မြန်မာပြည်မှာ အလားတူ ဒီလိုတိုးချဲ့ဆောင်ရွက်မယ် ဆိုပါကလည်း အဘက်ဘက်မှ လိုအပ်ချက်များ၊ ကန့်သတ်ချက်များ ပြည့်စုံပြည့်မီအောင် စီမံဆောင်ရွက် ပြီးမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ ဒီလိုအခြေအနေသို့ မရောက်ရှိနိုင်သေးခင် စပ်ကြားမှာ ခုနဆရာကြီးတို့တင်ပြသွားတဲ့ အကြံကောင်းနဲ့ ဉာဏ်ကောင်းတွေ ဖြစ်သလို ကျွန်တော်အနေနဲ့ ခြုံငုံပြီးတော့ မြန်မာပြည်မှာ အခြေအနေမှာ လတ်တလော လူမှုရေးရှုထောင့်မှ အခြေခံပြီးတော့ ဖြေရှင်းနိုင်မယ့် နည်းလမ်းတစ်ခု ဖော်ဆောင်သင့်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ခုပြဋ္ဌာန်းရာမှာ နိုင်ငံသားနှင့် နိုင်ငံတော်အတွက် အကျိုးပြုမည့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို ကာကွယ်စောင့်ရှောက်မယ့် လက်တွေ့ဆန်တဲ့ လူ့အခွင့်အရေးကိုလည်း မထိခိုက်စေတဲ့ ဥပဒေများ ဖြစ်သင့်ပါတယ်။ သဘောတရားနဲ့ အနှစ်သာရများ ပြည့်စုံကောင်းမွန်သော်လည်း လက်တွေ့ဘဝမှာ ကျင့်သုံးဖော်ဆောင်ရန် ခက်ခဲခြင်း၊ အခြေခံလူ့အခွင့်အရေးကို ဖော်ဆောင်ရာတွင် အားနည်းခြင်းစတဲ့ သဘောတရား ရှိလို့ရှိရင်တော့ ဒီဥပဒေများကို အခြေအနေနှင့် အချိန်အခါအရ လိုအပ်ချက်ရှိလာပါက လိုအပ်သလို ပြောင်းလဲသင့်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါသောကြောင့် အဆိုရှင် အဆိုပြုသော အရင်းအခြာများအပြင် တစ်ဝမ်းကွဲကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့် ဥပဒေကို ပြဋ္ဌာန်းနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီမှာ Degree Related မှာ Living Donor မှာ First Degree အရင်းအခြာများအပြင် Second Degree တစ်ဝမ်းကွဲကို ထည့်ပြီးတော့ စဉ်းစားပြီးတော့ ခွင့်ပြုမယ်ဆိုလို့ရှိရင် (၁) ကျောက်ကပ်များ ပိုမိုရရှိလာခြင်းကြောင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသရေးတွင် လိုအပ်ချက်နှင့် ရရှိမှုကွာခြားချက်ကို လျော့ချပေးနိုင်မည် ဖြစ်ပါတယ်။ နောက်တစ်ချက်က လက်တွေ့ကျင့်သုံးရာမှာလည်း ဆေးပညာဆိုင်ရာနှင့် ကုသရေးဆိုင်ရာ အခက်အခဲများ၊ အဟန့်အတားများ ပိုမိုကြီးကြီးမားမား မရှိနိုင်ခြင်း၊ ဆေးပညာဖွံ့ဖြိုး တိုးတက်ရေး အတွက်လည်း ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ခြင်း၊ မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်လာရန် အလားအလာနည်းခြင်းနှင့် အရေးကြီးဆုံးကတော့ မျှော်လင့်ချက် ကင်းမဲ့နေတဲ့ ကျောက်ကပ်

ဝေဒနာရှင်များရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အသက်များကို ဆက်လက်ရှင်သန်နိုင်ခွင့်ကို ပိုမိုပေးစွမ်းနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုလက်ရှိ ပြဋ္ဌာန်းကျင့်သုံးနေတဲ့ ကျောက်ကပ်အစားထိုး ဥပဒေအား အနည်းငယ် ဖြေလျော့၊ ပြင်ဆင်၊ ပြောင်းလဲ ပြဋ္ဌာန်းသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ယုံကြည်ခံယူပါတယ်။

ဒါကြောင့်မို့ နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး တင်သွင်းတဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ် အစားထိုးခြင်းကို ညီအစ်ကိုမောင်နှမအချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းတို့ကိုကျောက်ကပ်ကို အစားထိုးခွဲစိတ်ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၁၇။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၈ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီးအမှတ်(၉) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ရဲ့ အဆိုကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဒီအဆိုကို ကိုယ်စားလှယ်ကြီးသုံးဦး အနေနဲ့လည်း အင်မတန်မှ စိတ်ဝင်စားစရာ ကောင်းလောက်အောင် လူမှုရေးရှုထောင့်၊ နည်းပညာရပ်ဆိုင်ရာရှုထောင့်၊ ဥပဒေရေးရာရှုထောင့်ကနေ ဆွေးနွေးသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ အကျယ်တဝင့် ဆွေးနွေးစရာ မလိုတော့လောက်အောင်လည်း ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ဆရာကြီးနှစ်ဦး ဆွေးနွေးသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ ငယ်စဉ်ဘဝက စာသင်ခန်းထဲ ပြန်ရောက်နေသလိုတောင် ခံစားမိပါတယ်။ အင်မတန်မှ ပြည့်စုံပြီးတော့ တော်ရုံတန်ရုံ ဆရာဝန်တောင်မှ မသိနိုင်တဲ့ အချက်အလက်တွေ အများကြီးပါပါတယ်။ အဲဒီတော့ တင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ ရှိတဲ့ ဥပဒေက ကျောက်ကပ်နဲ့ ပတ်သက်တဲ့ တစ်ခုထဲကို ထုတ်ထားတဲ့ ဥပဒေ မဟုတ်ပါဘူးခင်ဗျ။ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေလို့ ပါပြီးတော့ အဲဒီမှာလည်း ဆရာကြီးတွေ တင်ပြသွားတဲ့အတိုင်းပဲ လွယ်လွယ်ကူကူပြောရရင်တော့ လူသေကနေထုတ်တဲ့ ကျောက်ကပ်ကို အစားထိုးတာ၊ လူရှင်ကနေထုတ်တာ နှစ်မျိုးရှိပါတယ်။

လူသေမှာလည်း ဦးနှောက်ကသေပြီး နှလုံးခုန်နေတဲ့ လူသေကနေ ထုတ်တဲ့ကျောက်ကပ်၊ ဒါမှ မဟုတ် ဦးနှောက်ကော၊ နှလုံးကော မလှုပ်တော့ဘဲနဲ့ သေတဲ့လူက လှူတဲ့ ကျောက်ကပ်ရယ်လို့ နှစ်မျိုးရှိပါတယ်။ ဒီ ကျွန်တော်တို့ Living Donor လို့ခေါ်တဲ့ လူအရှင်ကနေ ထုတ်တာမှာလည်း Related နဲ့ UnRelated ပေါ့။ ဆွေမျိုးသားချင်းကနေ လှူတဲ့ ကျောက်ကပ်နဲ့ ဆွေမျိုးမတော် တဲ့သူက လှူတဲ့ကျောက်ကပ် ဒါ တွေအားလုံးဟာ နိုင်ငံတကာမှာ တွင်တွင်ကျယ်ကျယ် အသုံးပြု နေကြပြီ ဖြစ်ပါတယ်။

ကျွန်တော်နိုင်ငံမှာ ဆွေမျိုးသားချင်းကနေလှူတဲ့ ကျောက်ကပ်ကို တစ်ခါ ပြန်ခွဲရလို့ ရှိရင်တော့ First Degree Relative လို့ခေါ်တဲ့ ညီအစ်ကို မောင်နှစ်မအရင်း၊ မိဘအရင်း၊ သားသမီး အရင်းကနေ လှူတဲ့ကျောက်ကပ် ဒါကို သိမှ ဥပဒေကနေ ခွင့်ပြုထားတာရှိပါတယ်။ အဲဒီတော့ အားနည်းချက်၊ အားသာချက်တွေကိုလည်း အကျယ်တဝင့် ဆွေးနွေးသွားပြီး ဖြစ်ပါ တယ်။ အားနည်းချက်၊ အားသာချက်တွေကို အကျယ်တဝင့် ဆွေးနွေးသွားပြီး ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါတွေကိုလည်း အသေးစိတ် ပြန်ပြီးတော့ ဆွေးနွေးဖို့ မလိုတော့လောက် အောင်ကို ပြည့်စုံနေပါတယ်။ အဲဒီတော့ တင်ပြရမယ်ဆိုရင် ကောင်းတဲ့အချက်တွေ အများကြီး ရှိတယ်။ အားနည်းတဲ့ အချက်တွေကလည်း ရှိပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့က ကောင်းတာကို လုပ်ဖို့အတွက် အားနည်းချက်တွေကို ကြောက်ပြီးတော့၊ ကောင်းတဲ့အားသာချက်တွေ ရှိတာကို မလုပ်ပြန်ရင်လည်း ကျွန်တော်တို့ ပြည်သူလူထုမှာ ရသင့်ရထိုက်တဲ့ အခွင့်အလမ်းတွေ ဆုံးရှုံးစရာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ကတော့၊ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ဆရာကြီးဦးမြဦး တင်ပြသွားတဲ့ အတိုင်းပဲ ဒီဥပဒေကြီးတစ်ခုလုံးဟာ ပြန်လည်ပြင်ဆင်ရေးဆွဲသင့်တဲ့ ဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့မှာ နည်းပညာအပိုင်းကဆိုရင်လည်း အရင်ကထက်စာရင် ပိုမိုပြည့်စုံကောင်းမွန် လာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့က တစ်ဝမ်းကွဲသာမက အမျိုးမတော်တဲ့သူတွေကိုပါ လက်ခံနိုင်ဖို့၊ အစားထိုးနိုင်ဖို့ အတွက် နည်းပညာလုံလောက်မှုလည်း ကျွန်တော်တို့မှာ ရှိနေပါပြီ။ တစ်ဖက်ကလည်း သေဆုံးတဲ့ လူနာတွေဆီကနေ တစ်ဆင့်ယူတာတွေကို မလုပ်နိုင်သေးဘဲနဲ့ မကြာခင်မှာလည်း ကျွန်တော်တို့ စပြီး လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။

အခွင့်အလမ်းတွေ ကောင်းနေပြီ၊ အားနည်းချက်တွေကတော့ Organ Traffic လုပ်တဲ့ ကိစ္စ ဒါကိုလည်း ကျွန်တော်တို့က လူမှုရေးအရရော၊ ဥပဒေအရရော တားမြစ်ဖို့ ကျွန်တော်တို့ လိုပါတယ်။ အခုချိန်မှာ ကျွန်တော်တို့က ဘာဖြစ်လို့ အမျိုးအရင်းအချာကိုပဲ လုပ်နေရသလဲ ဆိုတော့ အမျိုးအရင်းအချာကိုပဲ စိစစ်ရတာက နည်းနည်းလေး ပိုလွယ်တဲ့အတွက် ဖြစ်နေတယ်။ အရင်း၊ သားသမီးအရင်း၊ တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲတွေ ဖြစ်လာရင် ဒါတွေက စိစစ်ရတာခက်လို့ ဆိုပြီးတော့ ဒါတွေက တစ်ချိန်က စပေါ်ကာစ အချိန်တုန်းက ဒီလိုတားမြစ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီတော့ Organ Trafficking ကလည်း အနီးနားက နိုင်ငံတွေမှာ ခေတ်စားနေ တော့ ဒါကို ကျွန်တော်တို့က ဥပဒေကြောင်းအရလည်း တရားဥပဒေစိုးမိုးရေး ဘက်ကရော ကျွန်တော်တို့ ဥပဒေနဲ့ တားနိုင်တယ်။ နောက်ပြီးတော့ ခုနလို ဆရာဝန်ချည်းပဲ ဆုံးဖြတ်တာ မဟုတ်ဘဲနဲ့ နိုင်ငံတကာ Guide Line တွေအရ တရားရုံး၊ ဒါမှမဟုတ် Pennel, ဒါမှမဟုတ် Court ကနေပြီးတော့မှ ဒီအမျိုးတော်တယ်၊ မတော်ဘူး၊ ပေးသင့်တယ်၊ မပေးသင့်ဘူး ဆိုတာကို သူတို့ကပါ ပါဝင်ဆုံးဖြတ်ပေးမယ် ဆိုရင်တော့ ကျွန်တော်တို့ ဆရာဝန်များ ကျန်းမာရေးရှုထောင့် အနေနဲ့ နည်းပညာပိုင်းအရ မလုပ်နိုင်စရာ အကြောင်းမရှိပါဘူး။

ဒါကြောင့်မို့လို့ တစ်ဝမ်းကွဲဆွေမျိုးတင်မကဘဲနဲ့ ကျွန်တော်တို့ အစားထိုးကုသခွင့် တင်မကဘဲနဲ့ ဒီ Organ Transplant နဲ့ ပတ်သတ်တဲ့ ဥပဒေတစ်ခုလုံးကို ပြင်ဆင်ရေးဆွဲ သင့်တဲ့အကြောင်းကို ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သဘောတူပါကြောင်း၊ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ အဆိုကိုလည်း ကျွန်တော်တို့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၀။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး တင်သွင်းတဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်း ထားသော ဥပဒေများတွင် သက်ရှိ ကျောက်ကပ်အစားထိုးခြင်းကို ညီအစ်ကို မောင်နှမ အချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုး ခွဲစိတ်ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းနိုင်ရေး

ကို စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြု ရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၇၃)၊ ကန့်ကွက်(၁)၊ ကြားနေမဲ(မရှိ)။

ထောက်ခံမဲ များတဲ့အတွက် ဦးမှတ်ကြီး ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီး နိုင်သော နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူ အားလုံးက နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံးရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှု ဆောင်ရွက်သွား ကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူ အားလုံးကို အလေးအနက် တိုက်တွန်းအပ် ပါကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းထားတဲ့ နိုင်ငံ တော်၏ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူ အားလုံးက နိုင်ငံတော်နှင့်ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက်တစ်ခုတည်းကိုသာ အာရုံ ရှေးရှု ဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူ အားလုံးကို အလေးအနက် တိုက်တွန်းအပ် ပါကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အမည်စာရင်း တင်သွင်းထား ပါတယ်။

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဒေါက်တာဗညားအောင်မိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၄၃။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကြွရောက်လာတဲ့ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ မေတ္တာပို့ရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ မဲဆန္ဒနယ်မြေ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ကျွန်တော်အခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ ၏ အဆိုကို ကျွန်တော် ဆွေးနွေးသွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခင်မောင်ရီ ရဲ့ အဆိုမှာ ကျွန်တော် အပိုဒ်လိုက် ဝေဖန်သွားပါမယ်။ တိုင်းပြည်ရဲ့ကံကြမ္မာကို ဖန်တီးနိုင်သူ၊ ပြောင်းလဲပေးသွားနိုင်သူများက ပြည်တွင်းအင်အားစု ဖြစ်ပါတယ်ဆိုတာ မှန်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ အဓိကက တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ဖြစ်ပါတယ်။ အဲဒါကို တည်ဆောက်တတ်ရန် လိုအပ်ပါတယ်။ တိုင်းရင်းသားလူမျိုး အချင်းချင်းနှင့် နိုင်ငံတော်အစိုးရ၊ အာဏာရပါတီတို့က ယုံကြည်မှုရှိရန်နဲ့ တိုင်းရင်းသားလူမျိုးများ တန်းတူမှုကို လက်ခံ၊ ကျင့်သုံး၊ လုပ်ဆောင်ရန် အရေးကြီးပါတယ်။ ဒီအချက်ကို အောင်အောင် မြင်မြင် အကောင်အထည်ဖော်နိုင်ရင် ဒီ အခုလက်ရှိ ကျွန်တော်တို့ အစိုးရကဖော်နိုင်ရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရရှိပြီးတော့၊ ခိုင်မာပြီးတော့၊ တိုင်းရင်းသားလူမျိုးများရဲ့ ထောက်ခံမှုကို အပြည့်အဝရရှိနိုင် ပါတယ်။

အဲဒီတော့ အဲဒီလို ခိုင်မာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ အခု ဒီမိုကရေစီ စနစ်နဲ့ တက်လာတဲ့ ကျွန်တော်တို့ရဲ့ အစိုးရ၊ လွှတ်တော်ကနေပြီးတော့ ဦးဆောင်မယ်ဆိုရင် ပြည်တွင်း၊ ပြည်ပအန္တရာယ်ကိုလည်း ကာကွယ်နိုင်မယ်၊ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာ ကိုလည်း အာမခံချက်ပေးနိုင်တဲ့ အခြေအနေရှိပါတယ်။ အဲဒီတော့ ဒါကို ကျွန်တော်တို့ အလေးအနက်ထား ဆောင်ရွက်ဖို့ ကျွန်တော်တို့ ဒါအလွန်ပဲ အရေးကြီးနေပါတယ်။ နောက်တစ်ခု အနေနဲ့ ဘာလဲဆိုတော့ ဒီကနေ့ ဖြစ်ပေါ်နေတဲ့ မပြီးဆုံးနိုင်တဲ့ ပဋိပက္ခ၊ ကုလသမဂ္ဂကို ဘာလဲ

ဆိုတော့ လမ်းကြောင်းကနေ သွေဖည်သွားမှာ စိုးရိမ်တဲ့ ကျွန်တော်တို့ အဆို တင်သွင်းတဲ့ အဆိုရှင်က ဘာလဲဆိုတော့ ပြောထားတာရှိတယ် ဒီမှာ၊ ကမ္ဘာ့ကုလသမဂ္ဂကို လူမျိုးရေး၊ ဘာသာရေး (Issue) တစ်ခုလုပ်ပြီး တင်လာမှာနဲ့ မဆုံးနိုင်တဲ့ ပဋိပက္ခအရှိန်မြှင့်လာပြီး ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာနိုင်ပါတယ်။

အဲဒီလမ်းကြောင်းဘက်ကို ဦးတည်သွားရင်တော့ အရေးပေါ်အခြေအနေ ကြေညာထားခဲ့ရာက အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်တွေကို တစ်ဆင့်ပြီး တစ်ဆင့် ကျင့်သုံးသွားရင်တော့ လိုလားတဲ့လမ်းကို မရောက်နိုင်ဘူးဆိုတာ စိုးရိမ်ပူပန်ပြီးတော့ တင်ပြထားတာရှိပါတယ်။ တစ်နေရာမှာလည်း ဖော်ပြထားပါတယ်။ ဒီအပိုဒ်ရဲ့ ဆိုလိုချက်က ဘာလဲဆိုတော့ ကျွန်တော်တို့ နောက်ပြန်လှည့်ခြင်း၊ နောက်ကြောင်းပြန်ခြင်း ကိစ္စကိုဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဒီနေ့ ဒီအချိန်မှာ တပ်မတော်ခေါင်းဆောင်ဟောင်းတို့ ကနေပြီးတော့ ပြည်သူ့ကိုယ်စားလှယ်အဖြစ်နဲ့ ပြည်သူရဲ့ဆန္ဒနဲ့ တက်လာတဲ့ ခေါင်းဆောင်ဟောင်းတွေက ဒီကနေ့ ဒီလမ်းကို ပြုပြင်ပြောင်းလဲရေးလမ်း ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီလမ်းကြောင်းကို ဦးဆောင်ပြီးတော့ ချီတက်နေပါတယ်။

အဲဒီတော့ ဒီလိုအခြေအနေမျိုးမှာဆိုရင် ကျွန်တော်တို့အနေနဲ့ တပ်မတော်ကပဲ ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တက်မတော်အစိုးရကပဲ ဦးဆောင်ပြီးတော့ ရေးဆွဲခဲ့တယ်။ ဒီကနေ့ ပြည်သူတွေ ရွေးချယ်မှုနဲ့ တပ်မတော်ခေါင်းဆောင်တွေက ဒီကနေ့ အရပ်ဝတ်အရပ်သားအနေနဲ့ ပြည်သူ့ကိုယ်စားလှယ်အနေနဲ့ ဦးဆောင်နေတယ်။ ဒါဟာ တကယ်မှာဆိုတော့ တပ်မတော်အနနဲ့လည်း ဂုဏ်ယူစရာကောင်းပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ဝမ်းမြောက်ချီးကျူးပါတယ်။ အဲဒီတော့ ဒီလိုအခြေအနေမှာ နောက်ပြန်လှည့်မယ်ဆိုကတော့ ကျွန်တော့်အနေနဲ့ ဘာကိုမြင်လဲဆိုတော့ ဒီကနေ့ တပ်မတော်သားခေါင်းဆောင်၊ တပ်မတော်သားခေါင်းဆောင်တွေဟာ ကျွန်တော်တို့ ငယ်ငယ်ကတည်းက တပ်မတော် ဆေးတက္ကသိုလ်၊ နောက် ဗိုလ်လောင်းသင်တန်း အဲဒီလိုရွေးချယ်တဲ့နေရာမှာ တကယ့်လူတော်တွေ ရွေးထားပါတယ်။

အဲဒီတော့ သင်တန်းလည်း ကောင်းကောင်းရတယ်။ ပညာကိုလည်း ကောင်းကောင်းဆည်းပူးခဲ့ရတယ်။ အဲဒီတော့ တပ်မတော်ခေါင်းဆောင်ပိုင်းတွေထဲမှာဆိုရင် လူတော်တွေများတဲ့ အုပ်စုပဲ၊ ကျွန်တော်တို့ တိုင်းပြည်မှာဆိုရင် အဲဒီတော့ ဒီကနေ့ တိုင်းပြည်ရဲ့ အခြေအနေတွေဟာ

ကမ္ဘာနဲ့ယှဉ်လိုက်တာပဲဖြစ်ဖြစ်၊ ပတ်ဝန်းကျင်နိုင်ငံနဲ့ ယှဉ်လိုက်တာပဲဖြစ်ဖြစ် ဘယ်အခြေအနေကို ရောက်သွားလည်း၊ နောက်ပြီးတော့ ဒီကနေ့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်၊ ဦးဆောင်မှုနဲ့ တိုင်းပြည်ကို ပြုပြင်ပြောင်းလဲနေတာ အဖက်ဖက်ရဲ့ထောက်ခံမှု၊ ပြင်ပနိုင်ငံတကာရဲ့ ထောက်ခံမှု အပြင်၊ ကျွန်တော်တို့ ပြည်တွင်းရဲ့ ထောက်ခံမှုလည်း အများကြီးရတယ်၊ အများကြီး တိုးတက်တယ်။

အဲဒီတော့ ကျွန်တော်တို့ လမ်းမှန်ရောက်နေပြီ။ ကျွန်တော်မြင်သလို ကျွန်တော်တို့ရဲ့ တပ်မတော်ခေါင်းဆောင်ပိုင်း ဒီကနေ့ လွှတ်တော်မှာပါတဲ့ လွှတ်တော်ကိုယ်စားလှယ်ပါလာတဲ့ တပ်မတော်သားတွေရော၊ အခြားတပ်မတော်သား ခေါင်းဆောင်တွေရော၊ ဒါ မြင်မှာပဲ။ ဒီကနေ့ နောက်ပြန်လှည့် ကျွန်တော်တို့ တိုင်းပြည်ဘယ်လို ဖြစ်သွားမလဲ။ ကျွန်တော်တို့ တိုင်းပြည် မကောင်းဘူး။ နောင်တစ်ချိန် ဒီထက်ကို အောက်ကျနောက်ကျ ဖြစ်သွားရင် ကျွန်တော်တို့တော့ မကြာဘူး။ ကျွန်တော်တို့က သက်တမ်း ကုန်နေပါပြီ။ အဓိကရဲ့ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက် ဘယ်လိုခံစားရမလဲ။ ဒါဟာ မြင်မှာပဲလို့ မြင်တယ်၊ ကျွန်တော် ယုံကြည်တယ်။

အဲဒီတော့ ဒီကနေ့ ခေါင်းဆောင်မှုရဲ့ အခန်းကဏ္ဍနဲ့ ဒီကနေ့ တပ်မတော်ခေါင်းဆောင် များရဲ့ အတွေး၊ အမြင်၊ အသိအမြင်နဲ့ ကျွန်တော် ချိန်ဆကြည့်ရင် ဒါ နောက်ပြန်လှည့်မှာကို ကျွန်တော် မမြင်ဘူး။ မစိုးရိမ်ဘူး။ ဖြစ်လာရင်လည်းပဲ ဘာလဲဆိုတော့ ကျွန်တော်တို့ရဲ့ နောင်လာ နောက်သားတွေတော့ နာမှာပဲ။ ကျွန်တော်တို့တော့ ခံခဲ့ရတာ ဝပြီ။ ဘာမှမဖြစ်တော့ဘူး။ ဒေသတွင်း မတည်ငြိမ်မှုကို ကျွန်တော်တို့ပတ်ဝန်းကျင် ဆိုပါတော့ ဒီကနေ့ ဖြစ်နေတဲ့ ပြဿနာ အနီးနိုင်ငံကနေပြီးတော့ ပြဿနာတင်မယ်။ ကုလသမဂ္ဂကို တင်မယ်။ ဒါကို ကျွန်တော်တို့ ပြဿနာဖြစ်ပြီးတော့ နည်းနည်းတင်းတင်းမာမာ ပြဿနာဖြစ်တာပဲဖြစ်ဖြစ်၊ ကြမ်းကြမ်းတမ်းတမ်း ဖြစ်လာတာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ အခုဆိုရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၀၁ မှာ ဖော်ပြ ထားတာ ရှိပါတယ်။ အဲဒါဘာလဲဆိုတော့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ ဖွဲ့စည်းတဲ့ ဥပဒေပုဒ်မ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁ အခြေခံဥပဒေအရ သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သော်လည်းကောင်း ပေးအပ်ထားသည့် တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတက ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည် -

(က) နိုင်ငံတော်သမ္မတ၊ (ခ) ဒုတိယသမ္မတ၊ (ဂ) ဒုတိယသမ္မတ၊ (ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ (င) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ (စ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ (ဆ) ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် အားလုံးပေါင်း (၎)အထိရှိတယ်။ ကျွန်တော် အကုန်လုံး မဖတ်တော့ဘူး။ ခွင့်လွှတ်ပါ။ အဲဒီတော့ ဒီဥပဒေအရ ဖွဲ့စည်းထားတဲ့အဖွဲ့က ကျွန်တော်တို့က သမ္မတဦးဆောင်ပြီးတော့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်တယ်။ သမ္မတ၊ ဒုတိယသမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌနှစ်ပါး အားလုံးဟာ ပြည်သူတွေ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်၊ အင်မတန် ပြည်သူရဲ့ထောက်ခံမှုကို ရယူနိုင်တဲ့ ခေါင်းဆောင်ပိုင်းဖြစ်ပါတယ်။

အဲဒီတော့ ပြဿနာ ဒေသအတွင်းမှာ ပြဿနာပဲဖြစ်ဖြစ်၊ စစ်ပဲဖြစ်ဖြစ်၊ ဒီလိုပြည်သူတွေ ထောက်ခံတဲ့ ခေါင်းဆောင်၊ ဒီကနေ့ဆိုရင်တော့ အရင်က ကျွန်တော်တို့ ထင်တာထက်ကို ထောက်ခံမှုပိုရနေပါတယ်။ အရင်က ကျွန်တော်တို့ ထင်ထားတာ ဒီလောက် ပြည်သူတွေ ထောက်ခံမယ်လို့ ကျွန်တော်တို့ မထင်ဘူး။ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေကို။ ဒီကနေ့ ပြည်သူရဲ့ထောက်ခံမှု ပိုပြီးတော့ ရရှိတယ် ကျွန်တော်တို့ သိတယ်။ အဲဒီ ခေါင်းဆောင်တွေက ဦးဆောင်မှ ဒီခုနတုန်းက လုံခြုံရေးကောင်စီမှာ ပါဝင်တဲ့ ခေါင်းဆောင်တွေဟာ ကျွန်တော်တို့ ပြည်သူတွေ ယုံကြည်တဲ့ ခေါင်းဆောင်၊ လေးစားယုံကြည်တဲ့ခေါင်းဆောင်၊ အာဏာအပ်နှင်းထားတဲ့ ခေါင်းဆောင်အဖြစ် ဒီပုဂ္ဂိုလ်တွေ၊ ဒီခေါင်းဆောင်တွေ ဦးဆောင်လုပ်သွားရင် ကျွန်တော်တို့ အထိရောက်ဆုံး၊ ပြည်သူရဲ့ထောက်ခံမှုရဖို့ အရေးကြီးပါတယ်။ ခုနတုန်းက တိုင်းရင်းသားပေါင်းစုံ ထောက်ခံမှု ကျွန်တော် ပြောသွားပြီးပြီ။ ပြည်သူတစ်ရပ်လုံးရဲ့ ထောက်ခံမှု ကျွန်တော်တို့ ရရင် တပ်မတော်ဆိုတာ တကယ့် တိုက်ရည်၊ ခိုက်ရည်ပြည့်ဝတဲ့ Standard တပ်မတော်မျိုး ဖြစ်နေရင် ကျွန်တော်တို့ရဲ့ စည်းလုံးညီညွတ်မှုနဲ့ ဘာမှ ကျွန်တော်တို့ ကြောက်စရာမလိုဘူးလို့ ကျွန်တော်မြင်ပါတယ်။

ဒါပေမဲ့ ပြဿနာတက်အောင်တော့ မလုပ်သင့်ဘူးပေါ့။ လိုအပ်တဲ့နေရာမှာဆိုရင် ဥပမာ - နယ်မြေဒေသတစ်ခု အရေးပေါ်အခြေအနေ ကြေညာလိုက်၊ ဒီကောင်စီအနေနဲ့ ထိန်းချုပ်လို့ရပါတယ်။ လိုအပ်ရင် ချဲ့လိုက်၊ မလိုအပ်ရင် ကျဉ်းလိုက်၊ လိုအပ်ရင် တင်းကြပ်လိုက်၊ မလိုအပ်ရင် လျှော့လိုက်၊ ချိန်ဆပြီးတော့ လုပ်လို့ရပါတယ်။ အဲဒီတော့ အဆိုရှင်က စိတ်ပူပြီးတော့ တင်တဲ့ နောက်ကြောင်းပြန်လှည့်ခြင်းဆိုတာ ကျွန်တော့်အနေနဲ့ သိပ်ပြီးတော့ စိတ်မပူဘူးလို့

ကျွန်တော် ယုံကြည်ပါတယ်။ နောက်တစ်ခါ အပစ်အခတ်ရပ်စဲရေးနဲ့ ပတ်သတ်ပြီးတော့ အဆိုရှင် တင်ပြ ထားတာရှိပါတယ်။ မှန်ပါတယ်။ ဒါပေမဲ့ ဒီလောက်ကလေးရပ်ရုံနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကို စိတ်မချရသေးဘူး။ ထာဝရငြိမ်းချမ်းရေး ဖြစ်ဖို့အတွက်၊ ကျွန်တော်တို့ ရဖို့အတွက် ကျွန်တော်တို့ လွှတ်တော်နဲ့ အစိုးရကနေပြီးတော့ ဆက်လက်ကြိုးစားဖို့ လိုအပ်ပါသေးတယ်လို့ ကျွန်တော် မြင်ပါတယ်။

နောက်ပြီးတော့ နောက်တစ်ချက်က ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က အဓိကအရေးကြီးတဲ့ လျှပ်စစ်ကိစ္စကို ဆွေးနွေးတင်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီဟာကို ထောက်ခံပါတယ်။ အဓိက ကျွန်တော်တို့နိုင်ငံ တိုးတက်ဖို့အတွက်၊ ကုန်ထုတ်လုပ်မှု တိုးတက်ဖို့အတွက် နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့အတွက် ကျွန်တော်တို့ မွန်ပြည်နယ်မှာက အစ လာမယ်၊ လုပ်မယ်ဆိုတော့ မီးကြည့်တော့ လျှပ်စစ်မီးအား မရှိတဲ့အခါကျတော့ ကိုယ့်စက်နဲ့ ကိုယ်နှိုးရင် ဘယ်တော့မှ မကိုက်ဘူး။ အဲဒီ ဆီခ၊ ဘာခ၊ စက်ခ နဲ့ အဲဒီဥစ္စာက ဘယ်တော့မှာ မကိုက်ဘူး။ ဈေးအပေါ်ဆုံး၊ ကျွန်တော်တို့ စီးပွားရေးအရ တွက်ခြေအကိုက်ဆုံးကတော့ Hydro Power ပဲ။ အင်္ဂလိပ်စကားလုံးအချို့ သုံးခွင့်ပြုပါခင်ဗျား။ အဲဒီတော့ Hydro Power သုံးဖို့ရာ ကျွန်တော်တို့ နိုင်ငံမှာ ရေ၊ မြစ်၊ ချောင်း အင်မတန် ပေါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အသင့်တော်ဆုံး လည်း ဖြစ်တယ်။ အရေးလည်း ကြီးတယ်။ လုံလုံလောက်လောက် တိုင်းပြည်မှာ အသုံးချဖို့ လုံလုံလောက်လောက်လည်း ရှိနိုင်ပါတယ်။

ဒါပေမဲ့ တစ်ချိန်တုန်းက ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာ (Transparency) မရှိခဲ့လို့ ပြဿနာဖြစ်တယ်။ နောက် အချို့က မှားမှားယွင်းယွင်းလည်းရှိမယ်။ အဲဒီတော့ နောင်ဆို ကျွန်တော်တို့က Transparency လည်း ရှိဖို့၊ ပြည်သူတွေလည်း နားလည်ဖို့၊ နောက်ပြီးတော့ ဒီလို လုပ်လိုက်တဲ့အတွက်ကြောင့် Hydro Power ပဲ လုပ်လုပ်၊ ဘာစီမံကိန်းပဲ လုပ်လုပ်၊ တစ်နိုင်ငံလုံးအတွက် အကျိုးရှိမယ့်အပြင် ဒေသခံအကျိုးပြုဖို့လည်း လိုတယ်။ ဒေသခံ အကျိုး မပြုဘဲနဲ့ ကျွန်တော်တို့က အဲဒီကနေပြီးတော့ Hydro Power လုပ်၊ တစ်နိုင်ငံလုံးကို ပို့တယ်။ အဲဒီဒေသက လူတွေ မီးမရဘူးဆိုရင် ဒီလူတွေက ဘယ်စိတ်ချမ်းသာမလဲ။ အဲဒီတော့ မီးလည်း ရ ရမယ်။ ဒီအပြင် ထွက်လာတဲ့အကျိုးအမြတ် အဲဒီဒေသ ဖွံ့ဖြိုးရေး၊ လူမှုရေး အစစအရာရာ ဒါတွေကို လုပ်ပေးမယ်ဆိုရင် ဒါ ပြည်သူတွေ ကျေနပ်နိုင်ပါတယ်။

ကျွန်တော် အလုပ် လုပ်ဖူးတဲ့ နေရာတွေမှာ အတွေ့အကြုံအရ အဲဒီလို ပတ်ဝန်းကျင် ပြည်သူတွေကို ကောင်းကောင်းမွန်မွန် အကျိုးပြုတယ်၊ ကူညီတယ်၊ လူမှုရေးမှာ ကူညီတယ် ဆိုရင် အဲဒီမှာ လုပ်ငန်းအမှားအယွင်းအချို့ ရှိလာတာတောင်မှ၊ သူတို့မှာ ထိခိုက်နစ်နာမှု ရှိတာတောင်မှ သူတို့ သည်းခံနိုင်တယ်။ နောက်ပြီးတော့ ကျွန်တော်တို့ စီမံကိန်းကြီးကြီးတွေ လုပ်တဲ့အခါမှာ ပြည်သူတွေမှာ နစ်နာချက်ရှိတယ်။ လယ်မြေလား၊ နေရာထိုင်ခင်းလား၊ အမျိုးစုံပေါ့၊ ဆုံးရှုံးမှုတွေ ရှိတယ်။ အဲဒီဆုံးရှုံးမှုကို အစိုးရကပဲဖြစ်ဖြစ်၊ လုပ်တဲ့ကုမ္ပဏီကပဲဖြစ်ဖြစ် Conversation ထပ်ဖြည့်ပေးမယ်။ လျော်ကြေးပေးမယ်။ အပြည့်အဝပေးမယ်။ အဲဒီလို အပြည့်အဝပေးတဲ့နေရာမှာ ဒီမှာ အဆိုရှင်က တင်ပြထားတာရှိတယ်။ အဂတိလိုက်စားတဲ့ ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေ ဒါအင်မတန်အရေးကြီးတယ်။ ကြားဖြတ် တကယ် ပြည်သူလက်ကို မရောက်ဘဲနဲ့ အဲဒီအကူအညီတွေ၊ အဲဒီ conversation တွေ ပြည်သူလက်ကို မရောက်ဘဲနဲ့ ကြားကဖြတ်တဲ့ ဝန်ထမ်းတွေ၊ ရပ်ရွာလူကြီးတွေ ဘာတွေ အဲဒီလိုရှိတယ်။ အဲဒါကျတော့ ဒါဟာ မပြေလည်မှုတွေ ဖြစ်လာတယ်။

အဲဒီတော့ ကျွန်တော်တွေ့တဲ့ အတွေ့အကြုံအရ ပြည်သူတွေကို ကောင်းကောင်းမွန်မွန် ကျောင်း ဆောက်ပေးမယ်။ ဆေးရုံ ဆောက်ပေးမယ်။ စီးပွားရေးလုပ်ငန်းမှာ အကူအညီပေးမယ်။ အဲဒီပတ်ဝန်းကျင်ကလူတွေဟာ အဲဒီလိုလုပ်ပေးရင် တကယ့်ကို ပြန်ပြီးတော့တောင် ကျေးဇူးတင် သေးတယ်။ ပြန်ပြီးတော့ ဆန့်ကျင်ဖို့ မဟုတ်ဘူး။ ပြန်ပြီးတော့တောင် ကျေးဇူးတင်သေးတယ်။ အဲဒါ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံမှာ လုပ်တဲ့ အဲဒီလိုနည်းမျိုး ကျွန်တော်တို့ သေချာလုပ်မယ် ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ Hydro Power နဲ့ အလုံအလောက်ထုတ်လုပ်နိုင်ရင် ကျွန်တော်တို့ နိုင်ငံရဲ့တိုးတက်မှုအတွက် အကောင်းဆုံး ဖြစ်ပါတယ်။ နောက် ဒီဆန္ဒပြမှုကိစ္စနဲ့ ပတ်သက် ပြီးတော့ အနည်းအကျဉ်း ဆွေးနွေးလိုပါတယ်။ အလုပ်သမား ဆန္ဒပြတယ်ဆိုတာ ကျွန်တော့် အနေနဲ့ မြင်တာတော့ အကောင်းမြင်ပါတယ်။ လိုအပ်ရင်တော့ ပြရမယ်။

ဒါ ဒီမိုကရေစီနည်းကျကျ ဆန္ဒပြဖို့ ကျွန်တော်တို့ ဥပဒေအတိုင်း ဆန္ဒပြတဲ့ ဥပဒေ၊ နည်းဥပဒေအတိုင်း ပြပါ။ လုပ်ပါ။ ဒါဟာ အလုပ်သမားတွေရဲ့ အခွင့်အရေး။ အလုပ်သမား ခံခဲ့ ရတာလည်း ကြာပြီ။ နှစ်ပေါင်းမနည်းဘူး။ ကြာပြီ။ အဲဒီတော့ အလုပ်ရှင်က အလုပ်သမားကို အခွင့်အရေး မပေးဘူး။ အလုပ်သမားဥပဒေအတိုင်း မပေးဘူး။ နောက်ပြီးတော့ အလုပ်ရှင်က

ပိုက်ဆံရှိတော့ တာဝန်ရှိပုဂ္ဂိုလ်နဲ့ ပေါင်းပြီးတော့ အလုပ်သမားကို ဖိတယ်။ အဲဒီလိုနဲ့ အလုပ်သမားတွေက ခံနေရတယ်။ ဒီကနေ့ ဒီမိုကရေစီခေတ် ရောက်လာတဲ့အခါကျတော့ အလုပ်သမားတွေ ပြန်ပြီးတော့ ဆန္ဒပြတယ်။ ပြပါစေ။ သူတို့ပြတဲ့အခါ သူတို့ကို ခေါ်မယ်၊ ဆွေးနွေးမယ်၊ ညှိနှိုင်းမယ်ဆိုရင်တော့ ဒါဟာ ဒီမိုကရေစီနည်းကျကျ ကျွန်တော်တို့ ဆောင်ရွက်ဖို့လိုတယ်။ တကယ်တမ်း ကြီးကြီးကျယ်ကျယ် ဆန္ဒပြမှုဖြစ်လာတဲ့အခါကျရင်တော့ တစ်မျိုးပေါ့။ ဒါမျိုးကျရင်တော့ နှိမ်နင်းရမယ့် အခြေအနေရှိတယ်။ မနှိမ်နင်းလို့လည်း မရ။ ဒါ တိုင်းပြည် ကမောက်ကမ ဖြစ်နိုင်တဲ့အခြေအနေရှိတယ်။

ဘယ်နိုင်ငံမှာမဆို၊ အဓိကရုဏ်း အကြီးအကျယ်ဆန္ဒပြပြီးတော့ အဓိကရုဏ်း အကြီးအကျယ် ဖြစ်လာရင် အဲဒီနိုင်ငံက အစိုးရက တာဝန်ယူပြီးတော့ အဓိက ရဲတပ်ဖွဲ့က နေပြီးတော့ နှိမ်နင်းပေးရတယ်။ အဲဒီလို နှိမ်နင်းတဲ့နေရာမှာ နှိမ်နင်းတဲ့ ရဲတပ်ဖွဲ့ သို့မဟုတ် တပ်မတော် အဓိကရုဏ်းနှိမ်နင်းတဲ့ အတွေ့အကြုံလည်း မရှိဘူး။ သင်တန်းလည်း မရှိဘူး။ ပစ္စည်းကိရိယာလည်း မရှိ၊ မလုံမလောက် ဖြစ်တဲ့အတွက်ကြောင့် ဒါတွေ အခက်အခဲ အများကြီး ဖြစ်လာတယ်။ ဘာလဲဆိုတော့ အဓိကရုဏ်း နှိမ်နင်းတဲ့တပ်ဖွဲ့ဟာ Special သင်တန်း ပေးထားရတယ်။ ကာယဗလ က အစ တောင့်တင်းနေရမယ်။ အဲဒီတော့မှ ဒီဆန္ဒပြတဲ့ လူကို တွန်းထုတ်နိုင်မယ်။ အားနဲ့ သုံးပြီး တော့ တွန်းထုတ်နိုင်မယ်။ လိုတဲ့အခါကျရင် တုတ်နဲ့ ဘာနဲ့ နည်းနည်းပါးပါး ရိုက်ရမှာ ပေါ့လေ။ ဒါက တွေ့နေရတဲ့ဟာမျိုးပေါ့။

အဲဒီတော့ ကျွန်တော်တို့ လွန်လွန်ကျူးကျူး မဖြစ်ဖို့၊ လွန်လွန်ကျူးကျူး မဖြစ်ဖို့။ အဲဒီတော့ သင်တန်းကလည်း မရှိ။ ပစ္စည်းကလည်း မရှိ။ အလွယ်ကူဆုံး ဗရုတ်သုတ်ခ မထိန်းနိုင်တဲ့အခါကျတော့ သေနတ်သုံးလာမယ်။ မီးလောင်ဗုံးတို့ သုံးလာမယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ လမ်းစဉ်နဲ့ လွဲချော်တယ်။ နိုင်ငံတော်သမ္မတနဲ့တကွ အစိုးရတစ်ဖွဲ့လုံးလည်း သိကြာကျတယ်။ ကျွန်တော်တို့ လွှတ်တော်က ဘာမှ မပြောနိုင်၊ မဆိုနိုင် ဆိုပြီးတော့လည်း သူများ အပြစ်မြင်လာတယ်။ အဲဒီတော့ ဒီလိုတော့ မဖြစ်သင့်ဘူး။ ပြည်သူ့ရဲတပ်ဖွဲ့က ဒီနေရာမျိုးဆိုရင် တကယ့် Special Training အဓိကရုဏ်းနှိမ်နင်းရေး၊ ဒါဟာ ဒီကနေ့ကနေစပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ စဉ်းစားဖို့သင့်တယ်။ ပြင်ဆင်ထားဖို့ သင့်တယ်။ ဆန္ဒပြတာ ပြပါစေ။ ကိုယ်ထိန်းနိုင်ဖို့ပဲ အရေးကြီးပါတယ်။

နောက်ပြီးတော့ ဒီမိုကရေစီနည်းကျကျ ကျွန်တော်တို့ ဒီ ပြဿနာကို ဖြေရှင်းသွားဖို့လည်း အင်မတန် အရေးကြီးပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီကနေ့ ဒီအဆိုရှင် တင်ထားတဲ့ အပြစ်တွေဖြစ်ခဲ့တဲ့ ဒီအနှစ်(၂၀)၊ အတိတ်ကအပြစ်တွေကို ကျွန်တော့်အနေနဲ့ တင်ပြရတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဗြဟ္မစိုရ်တရား (၄)ပါးမှာ မုဒိတာ၊ ဥပက္ခာ ဆိုတာပါတယ်။ ဒါဟာ ကျွန်တော်တို့ ဗြဟ္မစိုရ်တရားလေးပါးမှာ အဲဒီ(၂)ပါးနဲ့ ခွင့်လွှတ်ဖို့ ကျွန်တော်နိဂုံးချုပ်ပါမယ်။ ကျွန်တော်တို့က လျစ်လျူရှုနိုင်ရမယ်။ ခွင့်လွှတ်နိုင်ရမယ်။ သည်းခံနိုင်ကြရမယ်။ ဒါပေမဲ့ ဒီလိုပြီးခဲ့တဲ့ အမှားမျိုး မမှားလေအောင် အစိုးရနဲ့ လွှတ်တော်၊ ပြည်သူ အားလုံး ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အရေးကြီးပါတယ်။ လိုအပ်နေပါတယ်။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးခင်မောင်ရီ ရဲ့ အဆိုကို တင်ပြဝေဖန် အကြံပြု ထောက်ပြရတဲ့အတွက်ကြောင့်မို့ အထူးကျေးဇူးတင်ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၄။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဦးခင်မောင်ရီ တင်သွင်းတဲ့ ဒီအဆိုကို ကျွန်တော်တို့ ကြားနာရတဲ့နေ့မှာပဲ ပြန်လည်ပြီး ထောက်ခံဆွေးနွေးပေးမယ်ဆိုတဲ့ အသိကလေး ရသွားပါတယ်။

အဲဒီတော့ ဦးခင်မောင်ရီ ညွှန်းဆိုတဲ့ ခေါင်းစဉ်လေးတွေကို ကြည့်တဲ့အခါမှာ ပါဝင်ပတ်သက်သူအားလုံး နိုင်ငံတော်နဲ့ ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက်ကို တစ်ခုတည်းသောဆိုတဲ့ ရွေးရှုပြီးကာမှ သူက တင်ပြသွားတာရှိတယ်။ လမ်းကြောင်းမှန်က သွေဖည်သွားလို့ရှိရင် ဒါတွေ ဒါတွေ လုပ်ရင်တော့ဖြင့် လမ်းကြောင်းမှန်က သွေဖည်သွားနိုင်တယ်ဆိုတာ ထောက်ပြသွားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဆရာဦးခင်မောင်ရီ တင်ပြတဲ့ အချက်အလက်တွေ

ကလည်း ရှည်လျားပါတယ်။ ပြီးခဲ့တဲ့ ဒေါက်တာဦးဗညားအောင်မိုး ကလည်း တော်တော်လေး ရှင်းပြသွားပါပြီ။ အဲဒီတော့ ကျွန်တော်တို့ သွားချင်တဲ့ လမ်းကြောင်းတစ်ခုကို သွားဖို့အတွက် အမိကကတော့ဖြင့် ကျွန်တော်တို့ ပြည်သူလူထုပါ။ အဲဒီတော့ ပြည်သူလူထုက ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကို ပုံဖော်တဲ့အခါမှာ နိုင်ငံတော်ဆိုတာ သက်မဲ့။ ဒီသက်မဲ့ဖြစ်တဲ့ နိုင်ငံတော် သွက်လက် လှုပ်ရှားလာအောင် ကျွန်တော်တို့ရဲ့ ဝင်ပူးရတာက ဖွဲ့စည်းပုံအခြေခံဥပဒေ။ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေကို မူတည်ပြီးကာမှ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံ ဆိုတာလေးတွေက သက်ဝင်လှုပ်ရှားလာတဲ့ အခါမှာ နိုင်ငံတော်ဆိုတာ ပီပြင်လာတယ်။ အဲဒီတော့ ခုနက နိုင်ငံတော်တစ်ခုလုံးမှာ ပါဝင်တဲ့ Stake Holder တွေ၊ ဒီနိုင်ငံတော်က လိုလားတဲ့ လမ်းကြောင်းကို သွားနေတယ်။ ဆိုတော့ ဒီနေရာမှာ သက်ဝင်ယုံကြည်မှု အရေးကြီးလာပါတယ်။ ကျွန်တော်တို့သွားတဲ့လမ်းကြောင်းကို လူထုအားလုံး သို့မဟုတ် Stake Holder အားလုံးက သက်ဝင်ယုံကြည်နေပြီးလားဆိုတဲ့ ယုံကြည်မှုတည်ဆောက်တာ အင်မတန်လိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ သွားတဲ့လမ်းကြောင်း ဘယ်အခြေအနေ ရောက်ပြီလဲ။ ကျွန်တော်တို့ရဲ့ အမိကမဏ္ဍိုင်(၃)ခု ပီပြင်ပြီလား။ ကျွန်တော်တို့ လူထု မျှော်လင့်စောင့်စားနေတဲ့ အခြေအနေကို မဏ္ဍိုင်(၃)ခုက ပုံဖော်နေပြီလား ဆိုတဲ့အခါမှာ ဦးခင်မောင်ရီ က ပြီးခဲ့တဲ ကာလတွေမှာ တရားရေးမဏ္ဍိုင်နဲ့ ပတ်သက်လို့ အုပ်ချုပ်မှုရဲ့ စွက်ဖက်မှုတွေလည်း ထောက်ပြ ခဲ့တာရှိပါတယ်။ အခု ကျွန်တော်တို့ရဲ့ လမ်းကြောင်းတစ်ခုကနေ လမ်းကြောင်းတစ်ခုကို သွားတဲ့ အခါမှာ ဒီအတိုင်အဖောက်ညီရမယ့် မဏ္ဍိုင်(၃)ခုရဲ့ အခြေအနေဟာ ဒီနမူနာ ယူစရာ အချက် (၄)ချက်ကို မူတည်ပြီးကာမှ တိမ်းစောင်းသွားနိုင်တယ်။ မတိမ်းစောင်းသွားဖို့အတွက် သတိ သံဝေဂ ရပြီးကာမှ ကျွန်တော်တို့ ဘယ်လို တည့်မတ်သွားမယ်ဆိုရင် ဒီ ကျွန်တော်တို့ရဲ့ စိတ်အားဖြင့်၊ ယုံကြည်မှုအားဖြင့် ခိုင်ခိုင်မာမာ ရှိရမယ်။ Stake Holder တွေ။ ဒီဥစ္စာပေါ်မှာ ယုံကြည်မှု ရှိတယ်၊ မရှိဘူးကို တကယ်သက်သေပြနိုင်တဲ့ရလဒ် ခုနက စိတ်ကြောင့်ဖြစ်လာတဲ့ ရလဒ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အကောင်အထည်ဖော်နိုင်မှု။ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြောရလို့ရှိရင် Stake Holder အားလုံးရဲ့ လုပ်နိုင်စွမ်းအားကို လက်ဆုပ်လက်ကိုင် ပြလို့ မရဘူး။ ပြနိုင်တာက အကောင်အထည်ဖော်နိုင်တဲ့ ရလဒ်ကိုပဲ ကျွန်တော်တို့က ပြနိုင်ပါတယ်။ ဆိုတော့ ဒီကာလလေးတစ်ခု (၂)နှစ်ကျော်ကျော်လောက် ရောက်လာတဲ့ကာလမှာ ခုနက

နှစ်ပေါင်း(၆၀)ကျော်က ဖြတ်သန်းလာတဲ့ အတွေ့အကြုံနဲ့ KIA ဘက်က ပဋိပက္ခကလည်း ဖြစ်လာတယ်။

ကျွန်တော်တို့ သိသလောက်ဆိုရင် ပြီးခဲ့တဲ့ မတ်လ ၁၁ ရက်နေ့အထိ ဆိုရင်တော့ဖြင့် (၁၂)ကြိမ်လောက်အထိ ဆွေးနွေးပြီးပြီလို့လည်း သိရပါတယ်။ အောင်မြင်ဖို့လည်း မျှော်လင့်ပါတယ်။ ဆိုတော့ အဲဒီကာလလေး ဒုတိယအကြိမ် ပြန်ဖြစ်တဲ့ကာလ မတိုင်ခင်မှာ ရခိုင်ပဋိပက္ခက ဖြစ်ခဲ့တယ်။ ရခိုင်ပဋိပက္ခနဲ့ ပတ်သက်လို့ ဦးခင်မောင်ရီ ညွှန်းတာကိုလည်း ဒေါက်တာဗညားအောင်မိုး တော်တော်လေး အကျယ်တဝင့် ဆွေးနွေးပြီးပါပြီ။ ကျွန်တော်တို့ ပါဝင်ပတ်သက်သူ အားလုံး တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံတော်ရဲ့ ရှေ့ဆက်သွားမယ့်လမ်းကြောင်း ဖြောင့်ဖြူးဖို့အတွက် လိုအပ် တယ်၊ တရားဥပဒေစိုးမိုးဖို့ လိုအပ်တယ် ဆိုတာကို ကျွန်တော် အကြွင်းမဲ့ ထောက်ခံယုံကြည် ပါတယ်။

အဲဒီမှာလည်း သတိထားစရာလေးတွေ ရှိတဲ့အခါကျတော့ ပြည်ပစွက်ဖက်မှု ကင်းအောင် သတိတရားနဲ့ ဆင်ခြင်ရမယ့်အပိုင်းတွေကို ကျွန်တော်တို့ရဲ့ နိုင်ငံသားတွေ အထူးသဖြင့် ရခိုင်ပဋိပက္ခနဲ့ ပတ်သက်တဲ့ကာလမျိုးမှာ ကျွန်တော်တို့ရဲ့ ဒီဥစ္စာဟာ ရခိုင်လူမျိုး တစ်ခုတည်းနဲ့ ပတ်သက်တဲ့ကိစ္စ မဟုတ်ဘူး။ ပြည်ထောင်စုတစ်ခုလုံးနဲ့ ပတ်သက်တဲ့ကဏ္ဍ ဖြစ်တယ်ဆိုတဲ့ အသိတရားလေးနဲ့ ဖေးမပေးမယ်ဆိုရင် ပြီးခဲ့တဲ့ဖြစ်စဉ်အစမှာ ငါတို့က ဒိုင်လူကြီး ဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့ သုံးခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ ဆင်ခြင်သုံးသပ်ပြီးမှ ဒီပြဿနာကြီးကို ဘယ်လို ဖြေရှင်းပြီးကာမှ တည်ငြိမ်တဲ့ အရှေ့တောင်အာရှရဲ့ ဖွံ့ဖြိုးစနိုင်ငံတစ်ခုဖြစ်အောင် ကျွန်တော်တို့ ဘယ်လိုပံ့သွင်းမလဲဆိုတဲ့ အယူအဆလေးတွေပါ။ ကျွန်တော် ထင်ပါတယ်။ ဦးခင်မောင်ရီ ရည်ညွှန်းထားတဲ့ ဦးတည်ချက်ထဲမှာ ပါသွားနိုင်ပါတယ်။

ဒါကြောင့် ပါဝင်ပတ်သက်သူတွေအားလုံး ဆိုတာမျိုးဟာ ဒေသမှာရှိတဲ့ မျိုးနွယ်စု(၂)ခု အပါအဝင် ကျွန်တော်တို့ရဲ့ ဒီကိစ္စကို တည်ငြိမ်အေးချမ်းအောင် ဖော်ဆောင်နိုင်ကြတဲ့၊ ဖော်ဆောင် နေကြတဲ့ ခုနကအုပ်ချုပ်တဲ့ အဖွဲ့အစည်းတွေ၊ ဥပဒေပြုတဲ့ အဖွဲ့အစည်းတွေ၊ တရားရေးမဏ္ဍိုင်တွေ အကုန်လုံးဟာ ပူးပေါင်းပြီးကာမှ အနာဂတ် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကို ပုံဖော်တဲ့ လမ်းကြောင်း ပေါ်မှာ အနှောင့်အယှက်တွေ မဖြစ်ရအောင်၊ ကျွန်တော်တို့မှာ ပြည်ပစွက်ဖက်မှုတွေ မရှိအောင်

ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ အဓိက နေရာကို ဘယ်လိုကာကွယ်မလဲဆိုတဲ့ နည်းဗျူဟာ၊ မဟာဗျူဟာကို ကျွန်တော်တို့ ချမှတ်ဖို့ လိုပါတယ်။

အဲဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ တင်ပြဖူးတာ ရှိပါတယ်။ ဒါ ကျွန်တော်တို့ရဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် Ground Level ကနေရတဲ့ အချက်အလက်တွေကို အခြေခံပြီး တင်ပြတာပါ။ ကျွန်တော်တို့ရဲ့ လူထုတွေ တည်ငြိမ်အေးချမ်းမှ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမယ်။ အဲဒါကြောင့် ကျွန်တော်တို့အကုန်လုံးဟာ ပူးပေါင်းပြီးကာမှ လက်ရှိ အခြေအနေထက် ပျက်ယွင်းသွားနိုင်တဲ့ အခြေအနေမျိုး မဖြစ်အောင် ကျွန်တော်တို့ ကြိုးစားပြီး ကာမှ ကျွန်တော်တို့ ပါဝင်ပူးပေါင်းနိုင်ကြတဲ့ ပုဂ္ဂိုလ်အားလုံးက တည်တည်ငြိမ်ငြိမ်နဲ့ ကျွန်တော် တို့ရဲ့ ပြည်ထောင်စုကြီးကို ဆွဲခေါ်သွားဖို့လိုပြီလို့ ကျွန်တော် ထောက်ခံဆွေးနွေးလိုပါတယ်။

ဒုတိယတစ်ချက် ကျွန်တော်တို့ရဲ့ မြောက်ဖျား ကချင်ပြည်နယ်မှာ ဖြစ်တဲ့ကိစ္စဟာ နှစ်ပေါင်း(၆၀)ကျော်၊ ကျွန်တော်တို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ တိုင်းရင်းသားအားလုံး လက်တွဲ ချိတ်ပြီးကာမှ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကို ကာရမယ့်အစား၊ ပိတ်လှောင်ပြီးကာမှ အချင်းချင်း အိုးမဲ့သုတ် ခွပ်နေရတဲ့ အခြေအနေကနေ ကျွန်တော်တို့ ပြန်လည်သတိရကြဖို့ လိုပြီလို့ ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒီတော့ ဒီပဋိပက္ခရဲ့ အဓိကအကြောင်းအရင်းကို ကျွန်တော်တို့ ပြန်လည် စိစစ်ဖို့ လိုပါတယ်။ နိုင်ငံရေးအားဖြင့် မျှမျှတတလည်းဖြစ်အောင်၊ အခွင့်အရေးတန်းတူရှိအောင်၊ ပြည်ထောင်စုကြီးရဲ့ တကယ့်စစ်မှန်တဲ့ ကျွန်တော်တို့သွားလိုတဲ့ Federal မှုကို ချမှတ် အကောင် အထည်ဖော်နိုင်အောင်၊ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးတဲ့ အခြေအနေကိုရောက်အောင်၊ တကယ် လို့များ ဖက်နှစ်ဖက်ဟာ အကြောင်းကြောင်းကြောင့် ဆွေးနွေးမှု တစ်ဆို့နေခဲ့လို့ရှိရင် အများ လက်ခံနိုင်တဲ့ အဖွဲ့အစည်းတစ်ခုက သမာသမတ်ကျတဲ့ ပုဂ္ဂိုလ်များ၊ ကြားခံအဖွဲ့အစည်းတစ်ခုက စေ့စပ်ဖြန်ဖြေပေးခြင်းအားဖြင့်၊ ညှိနှိုင်းပေးခြင်း အားဖြင့်၊ ကူညီပေးခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းမှုလမ်းကြောင်းကို စတင်ပြီးတော့ တည်တည်ငြိမ်ငြိမ် ရရှိအောင် ဖော်ဆောင်သင့်ပြီလို့ ကျွန်တော်တို့ တင်ပြလိုပါတယ်။ အဲဒါကြောင့် ဒီ(၂)ချက်ကို အလေးအနက်ထားပြီးတော့ ပြည်ထောင်စုကြီးရဲ့ ရှေ့ရေး အတွက် ထောက်ခံတင်ပြ ဆွေးနွေးလိုပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ ခုနက နှစ်နိုင်ငံနဲ့ ပတ်သက်တဲ့ စာချုပ်စာတမ်းကြီးတွေနဲ့ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကို ဆောင်ရွက်တဲ့ ကာလမျိုးမှာလည်းပဲ ကျွန်တော်တို့ရဲ့

နိုင်ငံဟာ တည်ငြိမ်အေးချမ်းပြီးကာမှ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ရမယ်ဆိုရင်၊ ရောက်နိုင်အောင် သွားကြမယ်ဆိုရင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုရဲ့ လိုအပ်ချက်ပေါ်မှာ အလေးအနက်ထားဖို့ လိုပါတယ်။ အဲဒီနေရာမှာ စာချုပ်ရဲ့ ပွင့်လင်းမြင်သာမှု၊ စာချုပ်တည်ရှိရာ၊ ခုန Project ရဲ့ အနေအထားပေါ် မူတည်ပြီးကာမှ အများပြောနေကြတဲ့ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးပတ်ဝန်းကျင်ရဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင်၊ ကျွန်တော်တို့ စဉ်းစားဆင်ခြင်ပြီး ကာမှ နိုင်ငံတော်ရဲ့ ရပိုင်ခွင့်၊ တစ်ဖက်နိုင်ငံရဲ့ ရပိုင်ခွင့်ကို မျှမျှတတဖြစ်အောင်၊ အများမြင်သာတဲ့ စာချုပ်မျိုးဖြစ်အောင် ဖန်တီးပြီးကာမှ လူထုရဲ့ ထောက်ခံမှုကို ရအောင်ချပြပြီး လူထုရဲ့ ပူးပေါင်း ပါဝင်မှုနဲ့ လုပ်နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့ရဲ့ ပြီးခဲ့တဲ့ Project ကြီးတွေ အားလုံးသည်လည်း ကောင်း၊ နောင်လာမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နိုင်တဲ့ လုပ်ငန်းတိုင်းသည် လည်းကောင်း ကျွန်တော်တို့ အောင်မြင်နိုင်ခြေ ရှိပါတယ်။

ဒီဥစ္စာကို သာဓကပြရတာဖြင့် တမြန်နေ့က ထုတ်ပြန်ပေးခဲ့တဲ့ လက်ပံတောင်းတောင် စီမံကိန်းဆိုရင် သိသိသာသာ ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ စစ်ဆေးဖို့ တာဝန်ပေးခဲ့တဲ့ ပုဂ္ဂိုလ်၊ စစ်ဆေးရတဲ့ အဖွဲ့အစည်းနှစ်ခုရဲ့ ကြားကာလ အခြေအနေ၊ လူထုနဲ့ ခေါင်းဆောင် တစ်ဦးရဲ့ ထိတွေ့မှု၊ အဲဒီကြားထဲက နိုင်ငံတော်ရဲ့ ရှေ့သွားနိုင်တဲ့လမ်းကြောင်းကို မထိခိုက်အောင် အဓိကပါဝင်တဲ့ အဖွဲ့အစည်းရဲ့ ပါဝင်မှုအနေအထားပေါ်မှာ သုံးသပ်ပြီးကာမှ၊ အကောင်းဆုံး ဖြစ်နိုင်တဲ့ လမ်းကြောင်းကိုရွေးပြီးကာမှ ချအကျွေးခံခဲ့ရတဲ့ အခြေအနေတွေ၊ ပြန်သုံးသပ်လို့ရှိရင် ပြည်ထောင်စုကြီးကို ချစ်တဲ့သူတွေများ ပါတယ်။ ဖွံ့ဖြိုးတိုးတက်လိုတဲ့သူတွေ များပါတယ်။ ဆိုတော့ ဒီအကျပ်အတည်းကြီးကို ဘယ်လိုဖြေရှင်းရင် ကောင်းမလဲဆိုတဲ့ ဦးတည်ချက်နဲ့ ဖြေရှင်း ကြတဲ့ သာဓကတွေ အများကြီး ရှိပါတယ်။

အဲဒီလိုပဲ ရခိုင်ပဋိပက္ခဟာဆိုရင်လည်းပဲ မကြာခင် ကျွန်တော်တို့ ထုတ်ပြန်ပေးနိုင် မယ့်သဘော ရှိပါတယ်။ ဆိုတော့ ရခိုင်ပဋိပက္ခသည်လည်းကောင်း၊ ခုနက လက်ပံတောင်းတောင် ပဋိပက္ခသည်လည်းကောင်း ကျွန်တော်တို့ရဲ့ ခုနက လာမယ့်ကာလလေးတွေမှာ အုပ်ချုပ်ခံနဲ့ အုပ်ချုပ်သူ၊ ခုနက အလုပ်ရှင်နဲ့ အလုပ်သမားဖြစ်တဲ့ ပဋိပက္ခတိုင်းသည်လည်းကောင်း ကျွန်တော်တို့ဟာ ဒီမိုကရေစီ လမ်းကြောင်းနဲ့အညီ အများမြင်သာအောင် ဖြေရှင်းရတော့မှာ ဖြစ်တာမို့လို့ ကျွန်တော်တို့ဟာ မျှမျှတတတ ဖြေရှင်းပေးဖို့လိုပါတယ်။

အဲဒါကြောင့် လူထုသည်လည်းကောင်း၊ ကျွန်တော်တို့ရဲ့ အုပ်ချုပ်တဲ့ အဖွဲ့အစည်းသည်လည်းကောင်း၊ နှစ်ဖက်ပါဝင်နေတဲ့ ခုနက စီးပွားရေးနဲ့ ပတ်သက်တဲ့ နိုင်ငံတော်များသည်လည်းကောင်း ကျွန်တော်တို့ဟာ တည်ရှိရာအရပ်မှာရှိတဲ့ လူထုရဲ့ သဘောထားအပေါ်မှာ အလေးအနက် ထားဖို့လိုပါတယ်။ လူထုရဲ့ဆန္ဒအပေါ်မှာ အဓိကထားတဲ့ မည်သည့်စီးပွားရေးလုပ်ငန်းမဆို လူထုရဲ့ ပူးပေါင်းပါဝင်ကူညီမှုကို ရရှိမှာဖြစ်တာမို့လို့ ကျွန်တော်တို့ဟာ ပွင့်ပွင့်လင်းလင်း လူထုကို ချပြ၊ လူထုနဲ့ ပူးပေါင်းပါဝင်မှုရအောင် ကျွန်တော်တို့က ကြိုးစားပြီးကာမှ တည်ဆောက်တဲ့ စီမံကိန်းမျိုး ဖြစ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အောင်မြင်နိုင်ခြေရှိပါတယ်။ အဲဒီလိုပဲ ကျွန်တော် တို့ရဲ့ အဆိုရှင် ဦးခင်မောင်ရီ ထောက်ပြတဲ့ ခုနက ဆန္ဒပြတဲ့ အလုပ်သမားပြဿနာတို့ ကျွန်တော် တို့ရဲ့ နေရာအနှံ့အပြားမှာ ဖြစ်နေကြတဲ့ လူထုရဲ့ ဆန္ဒပြမှုပြဿနာဟာဆိုတာဟာလည်းပဲ ဥပဒေ အရတော့ ခွင့်ပြုထားတာရှိပါတယ်။

သို့သော်လည်းပဲ ဒီဥပဒေမှာ အားနည်းချက် အားသာချက် ရှိတာမို့လို့ လိုအပ်လို့ရှိရင် ဥပဒေ၊ နည်းဥပဒေတွေကို ပြန်ပြင်နိုင်ရမယ့်သဘော ရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် အဆင့်ဆင့် တင်ပြတာကို အဆင့်ဆင့်က ခုနကလို ပိတ်ပင်တားဆီးတဲ့ အနေအထားမျိုးတွေ ကျွန်တော်တို့ နေရာအနှံ့မှာ ကြားနေရပါတယ်။ ဆန္ဒပြတယ်ဆိုတာ ခုနက ပိတ်ထားခဲ့တဲ့ ဒီမိုကရေစီလမ်းကြောင်းတွေကို ဖွင့်ပေးတဲ့ ကာလလေးမှာတော့ဖြင့် လူထုဟာ အနှစ်နှစ်အလလ ခုနက ဒေါက်တာဗညားအောင်မိုး တင်ပြခဲ့သလိုပါပဲ၊ မိမိတို့ရဲ့ ခုနလို ခါးသီးခံခဲ့ကြတဲ့ အတွေ့အကြုံ လေးတွေ၊ ခံစားချက်လေးတွေနဲ့တော့ဖြင့် အခြေအနေကောင်းတစ်ခုကို ရောက်တဲ့ အခါမှာ ဒါ Freedom of Expression သဘောနဲ့ ဂျာနယ်တွေကလည်း တင်ပြမယ်။ လူထုကလည်း မိမိရဲ့ ခံစားချက်တွေကို တင်ပြမယ်ဆိုတာ ဒီမိုကရေစီကျင့်စဉ်အားဖြင့် ကြည့်မယ်ဆိုလို့ရှိရင် အုပ်ချုပ်တဲ့ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်က လက်ခံနိုင်ခြေ ရှိပါတယ်။

ဒါပေမယ့်လို့ ကျွန်တော်တို့ရဲ့ ဥပဒေ၊ နည်းဥပဒေအရ ခုနကလို တရားဝင် ပြုရမယ့် လမ်းကြောင်းလေးတွေအပေါ်မှာ ပိတ်ပင်အတားအဆီးတွေဟာ ခုနက ဆန္ဒပြုရမယ့် လူဖက်ကို ဦးစားပေးရမယ့်အစား ဆန္ဒပြတာကို ပိတ်ပင်တဲ့လူတွေဖက်က အဓိက အတားအဆီး မဟုတ်ဘဲနဲ့ ခုနလို အကာအကွယ်ယူလိုက်တဲ့သဘော ဖြစ်တဲ့အခါမှာ မြို့နယ် ရဲတပ်ဖွဲ့မှူးကို တင်ပြ ပိတ်ပင်၊

ဆက်လက်ပြီး ပြည်နယ်ရဲမင်းကြီးကို တင်ပြ ပိတ်ပင်၊ နောက်တစ်ခါ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပြီးကာမှ ပိတ်ပင်ထားတဲ့သဘော ဖြစ်တဲ့အခါမှာ လူထုက သည်းမခံနိုင်တာမို့လို့ အချိန်ကာလအရ လိုအပ်တာမို့လို့ မိမိတို့ရဲ့ဆန္ဒကို ထုတ်ဖော် ပြောရတဲ့ အခါမျိုးမှာ ခုနလို ဥပဒေမဲ့ပြုတဲ့ ပုဒ်မနဲ့ ဖမ်းတာ၊ ဆီးတာ၊ ဆွဲတာ ခုနလို ခေါ်တာ၊ စစ်တာမျိုး ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ချမှတ်ပြီးကာမှ အတည်ပြုထားခဲ့တဲ့ ခုနက ကျွန်တော်တို့ရဲ့ နိုင်ငံသား တစ်ဦးချင်းရဲ့ မူလရပိုင်ခွင့်ကို ထင်ဟပ်ပေါ်လွင်စေတဲ့ ခုနလို ငြိမ်းချမ်းစွာ ဆန္ဒပြနိုင်ခွင့် ဆိုတဲ့ ဥပဒေရဲ့ အနှစ်သာရအပေါ်မှာ ကျွန်တော်တို့ဟာ မေးခွန်းတွေ အများကြီး မေးလာစရာ ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ချပြီးသား တည်ဆဲဥပဒေ တချို့ကိုတောင်မှ အခြေအနေ အချိန်အခါပေါ် မူတည်ပြီးကာမှ ပြန်လည်သုံးသပ်ပေးဖို့ လူထုကိုယ်စား တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရလို့ရှိရင် ကျွန်တော်တို့ ဆရာဦးခင်မောင်ရီ တင်ပြဆွေးနွေးတဲ့ အချက်ဟာ ကျွန်တော်တို့ သွားနေတဲ့လမ်းကြောင်းရဲ့ ကျွန်တော်တို့ သွားရမယ့် လမ်းကြောင်း ပေါ်မှာ အတားအဆီးအဟန့်အတားတွေ မဖြစ်ရအောင် သံဝေဂ ယူစရာလေးတွေကို သံဝေဂ ယူပြီး အတိတ်ရဲ့ ဆင်ခြင်ဖွယ်၊ ခုနက သုံးသပ်ဖွယ်၊ အတိတ်ရဲ့ သံဝေဂကို ယူပြီးကာမှ ရှေ့ကို သွားနိုင်အောင် အတိတ်မှာမေ့ပျောက်နိုင်တဲ့ အရာတွေကို မေ့ပျောက်ပြီး ကျွန်တော်တို့ ခုနကလို ဥပက္ခာပြုနိုင်တဲ့အဆင့်ကိုရောက်အောင် ကျွန်တော်တို့ ကြိုးစားချီတက်ကြမယ့် လမ်းကြောင်း အမှန်ဖြစ်တယ်ဆိုတာကို တင်ပြရင်း ဆရာဦးခင်မောင်ရီ ဆွေးနွေးတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၇။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ ရေလိုအေးလို့ ပန်းလိုလန်းကြပါစေလို့ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းသော နိုင်ငံတော်၏ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှု ဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွား နိုင်သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူ အားလုံးကို အလေးအနက် တိုက်တွန်းအပ်ပါကြောင်း အဆိုကို ကျွန်မက လေးလေးနက်နက် ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ရှေးဦးစွာ ကျွန်မ ပြောကြား လိုတာကတော့ ဒီအဆိုကို တင်သွင်းတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ်ထားတဲ့ စေတနာ၊ မေတ္တာနဲ့ အားလုံး ညီညီညွတ်ညွတ် အပြုသဘောနဲ့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းထားတဲ့ စေတနာကို ဝမ်းမြောက်ဝမ်းသာနဲ့ ဂုဏ်ယူကြိုဆိုပါကြောင်း အလေးအနက် ပြောလိုပါတယ်။ မကြာသေးခင် ကပဲ ကချင်ပြည်နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ကလည်း ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ အဆိုတစ်ခုကို အချက်(၃)ချက်နဲ့ တောင်းဆိုပြီးတော့ ဆွေးနွေး တင်ပြခဲ့ပါတယ်။ အဲဒီမှာ ဦးခက်ထိန်နန် ရဲ့ အဆိုဟာ အောင်မြင်ပြီးတဲ့ အခါကျတော့ ဒါ ကျွန်မတို့ သမိုင်းမှတ်တိုင်တစ်ခုအဖြစ်နဲ့ အားလုံးနီးပါး အကောင်အထည်ဖော်သွားတာကို ကျွန်မတို့ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေဟာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဥပဒေပြုအခန်းကဏ္ဍဆိုသော်လည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ နိုင်ငံတော်အပေါ်မှာ အပြုသဘောနဲ့ ရှုမြင်သုံးသပ်ပြီးတော့ တိုက်တွန်းပြီးတဲ့အခါကျတော့မှ မေတ္တာရပ်ခံလို့ ဒါအောင်မြင်လာခဲ့တဲ့ ကျွန်မတို့နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။

ဦးခက်ထိန်နန် တင်တဲ့ အဆိုဟာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ငြိမ်းချမ်းရေး နယ်ပယ်မှာရှိတဲ့ စစ်ရှောင်ဒုက္ခသည်တွေနဲ့လည်း ပတ်သက်တယ်။ အဲဒီတော့ ပြည်သူလူထုရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ အကုန်လုံး အေးချမ်းငြိမ်သက်ရေးအတွက် ဆောင်ရွက်ပေးတဲ့အဆို ဖြစ်တဲ့ အတွက် ဒီ ဦးခင်မောင်ရီ ရဲ့ အဆိုရော၊ ဦးခက်ထိန်နန် ရဲ့ အဆိုရော ဒါတွေဟာ တိုင်းပြည်

အတွက် အပြုသဘောနဲ့ သမိုင်းတွင်ရမယ့် အဆိုတွေလို့ ကျွန်မက ဂုဏ်ယူဝမ်းမြောက်စွာနဲ့ ကျွန်မ ဒါ ဦးစွာ ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရှင်။ ကျွန်မ အကြိမ်ကြိမ် ဆွေးနွေးတိုင်းမှာ ကျွန်မ ဒါကို ထည့်ထည့်ပြီးတော့ ဆွေးနွေးလေ့ရှိပါတယ်။ ဘာလဲဆိုတော့ ဘယ်လောက်ပဲ သဘာဝသယံဇာတတွေပေါများပါစေ လွန်စွာအင်အားကြီးမားပြီး ထိရောက်တဲ့ လူသားစွမ်းရည်ဖြစ်တဲ့ စီမံခန့်ခွဲမှုညံ့ဖျင်းရင် အားလုံးဟာ တိုးတက်ဖွံ့ဖြိုးလာဖို့အတွက် ဆုတ်ယုတ် ပျက်စီးဖို့က နီးလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘာအရေးကြီးဆုံးလဲဆိုတာ ဒီ Stake Holder တွေ၊ Player တွေက ဆုံးဖြတ်နိုင်အောင်၊ ဆုံးဖြတ်နိုင်စွမ်းရှိအောင် ဒါ ကြိုးစားဖို့ လိုအပ်လှ ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရှင်။ အဆိုရှင်က လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေရဲ့ အားနည်းချက်တွေ၊ အားသာချက်တွေကို ခွဲခြမ်း စိတ်ဖြာ ဆွေးနွေးတင်ပြခဲ့တဲ့အပြင် အနာဂတ်မှာ ဆောင်ရွက်သင့်တဲ့အကျိုးပြုလုပ်ငန်း သို့မဟုတ် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အဆိပ်အတောက်ကင်းပြီး အပြုသဘောဆောင်တဲ့ လုပ်ငန်း များကိုလည်း သုံးသပ်အကြံပြုထားတာ တွေ့ရပါတယ်။ ကောင်းကျိုးနဲ့ တိုင်းပြည် အေးချမ်း ဖွံ့ဖြိုးဖို့ထက် တိုင်းပြည်လူထု ဆူပူအုံကြွပြီး မီးခိုးမဆုံး မိုးမဆုံး အရင်းရခက်စေမယ့် ပြဿနာ များနဲ့ အောက်ဆုံးအလွှာက နွမ်းပါးလှတဲ့ ဒါ လွန်စွာ သနားကရုဏာ ဖြစ်ဖွယ်ကောင်းတဲ့ ပြည်သူ အများ ထိခိုက်နာကျင်စေတဲ့ ဆိုးကျိုးများကိုသာ ဦးတည်နေတဲ့ နောက်ကြောင်းပြန် ကိစ္စများ၊ နောက်တစ်ခါ ပုဂ္ဂိုလ်ရေး မကျေနပ်မှု အဃာတများ၊ နောက်ထပ် ပွဲလှန့်တုန်းကို ဖျာခင်းနိုင်တဲ့ ပြည်ပပါဝင် စွက်ဖက်ရောက်ထိုးဖောက်မှုများနဲ့ အဖျက်အမှောက် လုပ်ငန်းများကို ရှောင်ရှားနိုင် ကြဖို့ ဆွေးနွေးမေတ္တာရပ်ခံထားတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ရှင်။ ကျွန်မတို့ ဦးခင်မောင်ရီ တင်ပြထားတဲ့၊ တိုက်တွန်းထားတဲ့အထဲမှာ နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်လို့ ပါတာဖြစ်တဲ့အတွက် ကြောင့် ကျွန်မတို့ မဏ္ဍိုင်(၃)ရပ်ကတော့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးရယ်၊ တရားစီရင်ရေးရယ်၊ နောက်တစ်ခါ မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက ဆိုတဲ့အခါကျတော့ ဒီအပါအဝင် ပါဝင်ပတ်သက်သူအားလုံးကဆိုတော့ ကျွန်မ နားလည်တာကတော့ ကျွန်မတို့နိုင်ငံ

တစ်နိုင်ငံရဲ့ အလှည့်အပြောင်း သမိုင်းကြောင်းမှာ ပြည်သူလူထုကလည်း မပါရင် ဘာမှ မဖြစ်တဲ့ အတွက် ဒါပြည်သူလူထုက လည်းပါတယ်လို့ ကျွန်မရဲ့ အယူအဆနဲ့လည်း ကျွန်မ ဒါကို ယူဆ လိုက်ပါတယ်။ သို့သော်လည်းပဲ အဓိက အရေးကြီးတာကတော့ နိုင်ငံတော်ရဲ့ကံကြမ္မာကို ဖန်တီး နိုင်သောလို့ ရှေ့မှာ သူက ပြောထားတာ ဖြစ်တဲ့အတွက် မဏ္ဍိုင်(၃)ရပ်က အဓိကကျတယ်လို့ ဆိုလိုတဲ့သဘော ဖြစ်ပုံရပါတယ်။

အဲဒီတော့ ကျွန်မတို့ အခြေခံဥပဒေမှာလည်း နိုင်ငံတော်နှင့် နိုင်ငံသား၊ နိုင်ငံတော်ရဲ့ တာဝန်၊ နိုင်ငံတော်သည်ဆောက်ရွက်မည်၊ နိုင်ငံသားသည် ဆောင်ရွက်ရမည်၊ တာဝန်ရှိသည် ဆိုတာတွေ ဒါအကြိမ်ကြိမ် အထပ်ထပ်ပြဌာန်းထားတာတွေ ကျွန်မတို့ ရှိပါတယ်။ အဲဒီတော့ နိုင်ငံတော်က တာဝန်ရှိသလို၊ နိုင်ငံသားတိုင်းကလည်း တာဝန်ရှိတာ ဖြစ်ပါတယ်။ ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်ကို ကိုင်ဆွဲပြီးတော့ ဒါဆောင်ရွက်နေတဲ့ ကျွန်မတို့ဥပဒေပြု လွှတ်တော်များက နိုင်ငံတော်နဲ့နိုင်ငံသားအတွက် တကယ်ပဲ ထိထိရောက်ရောက်နဲ့ သဟဇာတဖြစ်မယ့် ခေတ်နဲ့ စနစ်နဲ့ ညီညွတ်မယ့်ဥပဒေတွေ ပေါ်ထွန်းလာအောင် ကျွန်မတို့က ဆောင်ရွက်လာကြတာ ဖြစ်သလို ဒီသဘောတရားတွေ၊ ဒီချမှတ်လိုက်တဲ့ ပြဌာန်းချက်တွေကို အကောင်အထည်ဖော်ဖို့ အတွက်ကတော့ ဒါ ကျန်တဲ့အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာကို ဆောင်ရွက်နေ ကြတဲ့ ဒါမဏ္ဍိုင်(၂)ခုရဲ့ တာဝန်ဖြစ်ပါတယ်။

အဲဒီတော့ အခုကျွန်မတို့ ဆရာ ဦးခင်မောင်ရီ ကလည်း သူ့ရဲ့ အဆိုထဲမှာ ဥပဒေ ပြုရေးမဏ္ဍိုင်ရဲ့ အရေးကြီးပုံ၊ လွှတ်တော်တွေရဲ့ အရေးကြီးပုံ၊ လွှတ်တော်ကိုယ်စားလှယ် တွေရဲ့ အရေးကြီးပုံကိုလည်း သူက ထည့်ပြီးတော့ ဆွေးနွေးထားပါတယ်။ အဲဒီတော့ ကျွန်မ ကျန်တဲ့ဟာ တွေကို ပြီးမှ ဆွေးနွေးမယ်၊ အခု ကိုယ်စားလှယ်များနဲ့ လွှတ်တော်ရဲ့ ကဏ္ဍကို ကျွန်မလည်း အရင် ဆွေးနွေးချင်ပါတယ်။ အဲဒါကတော့ အခုအချိန်မှာဆိုလို့ရှိရင် ပိုပြီးတော့ အခုလို ခေတ်ပြောင်း၊ စနစ်ပြောင်း ကျွန်မတို့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို အသစ်ဖွံ့ဖြိုးတိုးတက်အောင်၊ ခိုင်မာအောင်၊ ကျစ်လစ်အောင် ဆောင်ရွက်နေတဲ့အချိန်မှာ ဒီမဏ္ဍိုင်(၃)ရပ်နဲ့ ပထမဆုံး အခြေခံ မဏ္ဍိုင်ဖြစ်တဲ့ ဥပဒေပြုမဏ္ဍိုင်၊ လွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာ အင်မတန် ပီပြင်ဖို့၊ ပြောင်မြောက်ဖို့၊ ထူးချွန်ဖို့ လိုအပ်တယ်ဆိုတာကို ကျွန်မက ဒါ အရင်ပြောပြ ချင်ပါတယ်။

အဲဒါက ဘာလဲဆိုတော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေကို အခုဆိုရင် နိုင်ငံတကာကလည်း လာရောက်ပြီးတော့ ဆက်သွယ်တယ်၊ ဆောင်ရွက်တယ်၊ နောက် အတွေ့အကြုံတွေ ဖလှယ်တယ်။ ဖိတ်ကြားပြီးတော့လည်း အတွေ့အကြုံတွေ ဖလှယ်တယ်။ နောက်တစ်ခါကျတော့ အခုဆိုရင် လွှတ်တော်ထဲကို ကျွန်မတို့ အဖွဲ့အစည်းအသီးသီးက လာပြီး တော့ လေ့လာတယ်။ နောက်တစ်ခါ အထူးသဖြင့် လူငယ်တွေ ကျွန်မတို့ဆီကို လာပြီးတော့ လေ့လာတယ်။ လူငယ်တွေ လွှတ်တော်ထဲကို လာပြီးလေ့လာတဲ့အခါမှာ လွှတ်တော်ရဲ့ အခင်းအကျင်း၊ လွှတ်တော်ရဲ့သဘောသဘာဝနဲ့ လွှတ်တော်ရဲ့ လုပ်ရပ်တွေ အစစလေ့လာရုံသာမကဘဲနဲ့ အခုဆိုရင် ကျွန်မတို့ ဒါ ကျွန်မတို့တည်းခိုနေတဲ့နေရာတွေကို လာပြီးတော့ ကျွန်မတို့ နေထိုင် နေတဲ့ နေရာတွေကို လာပြီးတော့မှ သူတို့အချိန်ကို ဒီအတွက်ပဲ လုံးဝသုံးပြီးတော့၊ ငွေလည်း အကုန်ခံပြီးတော့မှ အချိန်လည်းသုံးပြီးတော့ ကျွန်မတို့ဆီလာပြီးတော့ လွှတ်တော် တစ်ဦးချင်းရဲ့ ဘဝတွေ၊ ယုံကြည်ချက်တွေ၊ ရပ်တည်ချက်တွေ နောက်ပြီးတဲ့အခါကျတော့ ဆောင်ရွက်ချက်တွေ၊ အသိအမြင်တွေကို သူတို့ လေ့လာနေတာ လွှတ်တော်ပြီးတဲ့အထိ လာစောင့်ပြီး လေ့လာနေတဲ့ လူငယ်အဖွဲ့တွေ ရှိပါတယ်။

နောက်တစ်ခါ ဟိုတစ်လောတုန်းကလည်း လာပြီးတော့ ဒီလိုပဲ အဖွဲ့တစ်ဖွဲ့ ကျွန်မတို့ လာပြီးတော့ တွေ့ပါတယ်။ အဲဒီလိုပဲ မကြာခဏ လာလာတွေ့ပြီးတော့ လွှတ်တော် ကိုယ်စားလှယ် တွေ ဆီကနေပြီးတော့မှ နောင်လာလတ္တံ့သော အနာဂတ်မှာ ကျွန်မတို့ဆီကနေ ပုခုံးပြောင်းပြီး ထမ်းမယ့် လူငယ်တွေကလာပြီးတော့ တွေ့တဲ့အခါ ကျွန်မတို့ မဏ္ဍိုင်(၃)ရပ်မှာ ပါဝင်ပတ်သက် နေတဲ့ လူတွေဟာ အင်မတန် တာဝန်ကြီးလေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မေးတဲ့ မေးခွန်းတွေ သူတို့သယ်ဆောင်သွားမယ့် ကျွန်မတို့ဆီက ရတဲ့အနှစ်သာရတွေ အဲဒါတွေကို ပြန်ယူသွားပြီးတော့ ဆိုလို့ရှိရင်၊ ပြည်သူထဲကျလို့ရှိရင် သို့မဟုတ် သူတို့ရဲ့ လူငယ်ထုအတွင်း ကျလို့ရှိရင် ပြန်ပြီးတော့ ဒါတွေကို ပြန်ပြီးတော့ ဆင့်ပွားပြန်ပြီးတော့ သူတို့က ဝေငှာမှာ (Sharing) လုပ်မှာ ပြောပြမှာ ဖြစ်ပါတယ်။ အဲဒီကျမှ ကျွန်မနဲ့ နောက်ဆုံးတွေ့တဲ့အဖွဲ့တစ်ဖွဲ့ ကတော့ သူတို့က ကျွန်မ စထိုင်ပြီဆိုကတည်းက ကျွန်မပြောလိုက်တာ တော်တော်လေးကြာလို့ ပြီးသွားတဲ့အထိ မင်းတို့မေးချင်တာရှိရင် မေးလို့ ပြောတဲ့ချိန်မှာ အန်တီပြောတာနဲ့ပဲ အားလုံး ပြည့်စုံပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ မေးစရာ မေးခွန်းတောင် မရှိသလောက်ပါပဲလို့ ပြောပါတယ်။

သို့သော်လည်း အဲဒီ အရင်တွေ့တဲ့ အဖွဲ့တစ်ဖွဲ့ကတော့ တိုင်းနဲ့ပြည်နယ် (၁၄)ခုက ပါပါတယ်။ တော်တော်လေးကျယ်ပြန့်ပါတယ်။ ပါတီအသီးသီးကလည်း ပါပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းကိုလည်း သူတို့ လိုက်တွေ့ပါတယ်။ နောက်ပါတီ အသီးသီးကိုလည်း လိုက်တွေ့ပါတယ်။ တွေ့ပြီးတော့ မေးတယ်။ မေးတဲ့အခါ ကျွန်မနဲ့တွေ့တဲ့အချိန်၊ အဲဒီတော့ သူတိုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုပြင်မလဲဆိုတဲ့ မေးခွန်းကို စပြီးတော့ မေးပါတယ်။ အဲဒီအခါ ကျွန်မက မင်းတို့တွေ မင်းတို့သိချင်လို့ မေးတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ဘယ်လိုပြင်မလဲလို့ မေးတဲ့အခါကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ မင်းတို့က ဘယ်လောက်အထိ လေ့လာထားပြီးပြီလဲ။ ဘယ်လောက်အထိ နားလည်နေပြီလဲ။ ဘယ်လောက်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပါဝင်နေတဲ့ အပိုဒ်တွေ၊ နောက်တစ်ခါ ပုဒ်မတွေ၊ နောက်တစ်ခါကျတော့ အားနည်းချက်တွေ၊ အားသာချက်တွေ၊ ပြည်သူအတွက် ဘယ်ဟာက အဆိပ်အတောက်ဖြစ်တယ်၊ ဘယ်ဟာကကတော့ ပြည်သူအတွက် ကောင်းတယ်ဆိုတာကို မင်းတို့လေ့လာထားပြီးပြီလားဆိုတော့ သူတို့ ဘာမှ မပြောနိုင်တော့ဘူး။

အဲဒီတော့ ရှေးရှေးတုန်းက ငါ့တို့တွေ ကိုလိုနီ ဖြစ်ခဲ့တယ်။ ကိုလိုနီခေတ်ကတည်းက အခုအချိန်အထိ ကျွန်မတို့ရဲ့ ဥက္ကဋ္ဌကြီး ပေးထားတဲ့စာရင်းအရ ကျွန်မတို့ ကိုလိုနီခေတ် ကနေပြီးတော့ ကျွန်မတို့ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာအထိ (၁၃၂၉)ခု ဥပဒေတွေ ပြဋ္ဌာန်းထားတယ်လို့ ပြောတယ်။ အဲဒီဥပဒေတွေထဲမှာ အခုလက်ရှိ မပြင်ဆင်ရသေးတာ၊ မဖြည့်စွက်ရသေးတာ ဒါမှမဟုတ် သဟဇာတဖြစ်တာ၊ သဟဇာတ မဖြစ်တာတွေ အများကြီးရှိတယ်။ အဲဒါမျိုးတွေကိုလည်း လေ့လာရမယ်။ အဲဒါမျိုးတွေကိုလည်း ပြင်သင့်တယ်။ ဒါမှမဟုတ် ဖျက်သင့်တယ်။ ဒါမှမဟုတ်လို့ရှိရင် တစ်ခုခု ဖြည့်စွက်သင့်တယ်ဆိုတာကိုလည်း လေ့လာရမယ်။ အဲဒါကိုလည်း နိုင်ငံတော်အတွက် အခုလိုအပ်နေတဲ့ ဥပဒေတွေပဲ၊ မင်းတို့ သိသင့်တဲ့ ဥပဒေတွေပဲ၊ ၂၀၀၈ ခုနှစ်ကလည်း အတူတူပဲ။ သိသင့်တဲ့ဥပဒေတွေပဲ အဲဒီတော့ ဥပဒေလို့ဆိုလာတဲ့အခါမှာ ရှိသမျှ ဥပဒေတွေအားလုံးကို လေ့လာရမယ်။ အဲဒီကျ ၂၀၀၈ လည်း အပါအဝင်ပဲ။ ၂၀၀၈ ကလည်း လိုအပ်ရင်ပြင်မယ်ဆိုတာ ပြောပြီးသား ၂၀၁၂ မှာ ဘယ်လိုပြင်ရမယ်ဆိုတာ အခန်း(၁၂)မှာ ပြောပါတယ်လို့ ကျွန်မ အဲဒီလို ပြန်ပြောပြီးတော့မှ နောက် ကျန်တာတွေကို သူတို့ မေးတာတွေ ပြောပါတယ်။

အဲဒီတော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍဟာ အင်မတန် အခု ဆရာဦးခင်မောင်ရီ ရဲ အဆိုနဲ့ ပတ်သက်ပြီးတော့ အင်မတန်အရေးကြီးတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ရပ်ကွက်ထဲမှာ၊ မြို့နယ်မှာ ပြဿနာတွေဖြစ်တဲ့အခါ ကျွန်မတို့ကို လာခေါ်ရင် ကျွန်မတို့က လိုက်ပြီးဖြေရှင်းပေးရပါတယ်။ အဲဒီတော့ ကျွန်မနယ်မှာတော့ ကျွန်မလိုက်ပြီး ဖြေရှင်းပေးပြီးတဲ့အခါကျတော့ ကျွန်မတို့က တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တွေနဲ့ တွေ့တဲ့အခါ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တွေက ဘာဖြစ်လို့ မိမိတို့ရဲ့ ပိုင်နက် နယ်မြေထဲမှာရှိတဲ့ ဒီရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးကိစ္စနှင့် ပတ်သက်တဲ့ပြဿနာ တက်နေ တာကို သိရဲ့သားနဲ့ ပြေလည်အောင် ဖြေရှင်းမပေးတာလဲလို့ ကျွန်မ အဲဒီလို မေးတယ်။ မေးတော့ ကျွန်တော်တို့က အုပ်ချုပ်ရေးပိုင်းမှာ ဖြစ်နေတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့က ဥပဒေပြုကိုပဲ ဆောင်ရွက်တာဖြစ်တဲ့အတွက် ဝင်ရောက်စွက်ဖက်တာမျိုး ဖြစ်မှာစိုးလို့ ကျွန်တော်တို့က မလုပ် တာပါလို့ သူက အဲဒီလို ပြန်ပြောတယ်။

အဲဒီတော့ ကျွန်မက ဝင်ရောက်စွက်ဖက်တယ်ဆိုတာကတော့ သူတို့ ဆောင်ရွက်ရမယ့် ဟာကို ကိုယ်က သွားဆောင်ရွက်တာ။ သူတို့ဆောင်ရွက်နေ စဉ်မှာ ကိုယ်က စွက်ဖက်တာ။ အဲဒါ ဆိုရင် နှောင့်ယှက်တာနဲ့ အတူတူပဲ။ သို့သော်လည်း အားလုံး ဆောင်ရွက်ပြီးသွားတဲ့အခါမှာ ဟိုမှာသူတို့က မှားနေပြီ သို့မဟုတ် တစ်ခုခု ပြည်သူလူထုက မကျေမနပ် ဖြစ်နေပြီ၊ တကယ်လို့ ဒါကို ဖြေရှင်းမပေးဘူးဆိုရင် အစောက ပြောသလို ဆန္ဒထုတ်ဖော်တာတို့ ဘာတို့ ဖြစ်လာမယ်။ သူတို့ဟာ လုပ်ငန်းသဘော တရားဥပဒေ၊ လုပ်ငန်းရဲ့ Procedure စသဖြင့် မသိဘူးဆိုလို့ရှိရင် ကဲ ဆန္ဒထုတ်ဖော်မယ် ဆိုပြီးတော့ လက်တွေ့လုပ်နေကြတဲ့ အလုပ်တွေကိုပဲ လုပ်တော့မယ်။ ကိုယ်က ဒါကို အပ်နဲ့ ထွင်ရမယ့်ဟာကို ထွင်ပေးလိုက်မယ်။ ပေါက်ဆိန်နဲ့ ပေါက်စရာ မလိုဘူး။ သို့သော်လည်း အဲဒီကျတော့ ဒီလိုဖြစ်တဲ့ဟာကို ဖြေရှင်းပေးတာသည် ပြည်သူလူထုက ယုံလို့ ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ရဲ့ တာဝန်ဖြစ်တဲ့ ဝင်ရောက်စွက်ဖက် တာ မဟုတ်ဘူးလို့ ကျွန်မ အဲဒီတော့ ပြောပြတော့ သူတို့ဘာမှ မပြောဘူး။ ကျွန်မတို့ လွှတ်တော် ကိုယ်စားလှယ်တွေဟာ အုပ်ချုပ်ရေးကဏ္ဍကို၊ အုပ်ချုပ်ရေး မဏ္ဍိုင်ကို တာဝန်ယူထားတဲ့ ပုဂ္ဂိုလ် များနဲ့ ကျွန်မတို့ ဥပဒေပြုမဏ္ဍိုင်ကို တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်များနဲ့ အခါအားလျော်စွာ လိုအပ် လို့ရှိရင် ကျွန်မတို့ဟာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မလိုလားအပ်တဲ့ လမ်းကြောင်းမှန်

ကနေ သွေဖည်သွားနိုင်တဲ့ကိစ္စတွေ ဖြစ်မလာတော့ဘူးဆိုတာ ကို လက်တွေ့ကျွန်မတို့ လက်တွေ့မကြာခဏပဲ တွေ့ရတာ ဖြစ်ပါတယ်။

ဒီမှာ အုပ်ချုပ်ရေးမှုုကဏ္ဍနဲ့ပတ်သက်လို့ကလည်း အုပ်ချုပ်ရေးမှုုတွေ၊ အခုရွေးနေပါတယ်။ အုပ်ချုပ်ရေးမှုုတွေ ရွေးနေတဲ့အချိန်မှာ ဒါအုပ်ချုပ်ရေးမှုုတွေကို (၁၀)နှစ်ကျော်မှာ ဆိုပေမယ့် (၇)နှစ်နဲ့ အခု ခန့်လိုက်တာတွေ အခု ကျွန်မဆီကို တိုင်စာတွေ ရောက်ပါတယ်။ နောက်ကျန်တဲ့အချက်အလက်တွေ အဲဒီတော့ကာ ကျွန်မတို့ အုပ်ချုပ်ရေးမှုုပဲ ရပ်ကွက်အုပ်ချုပ်ရေးမှုုဖြစ်စေ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှုုဖြစ်စေ၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ စသည်ဖြင့် မည်သည့်ဟာဖြစ်စေ သူတို့ တစ်ခုခုလွဲမှားလုပ်တယ် ဆိုလို့ရှိရင် နိုင်ငံတော်သမ္မတကြီး ရဲ့ မျက်နှာကို ကြည့်ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ကလည်း လွှတ်တော် နယကကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌကြီးများရဲ့ မျက်နှာကို ကြည့်ရမှာဖြစ်ပြီး လွှတ်တော်ရဲ့သိက္ခာကို စောင့်ထိန်းရမှာဖြစ်ပြီး သက်ဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာကို တာဝန်ယူနေရတဲ့ လူတွေကလည်း နိုင်ငံတော်သမ္မတကြီးရဲ့ ဂုဏ်သိက္ခာ၊ ဒီအုပ်ချုပ်ရေးပိုင်းဆိုင်ရာရဲ့ ဂုဏ်သိက္ခာတွေကို ထောက်ပြီးတဲ့အခါကျတော့ ဒါပြေပြစ်အောင်၊ အဆင်ပြေအောင် ပြည်သူလူထုနဲ့ သဟဇာတဖြစ်အောင်၊ ကျွန်မတို့ကဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကို ကျွန်မ ဒီကနေပြီးတော့ ထောက်ခံပြီးတော့ အလေးအနက်ဆွေးနွေးတင်ပြလိုပါတယ်။

နောက် ဒီမှာ ထပ်ပြီးတဲ့အခါကျတော့ ကျွန်မတို့ နိုင်ငံတော်နဲ့ ပြည်သူ့အတွက်အမြင့်မားဆုံး ရည်မှန်းချက်တစ်ခုတည်းကိုသာ ရှေးရှုဆောင်ရွက်သွားကြရန် ဆိုတော့ ဒီကျွန်မတို့ရဲ့ ပုဂ္ဂိုလ်ကြီးက ဒီမှာ ဆွေးနွေးထားပါတယ်။ သူက ဘယ်လို ဆွေးနွေးထားလဲဆိုရင် အဓိကဦးထိပ်ထားရမှာက နိုင်ငံတော် ပြည်သူတစ်ရပ်လုံး သန်း(၆၀)၊ နောက် အမျိုးသားရေး အကျိုးစီးပွားနဲ့ လုံခြုံရေးအခြေခံဥပဒေနဲ့ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး။ အဲဒါတွေကိုဦးထိပ်ထားပြီးတဲ့အခါကျတော့ အဲဒါတွေကို အဓိကထားပြီးတော့ နောက်ကြောင်းပြန်ကိစ္စများမဖြစ်ဖို့ အာဃာတများ၊ ပုဂ္ဂိုလ်ရေး မကျေနပ်မှုများ ပေါ်ပေါက်မလာဖို့ ပြည်ပထိုးဖောက်မှုများမရှိဖို့၊ အဖျက်လုပ်ငန်းများ စသည်တို့ ပါမလာအောင် သတိထားရှောင်ရှားပြီးတော့ ဆောင်ရွက်ကြရမယ်လို့ မေတ္တာရပ်ခံထားတာ ဖြစ်ပါတယ်။ ဒီလိုဖြစ်လို့ Stakeholder အားလုံးရဲ့ အချုပ်

ဖြစ်တဲ့ လွှတ်တော်ကြီးက ကျန် Stakeholder များကို ထိတွေ့ညှိနှိုင်းသွားဖို့ လိုပါတယ်လို့ နောက်ဆုံးအပိုဒ်မှာ ဒါ သူက တင်ပြဆွေးနွေးသွားတာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မ လွှတ်တော်ကဏ္ဍကနေပြီးတော့ ဆွေးနွေးတာ ဖြစ်ပါတယ်။ ကျွန်မဆို လို့ရှိရင် နောက် ကျွန်မနဲ့ နီးစပ်တဲ့ဟာတွေရော အားလုံးပေါ့လေ၊ ဒီပြည်သူလူထုနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်နဲ့ ပတ်သက်ပြီးတော့၊ နိုင်ငံသားနဲ့ ပတ်သက်ပြီးတော့ ဒါ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီးတော့ မလိုလားအပ်တဲ့ ဆူပူအုံကြွမှုမျိုး ဒါမှ ဆန္ဒဖော်ထုတ်တာမျိုး နိုင်ငံတော်က ဖြေရှင်းဖို့ ခက်ခဲတဲ့ဟာမျိုး မဖြစ်ပေါ်စေဖို့အတွက် ကျွန်မတို့ကတော့ ဒါသက်ဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင် အဖွဲ့အစည်းများနဲ့သော်လည်းကောင်း၊ ကျန်တဲ့အဖွဲ့အစည်းများနဲ့သော်လည်းကောင်း၊ အခု အဆိုရှင် ပြောသကဲ့သို့ ကျွန်မတို့ သည်းခံခွင့်လွှတ်စိတ်များစွာနဲ့၊ နောက် စည်းလုံးညီညွတ်ခြင်းများစွာနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မလိုလားအပ်တဲ့ ကိစ္စတွေကတော့ လုံးဝကို မရှိသလောက်ရှိပါတယ်လို့ ဒါ ကျွန်မက ဒီကနေပြီးတော့ ဆွေးနွေး တင်ပြချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် နောက်ဆုံးနိဂုံးချုပ်အနေနဲ့ကတော့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာကို သူတစ်ပါး လာရောက်မထိပါးနိုင်ရေး၊ နောက် အရှိန်ယူ တည်ဆောက်လျက်ရှိသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ခိုင်ခံ့ပီပြင်စွာ အကောင်အထည်ပေါ်၍ ပြည်သူများအေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော လူမှုဘဝများရရှိပိုင်ဆိုင်နိုင်ရေး၊ နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ကြီး(၃)ရပ်ကို အဓိကမဏ္ဍိုင်ကြီး(၃)ရပ် ပိုမိုအားကောင်းရှင်သန်ခိုင်မာပြီး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးကို မှန်ကန်စွာ ပိုမိုဆောင်ရွက်ပေးနိုင်ရေး၊ နောင်လာမယ့် အနာဂတ်ရဲ့ သားကောင်းရတနာများ အပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်မှန်းပြီးတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ရဲ့ နိုင်ငံတော်၏ ကံကြမ္မာကိုဖန်တီးနိုင်သော နိုင်ငံတော်၏မဏ္ဍိုင်(၃)ရပ်အပါအဝင် ပါဝင်ပတ်သက်သူ အားလုံးက နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှု ဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူး သတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူ အားလုံးကို အလေးအနက် တိုက်တွန်းအပ်ပါကြောင်း အဆိုကို ကျွန်မက လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၆။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ဦးခင်မောင်ရီ ရဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ Road Map (၇)ချက် စတင်ရေးဆွဲတုန်းက အထူးသဖြင့် အနောက်နိုင်ငံများနဲ့ အမေရိကန်ပြည်ထောင်စုဟာ တစ်ချက်ချင်းသွားနေတာကို လုံးဝ အယုံအကြည် မရှိဘူးဖြစ်ပါတယ်။ (၇)ချက်စလုံး ပြီးသွားတော့ အခုလွှတ်တော်ကြီး ပေါ်လာတယ်။ သမ္မတကြီး ဦးဆောင်တဲ့အဖွဲ့ကြီး ပေါ်လာတဲ့အခါမှာတော့ သူတို့ဟာ Europe နဲ့ Europe Countries များနဲ့ USA ဟာ အခုမှ ဒါဟာ မှန်ကန်ပါလားလို့ ဒါ ထောက်ခံလာတာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့က အာဆီယံနိုင်ငံများနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသာလျှင် ကျွန်တော်တို့ဘက်က ရပ်တည်ခဲ့တာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျွန်တော် ဦးခင်မောင်ရီ ရဲ့ အဆိုကို နားထောင်လိုက်ရတဲ့အခါမှာ ဗိုလ်ချုပ်အောင်ဆန်း ရဲ့ မိန့်ခွန်းတစ်ခုကို သွားပြီးတော့ သတိရမိပါတယ်။ လွတ်လပ်ပြီဆိုပြီးတော့ လမ်းမပေါ်မှာ ဆေးရိုးလှမ်းတာဟာ စည်းနဲ့ကမ်းနဲ့ လွတ်လပ်တာမဟုတ်ဘူး။ စည်းမဲ့ကမ်းမဲ့ လွတ်လပ်တာဖြစ်တယ်လို့ ပြောကြားခဲ့တာ ကျွန်တော်ကြားဖူးပါတယ်။ ငယ်ငယ်တုန်းက။ အခုလည်း ဒီမိုကရေစီဖော်ဆောင်တဲ့ အစိုးရသစ်တက်လာပြီးတော့ အချိန်မှာပဲ အုပ်စုဖွဲ့ ရမ်းကားမှုတွေ ပေါ်လာတာဟာ ဒါ ဗရမ်းပတာဒီမိုကရေစီကို ဦးတည်နေတယ်လို့ သတိပြုမိဖို့ လိုပါတယ်။

ဒါ အစိုးရသစ်တက်တာပြီးမှ ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်တာတွေဟာ ဒါ တပ်မတော် အစိုးရ လက်ထက်မှာဆိုရင်တော့ ဒီလိုမဖြစ်နိုင်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါဆိုရင် ဦးလှဆွေ က တပ်မတော်အစိုးရခေတ်ကို ပြန်တမ်းတနေတာလားလို့ မေးစရာရှိပါတယ်။ ကျွန်တော်ဟာ ဒီမိုကရေစီ သဘောတရားကို တပ်မတော်အစိုးရလက်ထက် ကတည်းက ပွင့်လင်းစွာ လက်တွေ့ကျင့်သုံးခဲ့တဲ့ သူတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော်နဲ့ ဖြတ်သန်း ထိစပ်ခဲ့တဲ့ ဒေသနဲ့ ဌာနဆိုင်ရာတွေ သိရှိပါတယ်။ ကျွန်တော်ယုံကြည်တဲ့ ဒီမိုကရေစီဆိုတာတော့ Discipline ပဲ ဖြစ်ပါတယ်။ စည်းကမ်းပြည့်ဝပြီးတော့ သဘောထားကြီးလေလေ ဒီမိုကရေစီနဲ့ နီးစပ်လေ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ပဋိပက္ခဟာလည်း ဥပဒေဘောင်အတွင်းမှ ရင်မဆိုင်ဘဲနဲ့ အုပ်စုဖွဲ့ပြီး တော့ ဆန္ဒကိုရှေ့တန်းတင်ပြီး လုပ်ခဲ့လို့ လူပေါင်းရာချီသေဆုံးပြီးတော့ လူပေါင်းသိန်းချီ အခု ထက်ထိ အိမ်မပြန်နိုင်သေးပါဘူး။ ပုဒ်မ ၁၄၄ ထုတ်ပြန်ခြင်းဟာ မင်းမဲ့စရိုက်ကို ထိန်းချုပ်ရန် အတွက်ဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ ကျင့်စဉ်ကို လိုက်နာရန်အားနည်းနေတဲ့ စည်းကမ်းမပြည့်ဝ သေးတဲ့လူတွေ များနေသေးတယ်။ ဒီပုဂ္ဂိုလ်တွေဟာ အစိုးရကို နောက်ကြောင်း ပြန်လှည့်ဖို့ရာ ဖိအားပေးနေတဲ့ လုပ်ရပ်တွေ ဆက်တိုက်ဖန်တီးနေတယ်။ ဒီအခြေအနေတွေကို ပြည်ထောင်စု အစိုးရက ကြံ့ကြံ့ခံပြီးတော့ စိတ်ရှည်သည်းခံ ထိန်းကျောင်းပြီးတော့ မိမိဦးတည်ရည်မှန်းချက် အတိုင်း မမှိတ်မသုန် လျှောက်လမ်းလျက်ရှိတာကို ကမ္ဘာကနေတောင် အသိအမှတ်ပြုနေကြ သော်လည်း ကိုယ့်ပြည်တွင်းက အချို့သော လူနည်းစုက အခုထိ အမြင်မရှင်းသေးတာကို သတိပြုဖို့ လိုပါပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီကို အကြောင်းပြုပြီးတော့ အချို့မတရားအသင်းအဖွဲ့ တွေနဲ့ သွားရောက်ပြီးတော့ တွေ့ဆုံနေတာဟာ ဒီခေတ်အစိုးရက သည်းခံခွင့်လွှတ်နေတာကို အံ့ဩဖွယ်ရာ တွေ့ရှိရပါတယ်။ မတရားအသင်းအဖွဲ့တွေနဲ့ ဆက်သွယ်ရင် ဘယ်လိုပုဒ်မမျိုးနဲ့ ဘယ်လောက်အထိ ပြစ်ဒဏ်ခံရမယ်ဆိုတာ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ ဒါကို မသိအောင် ဆောင်ပြီး လုပ်နေကြပါတယ်။ ဥပဒေကို မသိဘူးဆိုရုံမျှဖြင့် ဥပဒေက သင့်အား ခွင့်လွှတ်လိမ့်မည် မဟုတ်ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ မတရားအသင်း ကြေညာခံထားရတဲ့ အဖွဲ့အစည်းကို စိတ်ဓာတ်ခွန်အားပေးမယ်ဆိုရင်လည်း ကူညီတာ ပြစ်မှုမြောက်ပါတယ်။ ဒီနေ့ မတရားအသင်း

အဖြစ် ကြေညာသတ်မှတ်ခံထားရတဲ့ ဒေသတွေက ဘယ်သူတွေက သွားနေတယ်။ ဘယ်သူတွေက သွားပြီးတော့ တွေ့ဆုံတယ်၊ နှုတ်ဆက်တယ်။ တချို့ဂျာနယ်တွေ၊ စာစောင်တွေဆိုရင် အဲဒီမတရား အသင်းကြေညာထားတဲ့နယ်မြေတွေကို သွားပြီးတော့ ဝေဝေဆာဆာဖော်ပြပြီးတော့ တပ်မတော်က ဗီလိန် လက်နက်ကိုင်အဖွဲ့တွေက မင်းသားဖြစ်အောင် စိတ်ခံတတ်ခွန်အား ပေးပြီးတော့ ဖော်ပြနေတာတွေ ဒီကနေ့ တွေ့ရှိနေရပါတယ်။

ဒီနေရာမှာ ဥက္ကဋ္ဌကြီးကို ကျွန်တော်တင်ပြချင်တာကတော့ ကျွန်တော်တို့ 5 Cartoon မှာလာတဲ့ Tom & Jerry ဆိုတဲ့ ကာတွန်းကားလေးတစ်ခုကို ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် ဒီကာတွန်းကားလေးထဲမှာ ကြောင်က ဗီလိန်ဖြစ်ပြီးတော့ ကြွက်က မင်းသား။ ကြွက်က အမြဲတမ်း နိုင်တယ်။ ကြောင်က အမြဲတမ်းရှုံးတယ်။ ကြောင်က အမြဲတမ်း ကြွက်ကို လိုက်တယ်။ တစ်ခါမှ မမိဘူး။ ကြောင်ကြီးကပဲ ဟာသကြီးဖြစ်ပြီးတော့ ကျန်ခဲ့တယ်။ ကာတွန်းကားကို ကြည့်လို့ရှိရင် အင်မတန်ပျော်စရာကောင်းတယ်။ ကျွန်တော်လည်း ကြောင်နဲ့ ကြွက်နဲ့ ဘယ်သူ့ကို အနိုင်ပေးမလဲဆိုတော့ ကြွက်ကို အနိုင်ပေးမယ်။ ကြွက်ကလေးက သနားစရာကောင်းတယ်။ ဒါဟာ ကာတွန်းကားထဲမှာ တီဗွီ ဇာတ်လမ်းထဲမှာ ပဲဖြစ်ပါတယ်။ အပြင်မှာ ကျွန်တော့်ထမင်းစားစားပွဲပေါ်ကို ကြွက်တစ်ကောင် ဖြတ်ပြေးရင် ကျွန်တော်က ရိုက်မှာဖြစ်ပါတယ်။ အဲဒီတော့ ဂျာနယ်တွေ၊ ပြင်ပတွေ စသည်ဖြင့်မှာ တပ်မတော်က ဗီလိန် ကြောင်ကြီးလိုပေါ့။ လက်နက်ကိုင်တွေက မင်းသားလိုဖြစ်နေတာကတော့ ဇာတ်လမ်းထဲမှာပဲ ကောင်းပါတယ်။ အပြင်မှာ ကိုယ့်အိမ်ရှေ့မှာ ဒီလိုကြွက်တစ်ကောင် ဖြတ်ပြေး မယ်ဆိုရင် ဘယ်သူမှ တကယ်တမ်းက သည်းခံနိုင်မယ် မဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ထောက်ပြ လိုပါတယ်။ ဆင်းရဲမှုလျှော့ချရေးဆိုပြီး ပလက်ဖောင်းပေါ်မှာ ဈေးရောင်းတာဟာ စည်းကမ်း ဖောက်ဖျက်တာပဲ ဖြစ်ပါတယ်။ ဒါကို ခွဲခြားသိဖို့ လိုပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းနဲ့ သွားရောက်ပြီးတော့ တွေ့ဆုံတာဟာ နည်းတဲ့ပြစ်မှုကြီး မဟုတ်ဘူး။ ကျူးလွန်နေတာဖြစ်တယ် ဆိုတာကို သိဖို့လိုတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတွေဆိုတာ ဥပဒေပဲ ဖြစ်ပါတယ်။ ကျွန်တော် သာဓကအနေနဲ့ တစ်ခုတင်ပြလိုပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ သမ္မတ Abraham Lincoln ဆိုတာ နာမည်ကြီးတဲ့ သမ္မတတစ်ယောက် ဖြစ်ပါတယ်။ ဒီသမ္မတကြီးဟာ လုပ်ကြံခံရလို့ သေဆုံးသွားတာဖြစ်ပါတယ်။ သူဟာ သူ့ကို လုပ်ကြံတဲ့သူဟာ Booth လို့ခေါ်တဲ့ ပြဇာတ်မင်းသား၊

နာမည်မကြီးတဲ့ ပြဇာတ်မင်းသား ဖြစ်ပါတယ်။ သူဟာ နာမည်ကြီးချင်လို့ သမ္မတကို သတ်တာ ဖြစ်ပါတယ်။ သူ့နာမည်ဟာ ကမ္ဘာတည်သရွေ့ ကျန်ခဲ့တော့မယ်ဆိုပြီးတော့ သူဟာ ပြဇာတ်ကြည့် နေတုန်းမှာ သူက သတ်ပစ်တာ ဖြစ်ပါတယ်။ ပစ်တဲ့အခါမှာ သူက မြင်းနဲ့ထွက်ပြေး ပါတယ်။ အဲဒီခေတ်က မြင်းနဲ့ ဆိုတော့၊ မြင်းနဲ့ထွက်ပြေးပြီးတော့ သူဟာ မြင်းပေါ်ကလိမ့်ကျပြီး ခြေထောက်နာသွားပါတယ်။ ခြေထောက်နာသွားပြီးတော့ သူဟာအပြင်မှာ ကျေးလက်တောရွာ တစ်ရွာမှာရှိတဲ့ GP ကုနေတဲ့ ဆရာဝန်တစ်ယောက်ဆီမှာ သူ့ခြေထောက်နာတာကို ပြပါတယ်။ ဆရာဝန်ကလည်း သူ့မေးတယ်။ မင်းဘယ်ကလဲ။ ကျွန်တော်ခရီးသွား တစ်ယောက်ပါ။ မြင်းပေါ်က လိမ့်ကျလို့ ခြေထောက်နာသွားတယ်ဆိုတော့ ဆရာဝန်ကလည်း ကောင်းကောင်းဆေးကုပေး လိုက်တယ်။ ဆေးကုပေးလိုက်တော့ သူကနာလို့ ဆက်ပြေးတယ်။ နောက်ဆုံးကျတော့ မိတာပေါ့။ မိတဲ့အခါမှာ ဒီ Booth ကို သူတို့ Federal တရားရုံးက သေဒဏ်ချမှတ်လိုက်တယ်။ ဒါဟာ တရားပါတယ်။ သို့သော် ဒီဆေးကုပေးလိုက်တဲ့ ဆရာဝန်ကို ဘုမသိ ဘမသိနဲ့ အဲဒီဆရာဝန်ကို ကျတော့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချတယ်။ တကယ်တမ်း သူက သွားပြီးတော့ အယူခံ ဝင်တယ်။ ကျွန်တော်မသိလို့ ကုလိုက်တာပါဆိုတာကို မရဘူး။ သူက တစ်သက်တစ်ကျွန်း ကျသွားပါတယ်။ ဆိုလိုတာကတော့ ဒါဟာ တကယ့်ကမ္ဘာ့ဒီမိုကရေစီ ခေါင်းဆောင်လို့ သမုတ် ထားတဲ့ အမေရိကန်ပြည်ထောင်စုမှာ ဥပဒေဟာ ဥပဒေပါပဲ။ ခွင့်မလွှတ်ပါဘူး ဆိုတာကို ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာတော့ ဒီမိုကရေစီဆိုတဲ့ ခေါင်းစဉ် အောက်မှာ စည်းကမ်းဥပဒေကို ဖောက်ချင်တိုင်း ဖောက်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဆင်ခြင်တုံ တရားရှိရှိ စဉ်းစားလုပ်ဆောင်ကြဖို့လိုပြီလို့ ဆွေးနွေးလိုပါတယ်။ လွတ်လပ်မှုကို အလွဲမသုံးမိဖို့ လိုပါတယ်။

ကျွန်တော်ရဲ့မိတ်ဆွေ သားတစ်ယောက်ဟာ အင်မတန် ပိုင်းကောင်းကျောက်ဖိ သူ တော်တော်လိမ်မာပါတယ်။ သူငယ်တန်းကနေ ဆယ်တန်းအထိ ပထမတွေချည်းရတယ်။ ဆယ်တန်း အောင်တော့ ဂုဏ်ထူးတွေ (All D) နဲ့ အောင်သွားတယ်။ မိဘတွေကလည်း တော်တော်ကြပ်မတ် တယ်။ ဆေးတက္ကသိုလ်ရောက်သွားတော့ ထိန်းချုပ်မှု မဲ့ပြီးတော့ ပထမနှစ်၊ ဒုတိယနှစ်မှာတင်ပဲ ဆေးစွဲပြီးတော့ ကျောင်းထုတ်ခံရတယ်။ ဆိုလိုတာက လွတ်လပ်မှုကို ဒီကလေးဟာ အလွဲသုံးစား လုပ်သွားတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။

ယခင် အာဏာရှင်တပ်မတော်အစိုးရခေတ်က ဥပဒေချိုးဖောက်သူတွေဟာ အာဏာပိုင်တွေဖြစ်နေတာ ဖြစ်ပြီးတော့ ဒီနေ့ခေတ်မှာတော့ ဥပဒေချိုးဖောက်သူဟာ ကျော်ကြားလိုမှုကို ရှေ့တန်းတင်ပြီး ပြည်သူ့ဘက်က ရပ်တည်သလိုပုံစံနဲ့ ပုဂ္ဂိုလ်ရေး ထင်ပေါ်မှုကို ရှေ့တန်းတင်ပြီးတော့ ဥပဒေချိုးဖောက်နေကြောင်း သိသာစွာ မြင်နေရသော်လည်း အစိုးရဟာ သည်းခံခွင့်လွှတ်နေတာကို ကျွန်တော့်အနေနဲ့ တွေ့ရှိနေရပါတယ်။ အခုခေတ်မှာ ပေါ်ပြူလာဖြစ်လာတဲ့ ကိစ္စတစ်ရပ်ကတော့ စကားပြောပွဲတွေ၊ စာပေဟောပြောပွဲ အမည်ခံတဲ့ စကားပြောပွဲတွေပဲ ဖြစ်ပါတယ်။ စာပေဟောပြောပွဲဆိုတာ စာဖတ်သူ ပြည်သူတွေကို ဝါရင့် သဘာရင့် ပညာရှိ စာရေးဆရာကြီးများက စာပေအသိပညာ၊ စာပေဗဟုသုတပေးရန် ဖြစ်သော်လည်း ဒီခေတ်မှာတော့ ဒီလိုမဟုတ်တော့ဘဲနဲ့ ပါတီစည်းရုံးရေး ဟောပြောပွဲလိုလို၊ အစိုးရဆန့်ကျင်ရေး တရားပွဲလိုလို သီချင်းတွေဆိုပြပြီးတော့ မဟုတ်မဟတ်တာတွေ စပ်ထားတဲ့ ကဗျာတွေရွတ်၊ ဝတ္ထုတိုလေး တစ်ပုဒ်၊ နှစ်ပုဒ် ရေးဖူးတဲ့ လူကလည်း စာပေဟောပြောပွဲ စင်မြင့်ပေါ်မှာတက်ပြီးတော့ အပေါ်စားဟာသတွေကို ပြောပြီးတော့ ပြည်သူတွေ ချွေးမြှင့်တဲ့ အလှူငွေတွေကို ညာယူနေကြတာ တွေ့ရပါတယ်။ ဝါရင့် သဘာရင့် ဆရာကြီးများက အဲဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ တွဲပြီးတော့ ဟောပြောပွဲကို မလိုက်ချင်ဘူးလို့ ငြင်းပယ်နေကြတာတွေ ကြားသိနေရပါတယ်။ အချို့သော ပိတ်ပင်ခံထားရတဲ့ သံဃာအချို့ရဲ့ တရားခွေထဲမှာလည်း ရဲဘော်မသေ သေသော်ငရဲမလားဆိုတာ မဟုတ်ဘူး။ လူသတ်ရင် ငရဲပဲ။ ဒါဆိုရင် အင်္ဂုလိမာလကြီးတော့ ဘယ်လိုလုပ် သောတာပန် ဖြစ်သွားလဲတော့ မသိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချို့သော ပုဂ္ဂိုလ်များက ပြည်သူ တကယ်ထောက်ခံခြင်း မရှိတဲ့ ၂၀၀၈ အခြေခံဥပဒေကို လေးစားရန် မလိုဘူးလို့ ပြောနေကြတာတွေ ကြားသိနေရပါတယ်။ ပြင်စရာရှိရင် ပြင်ရမယ်။ တစ်ခုလုံးအစက ပြန်ဆွဲသင့်ရင်လည်း ဆွဲရမှာဖြစ်ပေမယ့် ဒီ တည်ဆဲ ဥပဒေကိုတော့ လေးစားရမှာ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ အခြေခံဥပဒေဆိုရင် စတင်ရေးဆွဲကတည်းက အကြိမ်ကြိမ်ပြုပြင်ခဲ့ကြောင်း တွေ့ရမှာဖြစ်ပြီးတော့ အနီးကပ်ဆုံး အိန္ဒိယနိုင်ငံနဲ့ ထိုင်းနိုင်ငံတွေမှာ ကြည့်မယ်ဆိုရင်လည်း အခြေခံဥပဒေကို အကြိမ်ကြိမ် ပြင်ဆင်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေကို ပြင်ပြီးကာမှ လိုက်နာ နိုင်မယ်ဆိုရင်လည်း ပြင်ပြီးသားဟာ နောက်ထပ်တစ်သက်လုံး မပြင်ရတော့ဘူးလို့ ဘယ်သူမှ အာမမခံနိုင်ပါဘူး။ တစ်နေ့တော့ ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေအရ ပြင်ကြရဦးမှာပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တည်ဆဲအခြေခံဥပဒေကိုတော့ မလွဲမသွေလိုက်နာရမှာ ဖြစ်ပါတယ်။ ဒီလို မလိုက်နာနိုင်တဲ့ လူတွေများလာရင်တော့ တစ်နည်းအားဖြင့် Above the law တွေ များလာရင် ဥပဒေအထက်ကလူတွေ၊ ဥပဒေကို ချိုးဖောက်နေသော်လည်း အရေးယူ မခံရတဲ့ လူတွေဖြစ်မှန်း မသိဖြစ်လာရင် မင်းမဲ့စရိုက်ကြီးစိုးလာမယ့် အလားအလာကို စိတ်မချမ်း မြေ့ဖွယ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နောက်ကြောင်း ပြန်မလှည့်နိုင်အောင် လူတိုင်းဟာ စည်းကမ်းရှိဖို့၊ လက်တွေ့ချိတက်ကြဖို့ လိုပါမယ်။

ဥပမာအားဖြင့် လစ်ဗျားနိုင်ငံကို သာဓကပြရရင် အာဏာရှင်ကဒါဖီ ပြုတ်ကျသွားလို့ ဒီမိုကရေစီရပြီလားဆိုတော့ မင်းမဲ့စရိုက်တွေ ထူပြောလာပြီ၊ အမေရိကန်သံရုံးကို ဆန္ဒပြသမား တွေက ဝင်စီးပြီးတော့ အမေရိကန် သံအမတ်ကို သတ်ဖြတ်သွားတာဟာ ဒါ ကဒါဖီ သာ လက်ရှိ အာဏာ ရှိနေရင်တော့ အဲဒီလို အမေရိကန်သံအမတ် သေမယ်လို့ မထင်ပါဘူး။ ဒါကြောင့် ဒီမိုကရေစီကို အလွဲသုံးစားပြုသူ အချို့ကြောင့်သာ အမေရိကန်သံအမတ်ကြီး သေသွားတယ်။ အုပ်စုဖွဲ့အကြမ်းဖက် ပြီးတော့ သတ်ပစ်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ထောက်ပြလိုပါတယ်။

ဒါကြောင့် တိုင်းပြည်ဟာ နောက်ကြောင်းပြန်မလှည့်ဘဲနဲ့ စည်းကမ်းပြည့်ပြည့်ဝဝ၊ ဒီမိုကရေစီရှိရှိ မလွဲမသွေ၊ မယိမ်းမယိုင် ချီတက်နိုင်ဖို့ဟာ ပြည်သူလူထုဟာ လွတ်လပ်မှု ဒီမိုကရေစီရေးနဲ့ မင်းမဲ့စရိုက် ဥပဒေမဲ့ ပြုလုပ်ခြင်းတွေဟာ ဘယ်ဟာလဲဆိုတာ အသေးစိတ် စနစ်တကျ ဆင်ခြင်သုံးသပ်ပြီးတော့ သမ္မတကြီးဦးဆောင်တဲ့ ဒီမိုကရေစီလမ်းကြောင်းကို ဖြောင့်ဖြောင့်ဖြူးဖြူး လျှောက်လှမ်းကြဖို့နဲ့ အဆိုရှင် ဦးခင်မောင်ရီ ရဲ့ အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၂း၄၈။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာသုံးဆောင်ဖို့ (၁)နာရီ ရပ်နားပါ့မယ်။

**အချိန်၊ ၁၂း၄၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၄၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၅၁ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၅၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၃း၅၁။**

**ဦးပေါ်လျံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ၏ အဆိုပြုသော နိုင်ငံတော်၏ကံကြမ္မာကို ဖန်တီးနိုင်သော ပြည်သူ၊ တပ်မတော်၊ Stake Holder များအားလုံး၏ လွှတ်တော်မှတစ်ဆင့် တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးတဲ့ အခါမှာ အောက်ပါအတိုင်း အချက်အလက်များကို ကိုးကားပြီး အပြုသဘောဆောင်သော အချက် များနဲ့ ကျွန်တော် ဆွေးနွေးပါမယ်။

ဆွေးနွေးတဲ့အခါမှာ အဲဒီဟာကတော့ ၂၀၀၈ အခြေခံဥပဒေ ပေါ်ပေါက်လာပုံ၊ ပါတီများ မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲကာလ လွှတ်တော်ပေါ်ပေါက်ခြင်း၊ သမ္မတဦးဆောင်သော ပြည်ထောင်စု အစိုးရ ဖြစ်ပေါ်လာခြင်း၊ အစိုးရသက်တမ်း (၂)နှစ်ကာလအတွင်း ပြည်ထောင်စုအစိုးရ၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများနဲ့ လွှတ်တော်၏ဆက်သွယ်ပုံ၊ နိုင်ငံတော်လုံခြုံရေးအတွက် တပ်မတော် လိုအပ်ပုံ ဥပမာ - ၈၈ အရေးအခင်းကို ဥပမာပြောပြီး ဆွေးနွေးပါမယ်။ နံပါတ်(၉) စိန်ခေါ်မှုများ ဥပမာ - ရခိုင်၊ KIO, KIA အရေးကိစ္စများ၊ လက်ပံတောင်းတောင်ကိစ္စများကို အတိုချုံးပြီး ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စအား လွှတ်တော်ကိုယ်စားလှယ်များအားလုံး နားလည်ပြီး သား ဖြစ်သော်လည်းပဲ ဒီအဆိုရှင်၏ တင်ပြချက်အတိုင်း လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင် သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကြပါရန်ဆိုတဲ့ အချက်ပါတဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအား အလွန်အရေးကြီးကြောင်း တိုက်တွန်းကြောင်း ဖော်ပြတာ ဖြစ်တယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို အထူးသဖြင့် သတိပေးတယ်လို့ ကျွန်တော် ခံယူပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်၏ လွှတ်တော်ကိုယ်စားလှယ်များ အထူးကဏ္ဍကိုပဲ အဓိက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ထဲမှာလည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဟာ တိုင်းရင်းသားများရေးရာကိစ္စကို အထူးဖော်ဆောင်ရမယ့် လွှတ်တော် ကိုယ်စားလှယ်များဖြစ်တဲ့အတွက် ဒီ ကျွန်တော်တို့ ဒီအဆိုရှင်ရဲ့ အဆိုဟာ အလွန်အရေးကြီး ကြောင်း ကျွန်တော် ဖော်ပြလိုပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၄၈ ခုနှစ်၊ ၁၉၇၄ ခုနှစ်များမှာ အခြေခံဥပဒေတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ဒါပေမယ့်လို့ အဲဒီ အခြေခံဥပဒေများဟာ နိုင်ငံတော်၌ အသုံးပြုရန် မလိုအပ်တော့တဲ့အတွက် ၂၀၀၈ အခြေခံဥပဒေ ပေါ်ပေါက်လာရေးဟာ ယခင် အစိုးရဖြစ်တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ၁၉၉၃ ခုနှစ်မှ စတင်ပြီး အမျိုးသားညီလာခံ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ အမျိုးသားညီလာခံ ဖွဲ့စည်းတဲ့အခါမှာ တိုင်းနဲ့ ပြည်နယ်ဒေသအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များကို ခေါ်ယူပြီးတော့ အခြေခံ ဥပဒေကို ရေးဆွဲရေး ကော်မရှင်ဖွဲ့တယ်။

သို့သော်လည်းပဲ အကြောင်းအမျိုးမျိုးကြောင့် အနှောင့်အယှက်ဖြစ်ခဲ့တဲ့အတွက် အဲဒီ ကော်မရှင်ဟာ ယာယီရပ်ဆိုင်းပြီး ၂၀၀၃ ခုနှစ်ကျမှ လမ်းပြမြေပုံ(၇)ချက် နိုင်ငံတော်၏ ရှေ့ဆက် သွားမယ့် မူ(၇)ချက်ဖြင့် အခြေခံဥပဒေပေါ်ပေါက်ရေးကို ပြန်လည်စတင် ဆောင်ရွက်ခဲ့တာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၀၄ ခုနှစ်၊ အမျိုးသားညီလာခံ ပြန်လည် ကျင်းပပြီး ယခုကျင်သုံးနေသော ၂၀၀၈ အခြေခံဥပဒေကို ၂၀၀၇ ခုနှစ်မှာ ပြီးဆုံးပြီး၊ ၂၀၀၈ ခုနှစ်၊ မေလ ၉ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ အနှောင့်အယှက် ရှိခဲ့ခြင်းကြောင့် (၁၀)နှစ်ခန့် အခြေခံဥပဒေပေါ်ပေါက်ရေး နောက်ကျခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် (၁၀)နှစ်ကလည်း နောက်ကျခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အဲဒါဟာ အဆိုရှင်၏ သဘောအတိုင်း

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များလည်း သတိထားရမယ့် အချက်တစ်ချက် ဖြစ်တယ်လို့ ကျွန်တော် မီးမောင်းထိုးပြချင်ပါတယ်။

ဒုတိယအချက်အနေနဲ့ ပါတီများ မှတ်ပုံတင်ခြင်း၊ ဟိုတုန်းက န.အ.ဖ အစိုးရအနေနဲ့ ပါတီများ မှတ်ပုံတင်နိုင်ကြောင်း ကြေညာတဲ့အခါမှာ ကျွန်တော်တို့ ပါတီအသီးသီး အသစ်တွေ အရင်တုန်းက ပါတီငယ်တွေက မှတ်ပုံမတင်ဘူး။ အစိုးရ၏ ကြေညာချက်လည်း လိုက်လျောမှု မရှိဘူး။ ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေကို သဘောမတူဘူးဆိုတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တချို့ပါတီတွေက မှတ်ပုံမတင်ဘဲနဲ့ ရွေးကောက်ပွဲ မဝင်ခဲ့ဘူး။ ဒါပေမယ်လို့ အခု ပါတီငယ်ဖြစ်တဲ့ အခု လွှတ်တော်ကိုယ်စားလှယ်များထဲမှာ ဒီမှာထိုင်တဲ့ ပါတီငယ်အသီးသီးဟာ အခြေခံဥပဒေကို လုံးလုံးပြည့်စုံတယ်လို့ မဆိုသော်လည်းပဲ ဒီ အခြေခံ ဥပဒေအားဖြင့် လာမယ့် Federal မူကို သွားတဲ့လမ်းကြောင်းပေါ်မှာ ရှိတယ်ဆိုတဲ့ ခံယူချက် ရှိတဲ့အတွက် ဘယ်လိုပဲ ဖြစ်ဖြစ် မှတ်ပုံတင်မယ်၊ ပါတီထောင်မယ်၊ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက် မယ်၊ လွှတ်တော်မှာ ပူးပေါင်းဆောင်ရွက်ပြီးတော့ တိုင်းရင်းသားအရေးများကို ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မယ် ဆိုပြီးတော့ သဘောတူပြီးတော့ ပါတီကို ထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီပါတီထောင်တဲ့အခါမှာ တစ်ဦးတစ်ယောက် မိမိဆန္ဒမဟုတ်ဘဲနဲ့ ဥပမာ - ချင်းပြည်၊ ရခိုင်ပြည်ဆိုရင်ရှိတဲ့ ရန်ကုန်မြို့မှာရှိတဲ့ ချင်းလူကြီးတွေ၊ အမှုဆောင်တွေပါ စတာတွေ အကုန်လုံး ခေါ်ပြီးတော့ ပါတီထောင်သင့်၊ မထောင်သင့် အခြေခံဥပဒေဟာ ဒီလိုဒီလို ဖော်ပြထားတဲ့အတွက် ကျွန်တော်တို့ ပါတီထောင်သင့်၊ မထောင်သင့်ကို ဆွေးနွေးတဲ့အခါမှာ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ကာလ ကြာမြင့်စွာ လက်နက်ကိုင်ပဋိပက္ခနဲ့ တော်လှန်ခဲ့တာဟာ တိုင်းပြည်ဟာ မအောင်မြင်ခဲ့ဘူး။

ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် ပါတီတည်ထောင်ပြီးတော့ ပါတီလွှတ်တော် ကိုယ်စားလှယ် ဝင်ရွေး၊ စားပွဲဝိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်နည်းဖြင့် တိုင်းရင်းသားများရဲ့အရေးကို ဆွေးနွေးမှ ဖြစ်မယ် ပါတီထောင်ကြပါဟု သဘောတူတဲ့အတွက် ကျွန်တော်တို့ ပါတီအသီးသီး ထောင်ခဲ့ကြပါတယ်။ ပါတီထောင်တဲ့အခါမှာ နှိုင်းယှဉ်လို့ရှိရင် ပါတီထောင်ပြီး လွှတ်တော်ပေါ်ပေါက်လာတဲ့ နှစ်နှစ်ကာလအတွင်းမှာ နိုင်ငံတော်အတွက် လွှတ်တော်နည်းဖြင့် ဆောင်ရွက်နေတဲ့အချက်ဟာ တိုင်းရင်းသားပြည်သူများအတွက် များစွာအကျိုးပြုတယ်ဆိုတာ အားလုံးသိရပါတယ်။ နှစ်ပေါင်း (၅၀)၊ (၆၀)ကျော်ကာလလေးကတည်းက ပဋိပက္ခနည်းဖြင့် တိုင်းရင်းသားများရဲ့အရေးကို ဆောင်ရွက်

တာထက် လွှတ်တော်နည်းဖြင့် တရားသဖြင့် အတွင်း ဝင်ပြီးတော့ တိုင်းရင်းသားရေးကို ဆောင်ရွက်တာ နှစ်နှစ်ကာလအတွင်းဟာ သာလွန်ကြောင်းကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံရွေးကောက်ပွဲကာလမှာ ကျွန်တော်တို့ ပါတီငယ်အသီးသီးဟာ ရွေးကောက်ပွဲဝင်ကြတယ်၊ မဲဆွယ်ကြတယ်၊ အချိန်ကလည်း သိပ်မရှိဘူး။ ကျွန်တော်တို့ အခက်အခဲ အမျိုးမျိုးကြုံရတယ်၊ အပြောခံရတယ်၊ ဒီပါတီတွေက အခု ခင်ဗျားတို့ ဒီ တပ်မတော်အစိုးရက အလိုကျဆွဲထားတဲ့ အခြေခံဥပဒေနဲ့ လက်ခံတယ်၊ မဲဆွယ်တယ်၊ အရွေးခံတယ်ဆိုတော့ ခင်ဗျားတို့က ဒီရာထူးရချင်လို့လား မဟုတ်ရင် ဖားလို့လား။ ဘာဖြစ်လို့လဲ အပုတ်ချခံရတယ်။ လူထုဆီက အပုတ်ချခံရတယ်။ အပုတ်ချခံရတာ။ ဒါပေမယ်လို့ ဒီပါတီထောင်တဲ့ လွှတ်တော်ကိုယ်စားလှယ် ထိုင်နေတဲ့သူ အသီးသီးက မိမိခံယူချက်ဖြင့် ဘယ်လိုပဲဖြစ်ဖြစ် အရွေးခံမယ်၊ အခြေခံဥပဒေမှာ ဒီလိုဒီလိုပဲလမ်းကြောင်းဖော်ပြထားတယ်။ ပြည်နယ်အစိုးရတွေ ပေးထားပြီးပြီ။ နောက် အာဏာခွဲဝေမှု စာတမ်း တစ်၊ နှစ်၊ သုံး စသည်ဖြင့် ဖော်ပြထားပြီးဖြစ်တဲ့အတွက် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကျွန်တော်တို့က နိုင်ငံရေးပါတီထောင်ပြီးတော့ အရွေးခံမယ်ဆိုပြီးတော့ ဝင်ရောက်တရားဟောတယ်။ အဲဒီတော့ ကျွန်တော်တို့ ဟောတဲ့အတိုင်းပဲ တချို့လွှတ်တော် ကိုယ်စားလှယ်များ လာရောက်ပြီးတော့ ဝင်ရောက်ဆွေးနွေးခြင်း ဖြစ်ပါတယ်။ အဲဒီဆွေးနွေးတာ ဟိုဒင်းကာလမှာလည်း ပါတီရန်ပုံငွေ မရှိဘူး။ ကျွန်တော်တို့ အခက်အခဲ များစွာနဲ့ နိုင်ငံတော်၏ အေးချမ်းသာယာရေး၊ တိုးတက်ရေးကို လိုလားတဲ့အတွက် ကျွန်တော်တို့ အခက်အခဲမျိုးစုံနဲ့ ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ခဲ့တယ်။ အဲဒီရွေးကောက်ပွဲဝင်တဲ့ ကာလမှာလည်းပဲ ကျွန်တော်တို့ အခက်အခဲ အမျိုးမျိုးနဲ့ ကြုံတွေ့ရတယ်၊ မဲရွေးတဲ့ ရေတွက်တဲ့အခါမှာလည်းပဲ အမျိုးမျိုးရင်ဆိုင် နေရတယ်။

ဥပမာ - ညမှာ နိုင်ပြီးတော့ မနက်ကျရင် ဒီ လွှတ်တော်ကိုယ်စားလှယ်ဟာ မဲရှုံးတာတို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကုန်ကျစရိတ်တွေကိုလည်း ပြန်လည်ရမယ်လို့ မျှော်လင့်ရသော်လည်း မရတာတို့ စသည်ဖြင့်ပေါ့။ အဲဒါတွေကို ကျွန်တော်တို့ ဒီကြုံတွေ့ရပါတယ်။ ဒါပေမယ်လို့ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်အကျိုးကို ဆောင်ရွက်ရတဲ့အတွက် ကျွန်တော်တို့ ကျေနပ် ပါတယ်။ ဒီဥစ္စာတင်ပြခြင်းဟာလည်း ကျွန်တော်တို့ နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးနိုင်သော လမ်းကြောင်းမှန်ကို သွားရာမှာ ကျွန်တော်တို့ ကာလတစ်ခုအနေမှာ အခက်အခဲရှိတဲ့ကြောင်းကို တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ နောက်နောင် ၂၀၁၅ မှာ ဆိုရင်လည်း ရွေးကောက်ပွဲစာရင်းတို့

ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း ကျွန်တော်တို့က ပိုပြီးတော့ တိုးတက်မှုရှိမယ်၊ လွှတ်တော်ကိုယ်စားလှယ်များ အားရှိလာနိုင်မယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအနေနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပြီးရင် ကျွန်တော် လွှတ်တော်ရတဲ့အခါမှာ ဒီ လွှတ်တော်အဆောက်အအုံကြီးကို ကျွန်တော်တို့ ရောက်ပါတယ်။ ပါတီအသီးသီးက ကိုယ်စားလှယ်တွေရော၊ ဒီနေရာကို ရောက်တဲ့အခါမှာ ကျွန်တော်တို့က ဒီ မူလရည်မှန်းတာထက်၊ မူလထင်တာထက် ကျွန်တော်တို့ နိုင်ငံတော် ယခင်အစိုးရရဲ့ စေတနာ၊ ယခင်အစိုးရရဲ့ ကြီးမားတဲ့ ရည်ရွယ်ချက်များကို ကျွန်တော်တို့ တွေ့မြင်ရတဲ့အတွက်လည်း ကျွန်တော်တို့ အထူးကျေးဇူးတင်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ဒီအခြေခံဥပဒေ မရွေးခင်ကတည်းက ဒီပါတီထောင်ရင်လည်း၊ လွှတ်တော်ရောက်ရင်လည်း၊ အစိုးရဖွဲ့ရင်လည်း ဘာဖြစ်မလဲဆိုတဲ့ အယူအဆမျိုး၊ အပြောအဆိုမျိုး၊ အတိုက်အခံမျိုး ရှိခဲ့တဲ့အတွက် တကယ့်လက်တွေ့ လွှတ်တော်အဆောက်အဦတွေကို ရောက်တဲ့အခါမှာကျတော့ နိုင်ငံတော် ယခင်အစိုးရ နိုင်ငံတော်အကြီးအကဲတွေက လွှတ်တော်ဟာ ထိုက်ထိုက်တန်တန်နဲ့ နိုင်ငံတော်ရဲ့ အမြင့်ဆုံးဖြစ်တဲ့ ဒီ အဆောက်အဦတွေကို တည်ဆောက်ပေးတဲ့အတွက် ဒီ ကျွန်တော်တို့အနေနဲ့ အထူးကျေးဇူးတင်ရှိပြီး လွှတ်တော်ကလည်း မှတ်တမ်းတင်ပေးပါလို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ဒီလွှတ်တော်မှာ ထိုင်တဲ့အခါမှာ ကျတော့လည်း တိုင်းရင်းသားတွေက ခုနက ကျွန်တော် ဆွေးနွေးသလို အခက်အခဲမျိုးစုံနဲ့ ပါတီထောင်ကြတယ်၊ ဒီ နိုင်ငံရေးတည်ဆောက်မှုအတွက် ပါဝင်လာရေးကို ကျွန်တော်တို့ ကြိုးစားခဲ့တယ်။ ဒါပေမယ်လို့ လွှတ်တော်မှာ ရောက်တဲ့အခါမှာ ကျွန်တော်တို့က အဲဒီလို ထင်ခဲ့သလို မဟုတ်တာတွေ တချို့တလေရှိပါတယ်။ ကျွန်တော်တို့ ၂၀၁၁ ဇန်နဝါရီ ၃၁ ရက်နေ့မှာ စတင်ပြီးတော့ လွှတ်တော်ထိုင်တယ်။ လွှတ်တော်လုပ်တယ်။ ယခင်အစိုးရ၏ ရည်ရွယ်ချက်နဲ့ စေတနာတွေကိုလည်း နားလည်တယ်။ သဘောပေါက်တယ်။ ဒီမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ စတင်အစည်းအဝေး ကျင်းပခဲ့ကြတာ အားလုံးသိပါတယ်။

ဒါပေမယ်လို့ တိုင်းရင်းသားများတွေရဲ့အရေးကို အခုနိုင်ငံတော်ကို ဦးဆောင်နေတဲ့ အကြီးအကဲတွေက နားလည်ပြီး ဦးစားပေးနေတာကို တွေ့ရသော်လည်းပဲ လွှတ်တော်ထဲမှာ တိုင်းရင်းသားအရေးတွေကို ကျွန်တော်တို့ ယောင်းရင်းတွေက သေချာနားမလည်ခဲ့တာကို

ကျွန်တော်တို့ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမအဆိုဖြစ်တဲ့ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုကျောင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့မှာ တည်ဆောက်ပေးဖို့ အဆိုပြုတဲ့ အခါမှာ မဲရှုံးတယ်။ ထိုနည်းအတိုင်းပဲ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို ကျွန်တော်တို့ ရှိရင် ကောင်းမယ်ဆိုပြီးတော့ အဆိုပြုတဲ့အခါမှာလည်းပဲ မဲခွဲတဲ့အခါမှာလည်း ရှုံးတယ်။ အဓိပ္ပာယ် ကတော့ ရှုံးတဲ့အခါ ကျွန်တော်တို့က တိုင်းရင်းသားတွေက လူနည်းစုများဖြစ်တဲ့အတွက် ဒီမိုကရေစီ နည်းနဲ့ မဲက ရှုံးတဲ့သဘော ဖြစ်နေတယ်။

ဒါကြောင့် ဒီဥစ္စာကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားများတို့ ပင်ပင်ပမ်းပမ်းနဲ့ ပါတီပူးပေါင်းဆောင်ရွက်လာခြင်းရဲ့ အကျိုးကို နားလည်မှုအားနည်းတယ်လို့ ကျွန်တော် သုံးသပ် မိပါတယ်။ ဒါ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တခြားဟိုဒင်းတွေကို ပါတီများ ပုတ်ခတ်ပြောဆိုခြင်း မဟုတ်ဘဲနဲ့ လွှတ်တော်အတွင်းမှာ ဖြစ်ပေါ်လာတဲ့ဖြစ်ရပ်များကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတကြီးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ပေါ်ပေါက်လာခြင်း၊ လွှတ်တော်ပေါ်ပြီး သမ္မတတက်လာတဲ့ ပုဂ္ဂိုလ်ဟာ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးသလို ဘယ်သူပဲ တက်တက်၊ ဘယ်သူပဲတက် နောက်က ကြိုးကိုင်တဲ့သူ ရှိမှာပဲဆိုပြီး အယူအဆ ရှိခဲ့တယ်။ ဘယ်သူပဲတက်တက်။ ဒါပေမဲ့ တကယ့်လက်တွေ့မှာကျတော့ သမ္မတကြီးဟာ လွတ်လွတ်လပ်လပ် နဲ့ ဒီနိုင်ငံတော်ရဲ့ အကျိုးကို ဒီမိုကရေစီနည်းစနစ်အရ ဆောင်ရွက်နေတာကို ကျွန်တော်တို့ တွေ့ရ တယ်။ ပြည်သူလူထုကလည်း လက်ခံတယ်။ ကမ္ဘာကလည်း လက်ခံတာ တွေ့ရပါတယ်။ ပထမ မိန့်ခွန်း နိုင်ငံတော် ပြောတဲ့အထဲမှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှု ပေါ်ပေါက် လာပုံကို သူက အတိအလင်း ပြောတယ်။ အဲဒါကို ကျွန်တော်တို့က ခွန်အားအများကြီး တက်စေ တယ်။ နောက် ငြိမ်းချမ်းရေးကိစ္စနဲ့ ပတ်သက်လာရင်လည်းပဲ တိုင်းရင်းသားများရဲ့ ပျောက်ဆုံး ခဲ့သော အိမ်မက်ဆိုးများ၊ တိုင်းရင်းသားများရဲ့ ခံစားခဲ့သော ဒဏ်ရာဒဏ်ချက်များကိုလည်း နားလည်ပါတယ်။ တိုင်းရင်းသားများရဲ့ အခွင့်အရေးကိုလည်း ဆောင်ရွက်ပေးပါ့မယ်လို့ သူ့ မိန့်ခွန်းထဲမှာ ပါတယ်။

ဒါကြောင့် ဒီအပြင် တခြား တိုင်းသူပြည်သားများ လိုလားတောင်တတဲ့ အဲဒီအချိန်တုန်းကဖြစ်ခဲ့တဲ့ မြစ်ဆုံစီမံကိန်းကိုလည်း ဖျက်သိမ်းခဲ့တယ်။ နောက် ငြိမ်းချမ်းရေး၊ ပြည်တွင်းကော်မတီကို ကော်မရှင်မှာလည်း သူ ဥက္ကဋ္ဌကိုယ်တိုင် သူ ပါဝင်လာတယ်။ နောက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာလည်း ဗဟိုကော်မတီမှာလည်း သူကိုယ်တိုင် ပါလာတယ်။ လူ့အခွင့်အရေးကော်မရှင် စသည်တို့ကို ဖွဲ့စည်းတာဟာ ကျွန်တော်တို့ လေ့လာတဲ့အခါမှာ တကယ့်တိုင်းပြည်ကို ကောင်းစားစေချင်ခြင်း၊ ဆင်းရဲသားများရဲ့အရေးကို တကယ်စဉ်းစားတာကိုကျွန်တော်တို့ တွေ့ရတဲ့အတွက် အဆိုရှင် ပြောသလို ကျွန်တော်တို့ ကံကြမ္မာကို ကောင်းမွန်စွာဖန်တီးနိုင်ရေး အတွက် နိုင်ငံတော်သမ္မတက ဦးဆောင်နေတာကို တွေ့ရတော့ ဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ နိုင်ငံတော် တိုးတက်ရာ၊ တိုးတက်ကြောင်းဟာ ဒီပြည်သူ လူထုအားလုံး၊ လွှတ်တော် အားလုံး ပါနေသော်လည်းပဲ နိုင်ငံ့အကြီးအကဲက ဦးဆောင်မှုမပေးဘူးဆိုရင် ဒီဥစ္စာဟာက လျင်လျင်မြန်မြန် အောင်မြင်နိုင်စရာ မရှိဘူး။

အရင်တုန်းက တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြတဲ့ တိုင်းပြည်အကြီးအကဲတွေဟာ ဒီတပ်မတော်ရဲ့ အကြီးအကဲများတွေ ဖြစ်တဲ့အတွက် ဒါက သူတို့ နားလည်ပါတယ်။ ဒါက ဒီမိုကရေစီနည်းစနစ်နဲ့ မသွားနိုင်ပါဘူးဆိုတာကို ကျွန်တော်တို့ နားလည်ပါတယ်။ အဆိုရှင် တင်ပြသလိုပဲ သမ္မတကြီး နိုင်ငံတော်ဦးဆောင်မှု အခန်းကဏ္ဍဟာ အလွန်ကောင်းမွန်လှသောကြောင့် ယခင် ကမ္ဘာက ပစ်ပယ်ခံရတဲ့ မြန်မာနိုင်ငံဟာ သမ္မတကြီးရဲ့ စွမ်းဆောင်မှုကြောင့် ကမ္ဘာ့နိုင်ငံ များက လက်ခံလာတာကို ကျွန်တော်တို့ တွေ့ရတယ်။ Sanction ချခဲ့တာတွေလည်း ပယ်ဖျက်ပြီး ကမ္ဘာ့နိုင်ငံတော်တော် များများက ကျွန်တော်တို့နိုင်ငံကို လက်ခံတယ်။ ဥပမာ - UN, WB, ADB, EU နိုင်ငံများကလည်း အသိအမှတ်ပြုလာတဲ့အပြင် ဂျပန်၊ နော်ဝေနိုင်ငံက ချေးငွေအကြွေး အချို့ကို လျှော်ပေးလို့ ODA Loan ရပြီး Paris Club နိုင်ငံများကိုလည်း ဆပ်နိုင်ပြီး ချေးငွေ အသစ်ကိုလည်း ကျွန်တော်တို့ ပြန်လည်ရရှိနိုင်တာဟာ သမ္မတကြီးရဲ့ စွမ်းဆောင်မှု ဆိုတာဟာ တွေ့ရတဲ့အတွက် များစွာခွန်အားရစရာရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး ဆောင်ရွက်ချက်ဟာလည်း မြန်မြန်ဆန်ဆန် လျင်မြန်စွာ ဆောင်ရွက်နိုင်လွန်းလို့ ကုလသမဂ္ဂကတောင်မှ ဘယ်လိုနည်းနဲ့ ဒီလောက်မြန်မြန် ငြိမ်းချမ်းရေးများ ဆောင်ရွက်နိုင်သလဲဆိုတာကို နည်းများခံယူတယ်လို့ ကျွန်တော်တို့ ဒီကြားသိရပါတယ်။

ဆင်းရဲသားပြည်သူများအတွက် အထူးစဉ်းစားအပေါ်တွင် အဆင်းရဲဆုံး ဖြစ်တဲ့ ချင်းပြည်နယ်ကို သမ္မတက ပထမဦးဆုံးခရီးစဉ်တွင် ပထမရွေးချယ် လည်ပတ်ခဲ့တဲ့အတွက်လည်း ကျွန်တော်တို့ မှတ်သားဖွယ်ရာ ဒါဟာ တစ်ခုဖြစ်ပါတယ်။ ဥပမာ - ခရီးစဉ်မှာ ဖလမ်းလေဆိပ် တည်ဆောက်ပေးမယ်ဟု ကတိပေးခဲ့တဲ့အတွက်လည်း များစွာကျေးဇူးတင်ခဲ့ရပါတယ်။ ဒါဟာ တိုင်းရင်းသားတွေအပေါ်မှာ သမ္မတရဲ့ စေတနာနဲ့ မိန့်ကြားခဲ့တဲ့ မိန့်ခွန်းနဲ့ လုပ်ဆောင်ချက်များဟာ ကိုက်ညီကြောင်း တွေ့ရတဲ့အတွက် နိုင်ငံတော် သမ္မတအပေါ်မှာ အထူးကျေးဇူးတင်ရှိစွာဖြစ်ကြောင်း ဖော်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်ကို Evolution နည်းဖြင့် ဆောင်ရွက်နေတဲ့အတွက် ဆွေးနွေးစရာမရှိပေမယ့် နိုင်ငံတော်ရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာအကြောင်း အနည်းငယ် ကျွန်တော်ဆွေးနွေးလိုပါတယ်။ ယခင့်ယခင် ခေတ်ကာလက ဝတ္ထု၊ ပြဇာတ်၊ ဇာတ်လမ်း စသည်များဟာ မည်ကဲ့သို့ ရှိစေကာမူ ယခုအချိန် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ တန်းတူအခွင့်အရေး ရရှိရေး၊ ပြန်လည်အမျိုးသားရင်ကြားစေ့ရေး ဆောင်ရွက်နေတဲ့ အချိန်ကာလမှာ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး ထိခိုက်စေသော အရေးအသား၊ အပြောအဆို၊ ဆောင်းပါးများကို နိုင်ငံပိုင်သတင်းစာများ၊ မီဒီယာများတွင် ရေးသားဖော်ပြခြင်း မပြုသင့်ကြောင်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ဥပမာတစ်ခုအနေနဲ့ တင်ပြမယ်။ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာ ထုတ်ဝေတဲ့ ကြေးမုံသတင်းစာမှာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ အခန်းဆက်ဝတ္ထုမှ ဆောင်းပါးရှင် ဂနိုင်ကျော် က ပီမိုနင်း ဝတ္ထုပဒေသာ အမှတ်(၁၄)မှာ ရှိတဲ့ အတိုင်းဟူ၍ အောက်ပါအတိုင်း ဖော်ပြရေးသားလာတာကို ကျွန်တော်တို့ ဖတ်ရှုရပါတယ်။ သတင်းစာမူရင်းထဲက ကျွန်တော် ဖတ်ပြပါမယ်။ " ဗိုလ်လုပ်သော ချင်းကြီးတစ်ကောင်ကား မူကား လူပေါင်ကြီးတစ်ခုမှ အသားကို ဖြတ်ကာဖြတ်ကာ မီးတွင်ကင်၍ အရက်နဲ့ မြည်းနေလေ၏ " အများကြီးဖတ်ရင် ကျွန်တော်တို့ ရှည်လျားပါတယ်။ အဲဒီတော့ ဆိုလိုတာက ဒီလို ချင်းဒေသမှာ ကျွန်တော်တို့ လက်ထက်ကတည်းက အဘိုးအဘွားလက်ထက်ကတည်းကလည်း ချင်းလူမျိုးများ မည်သည့် ခေတ်ကာလတွင်မဆို လူသားစားခြင်း အစဉ်အလာ မရှိခဲ့ပါဘူး။ ဤကဲ့သို့တိုင်းရင်းသားများ ဂုဏ်သိက္ခာကျဆင်းစေသော ဆောင်းပါးရေးသားသူ၊

ခွင့်ပြုသူ၊ တာဝန်ရှိသူများအား ဥက္ကဋ္ဌမှ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးသင့်ပါကြောင်း တိုက်တွန်း ဆွေးနွေးအပ်ပါတယ်။ ဤကဲ့သို့ ဆွေးနွေးရခြင်းဟာ တိုင်းရင်းသားချစ်ကြည်၍ စည်းလုံးညီညွတ်မှုကို ရှေးရှုသော ဤအဆိုရှင်နဲ့ ပတ်သက်၍ အဆိုရှင်၏ ဆန္ဒအလျောက် ထည့်သွင်းဆွေးနွေးခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၂)နှစ်ကာလအတွင်း ပြည်ထောင်စုတိုင်းဒေသကြီးနှင့် လွှတ်တော် ကဏ္ဍကို အနည်းငယ် ကျွန်တော် ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဗဟိုမှာထိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များတွေ အချိတ်အဆက် မမိတဲ့အတွက် ကျွန်တော်တို့ လုပ်ဆောင် ချက်ဟာ အရာမရောက်ခဲ့ပါဘူး။ ဒါပေမဲ့ သူတို့ လွှတ်တော်များက တင်ပြတဲ့ ရေတောင်းတယ်၊ လမ်းတောင်းတယ်၊ ပြည်နယ်အစိုးရများက ဒီဥစ္စာကို ဆောင်ရွက်ခြင်း ကျွန်တော်တို့ ပြန်သွား တဲ့အခါမှာ ဒေသခံတွေက ဘာတွေ့သလဲဆိုတဲ့အခါမှာ ဘာလုပ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့က အထောက်အထား မပြနိုင်ဘူး။ ပြည်နယ်အစိုးရ မလုပ်တဲ့အတွက်လည်း ဖြေရှင်းစရာ မရှိတဲ့ အတွက် လွှတ်တော်ဟာ ကျွန်တော်တို့ အပြစ်တင် ပြောဆိုစရာဖြစ်ခဲ့ပါတယ်။ လွှတ်တော်မှာ ခင်ဗျားတို့ သွားထိုင်ပြီးတော့၊ လစာယူပြီးတော့ ဘာမှမလုပ်ခဲ့ဘူး ဆိုတဲ့သဘောမျိုး ပြည်သူတွေက အငြိုအငြင်ခံရပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်များရဲ့ ပြည်နယ်/တိုင်း လိုအပ်ချက်များကို ပွင့်လင်းမြင်သာ Transparency ရှိအောင် ပြည်နယ်အစိုးရနဲ့ လွှတ်တော်ရဲ့ လုပ်ဆောင်ချက်များကို အပြန်အလှန် ပြည်ထောင်စုအစိုးရ ကပဲဖြစ်ဖြစ် အပြန်အလှန် မိတ္တူပေးခြင်း၊ ဥပမာတစ်ခု ပြည်ထောင်စု ဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း တစ်ခုစီမံကိန်း ချလိုက်ရင် အဲဒီစီမံကိန်းကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များကို မိတ္တူပေးပြီးတော့ ဆောင်ရွက်ချက်များကို ကျွန်တော်တို့က သိရှိလို့ဆိုရင် ပြည်နယ်အစိုးရနှင့်သော်လည်းကောင်း၊ မြို့နယ်ပြည်သူလူထုနှင့်သော်လည်းကောင်း ကျွန်တော်တို့က ဆက်စပ်ညှိနှိုင်းနိုင်မယ်လို့ လုပ်ငန်း အဆင်ပြေသွားမယ်လို့ ကျွန်တော် တင်ပြအပ်ပါတယ်။ နိုင်ငံတော်အတွက် တပ်မတော်လိုအပ် ပုံကို ကျွန်တော် အနည်းငယ် ဆွေးနွေးပါမယ်။

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့ပြီ။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ကျွန်တော့်ဆွေးနွေးချက်ဟာ နည်းနည်းပဲ ကျန်ပါတော့တယ်။ ဒါပေမယ်လို့ အချိန်မရှိတော့တဲ့အတွက် ကျွန်တော် ဒီလောက်နဲ့ပဲ ကျွန်တော် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၂။**

**ဥက္ကဋ္ဌ။** ။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ သတင်းစာ ကျွန်တော့်ဆီကို ပို့ပေးစမ်းပါ။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၂။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ရဲ့ နိုင်ငံတော်ရဲ့ ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့်ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှု ဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူ အားလုံးကို အလေးအနက် တိုက်တွန်းအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီအဆိုဟာ ထူးခြားတဲ့ အဆိုဖြစ်ပါတယ်။ အရင်တုန်းက တခြားအဆိုတွေဆိုလို့ရှိရင် အစိုးရကို တိုက်တွန်းတဲ့ အဆို ဖြစ်ပါတယ်။ ဒီဟာကတော့ အစိုးရတစ်ခုတည်းကို တိုက်တွန်းတဲ့အဆို မဟုတ်ဘဲနဲ့ နိုင်ငံတော်မဏ္ဍိုင်ကြီး(၃)ရပ်အပါအဝင် ပါဝင်ပတ်သက်သူအားလုံးကို တိုက်တွန်းထားတဲ့ အဆို ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုဟာ အင်မတန်ကို ထူးခြားပါတယ်။ ပြီးရင်အဆိုရဲ့ အဓိပ္ပာယ်ကလည်း အင်မတန် လေးနက်ပါတယ်။ ဒီအဆိုရှင်ဖြစ်တဲ့ ဦးခင်မောင်ရီကလည်း ကျွန်တော်တို့နိုင်ငံတော်ရဲ့ ယခု ချီတက်နေတဲ့ လမ်းကြောင်းကနေပြီးတော့ နောက်ပြန်မသွားနိုင်ဖို့အတွက် စိုးရိမ်ကြောင့်ကြစိတ်တွေနဲ့ ပြီးတော့ နိုင်ငံတော်ရဲ့ တိုးတက်ဖွံ့ဖြိုးမှု

အတွက်ကို စိတ်ကောင်းစေတနာများနဲ့ တင်ပြထားတဲ့ အတွက်လည်း ဦးခင်မောင်ရီ ကို အထူးပဲ ကျွန်တော့်အနေနဲ့ လေးစားမိပါတယ်။

ဦးခင်မောင်ရီ ရဲ့ အဆိုမှာ သူက စိန်ခေါ်ချက်တွေကို (၄)ချက်နဲ့ သူက ဥပမာပေး ဖော်ပြထားပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ရခိုင်ပဋိပက္ခ၊ နောက် ကချင်ပြည်နယ်၊ နောက် ငြိမ်းချမ်းရေး မရနိုင်သေးတဲ့ ကိစ္စတွေ နောက်တစ်ခုက ကျွန်တော်တို့ နိုင်ငံတကာနဲ့ ချုပ်ဆိုတဲ့ တကယ့်စီမံကိန်းကြီးတွေကိစ္စ၊ နောက်ဆုံးကတော့ ကျွန်တော်တို့ ဆန္ဒပြမှုကိစ္စတွေ ဥပမာပေးပြီး တော့ စိန်ခေါ်ချက်တွေနဲ့ တင်ပြထားတာ ရှိပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ ကျွန်တော့်ရှေ့က လွှတ်တော်ကိုယ်စားလှယ် (၅)ဦးကနေပြီးတော့ ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားကြတာ တွေ့ရပါတယ်။ ဒီစိန်ခေါ်ချက်တွေ ဆိုတာက ဒီ(၅)ချက်တင် မကသေးပါဘူး။ စိန်ခေါ်ချက်တွေ အများကြီး ရှိပါ တယ်။ နောင်လည်း စိန်ခေါ်ချက်တွေက ဆင့်ကဲဆင့်ကဲ ထပ်ဖြစ်လာဖို့ ရှိပါတယ်။ အဲဒီစိန်ခေါ် ချက်တွေကို ကျွန်တော်တို့က ပြေလည်အောင် ကျော်လွှားနိုင်အောင် ဖြေရှင်းနိုင်ဖို့ အင်မတန် အရေးကြီးပါတယ်။

အဲဒီတော့ စိန်ခေါ်ချက်တွေကို ကျွန်တော်တို့က မဖြေရှင်းနိုင်ဘူး၊ မကျော်လွှားနိုင်ဘူး ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရဲ့ ယခု ချီတက်နေတဲ့လမ်းကြောင်းဟာ နောက်ပြန်လှည့် သွားနိုင်ပါတယ်။ အဲဒီတော့ လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ ဒါကို ကျွန်တော်တို့ ပါဝင်ပတ်သက်သူ အားလုံးက တကယ့်ကို အလေးအနက်ထားပြီးတော့ ချင့်ချင့်ချိန်ချိန် ဆောင်ရွက်သွားဖို့ အင်မတန် အရေးကြီးတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အချက်(၂)ချက်တည်းပေါ့။ စိန်ခေါ်ချက်များကို ကျော်လွှားနိုင်ဖို့အတွက် အဓိက မဖြစ်မနေလိုအပ်တဲ့ အချက်(၂)ချက်ကို တင်ပြဆွေးနွေး လိုပါတယ်။ ဒါကတော့ ပထမအရေးကြီးတာက တိုင်းရင်းသားတွေ ရင်ကြားစေ့ရေး ဖြစ်ပါတယ်။ နောက် တစ်ခုကတော့ ကျွန်တော်တို့ Transparency ဆိုတဲ့ ထင်သာမြင်သာရှိရေး ဖြစ်ပါတယ်။ ဒီနှစ်ခု ကျွန်တော်တို့က လက်ဝယ်ပိုင်ပိုင် ကျွန်တော်တို့ ရရှိထားနိုင်ပြီဆိုရင် တွေ့ဆုံရလာနိုင်တဲ့ စိန်ခေါ်ချက်တွေကို ကျွန်တော်တို့က ဖြေရှင်းနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲ အလေးအနက် ယူဆပါတယ်။

အဲဒီတော့ ကျွန်တော်တို့က တိုင်းရင်းသားရင်ကြားစေ့ရေးဟာ ကျွန်တော်တို့ လွှတ်တော်မှာလည်း နံပါတ်(၁)သည် တိုင်းရင်းသား ရင်ကြားစေ့ရေး၊ နံပါတ်(၂)ကလည်း ဒါပဲ၊ (၃)ကလည်း ဒါပဲဆိုတော့ အကြိမ်ကြိမ်အလီလီ ဆွေးနွေးခဲ့ကြတာကိုလည်း ကျွန်တော်တို့ တွေ့မြင်ရပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသားရင်ကြားစေ့ဟာ အင်မတန်ကို အရေးကြီးပါတယ်။ အဲဒီတော့ ဒီ တိုင်းရင်းသားရင်ကြားစေ့နဲ့ ပတ်သက်လို့ အခု ကျွန်တော်တို့ ဆွေးနွေးနေကြတဲ့အခါမှာ မအောင်မြင်တဲ့ အချက်တွေကလည်း တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု အားနည်းနေတာကို တွေ့ရပါတယ်။ ယုံကြည်မှု အားနည်းနေတယ် ဆိုတဲ့အခါကျတော့ ကျွန်တော်တို့က ယုံကြည်မှုရှိအောင် လုပ်ကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ပထမဆုံး ဥပမာအနေနဲ့ တင်ပြဆွေးနွေးရလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေ။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းဒေသကြီး/ပြည်နယ်များအတွက် လုပ်ပိုင်ခွင့်တွေ၊ ရပိုင်ခွင့်တွေ သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း၊ ကျွန်တော်တို့ ဒီဖွဲ့စည်းပုံအခြေခံနဲ့ ပတ်သက်လို့လည်း ဒါအပြင်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းသာ ဆက်သွားမယ် ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည်ဟာ မတိုးတက်နိုင်ဘူးဆိုပြီးတော့ ဒီလို ပြောဆိုနေတဲ့ အသံတွေကိုလည်း ကြားနေရပါတယ်။

နောက် တစ်ခါ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကို မီဒီယာကနေပြီးတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ သဘောထား ဘယ်လိုရှိသလဲ မေးမြန်းတာ တွေ့ရပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးက အဲဒီတော့ အခု ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာပါတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေကို ဆောင်ရွက်ခွင့်ပေးထားတဲ့ အချက်တွေကိုတောင်မှ ကျွန်တော်တို့က ပြည့်ပြည့်စုံစုံ မလုပ်ပေးနိုင်သေးဘူး။ ဆိုင်ရာ ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို ပြဋ္ဌာန်းဖို့တွေ ကျန်ပါသေးတယ် ဆိုပြီးတော့ ဒီလိုပဲ ဖြေခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီး ဖြေခဲ့တဲ့အတိုင်းပဲ လက်ရှိအခြေအနေမှာလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ(ဃ)မှာ လုပ်ပိုင်ခွင့်တွေ ပေးထားတာ ရှိပါတယ်။ ဒါပေမယ့်လည်း ဥပဒေ၊ နည်းဥပဒေတွေက မပြဋ္ဌာန်းနိုင်သေးတဲ့ အတွက်ကြောင့် ဆက်ပြီးတော့ အကောင်အထည်ဖော်လို့ မရရှိနိုင်သေးတဲ့ အခြေအနေ ရှိသေးပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီဥပဒေတွေ၊ နည်းဥပဒေတွေကို မြန်မြန် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှ ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်များက သူတို့ရဲ့ ပြည်နယ်တိုးတက်ရာ တိုးတက်ကြောင်းတွေကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခု တင်ပြချင်တာက ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေရဲ့ လုပ်ပိုင်ခွင့် ကျွန်တော်တို့က ဒီလုပ်ပိုင်ခွင့်တွေကို အတိုင်းအတာတစ်ခုအထိ အောက်ခြေကို ဖြန့်ခွဲထားဖို့ လိုအပ်မယ်လို့ တာဝန်ပေးခြင်း၊ တာဝန်ယူခြင်း အပိုင်းတွေကို ကျွန်တော်တို့က ဒါအကောင်အထည်ဖော်ဖို့ လိုအပ်ပြီလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဥပမာ - ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေမှာ သက်ဆိုင်ရာဝန်ကြီးတွေ ရှိတယ်။ ဒါပေမဲ့ ဝန်ကြီးတွေက သူ့ဌာနရဲ့ ဆောင်ရွက်ရန်များကို ဆောင်ရွက်ဖို့ အင်မတန် အခက်အခဲ ရှိပါတယ်။ ဘာလို့အခက်အခဲရှိနေလဲဆိုတဲ့အခါကျတော့ အဲဒီမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေက သူတို့ရုံးချုပ် နေပြည်တော်နဲ့ တိုက်ရိုက်ကွပ်ကဲမှုယူပြီးတော့ တိုက်ရိုက်တင်ပြနေကြတာ ဖြစ်ပါတယ်။

အဲဒီမှာရှိတဲ့ ရေးရာ ဝန်ကြီးတွေက ဝန်ကြီးတွေကို အသိပေးတဲ့ စာလောက်ပဲ တင်ပြတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဝန်ကြီးဆီရောက်လို့ လေ့လာကြည့်တဲ့အခါမှာ အသိပေးတဲ့စာ၊ မိတ္တူပေးဖို့စာ (၃)၊ (၄)စောင်ပဲပေးဖို့ ဒီလောက်ပဲ ရှိပါတယ်။ ကျန်တာ လုပ်ပိုင်ခွင့် ဘာမှ မရှိပါဘူး။ အဲဒီတော့ အချိန်တန်ရင် ရုံးတက်မယ်၊ ရုံးဆင်းမယ်၊ ပြီးရင် အစည်းအဝေးတက်မယ်။ ဒီလောက်ပဲ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက လုပ်ပိုင်ခွင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဖို့လည်း မလိုပါဘူး။ အဲဒီမှာရှိတဲ့ ဝန်ကြီးတွေရဲ့ လုပ်ပိုင်ခွင့်တွေကို ပေးအပ်နိုင်ဖို့အတွက်  ဥပမာ - သူ့ ရုံးအဖွဲ့လိုမယ်ဆိုလို့ရှိရင် ဌာနရဲ့ ဖွဲ့စည်းပုံကို ပြင်ရင်လည်း ပြင်မယ်၊ ပြင်ဖို့မလိုဘူး ဆိုလို့ရှိရင်လည်း ဌာနမှာရှိတဲ့ ဝန်ထမ်းတွေကို တွဲဖက်တာဝန်ပေးထားပြီးတော့ သူတို့ရဲ့ လုပ်ငန်း ဆောင်တာတွေကို သူတို့ကို ကွပ်ကဲမှု၊ ဒါကို ခွဲဝေပေးမှုအပိုင်းက ဒီလိုလုပ်ပေးနိုင်ရင် ပိုပြီးတော့ အဆင်ပြေချောမွေ့သွားလိမ့်မယ်လို့ ယူဆပါတယ်။ ဥပမာအနေနဲ့ တင်ပြရလို့ရှိရင် ကျွန်တော်တို့ စစ်ရုံးကနေပြီးတော့ စစ်တိုင်းတွေကို ကွပ်ကဲတဲ့ ပုံစံမျိုးပဲဖြစ်ပါတယ်။ အဲဒီတော့ တိုင်းမှူးဟာ စစ်ရုံးရဲ့ အမိန့်ညွှန်ကြားချက်ကို ယူပြီးတော့ သူ့တိုင်းမှာရှိတဲ့ ကိစ္စဝိစ္စတွေကို အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ အရာရှိတွေက စစ်ရုံးချုပ်က နေပြီးတော့ သူတို့ရဲ့ Promotion တွေ၊ Posting တွေကို ဆောင်ရွက်ပေးပါတယ်။

အဲဒီတော့ တိုင်းမှူးတွေက ဆောင်ရွက်ပေးနိုင်တဲ့ အနေအထားမရှိသော်လည်းပဲ သူတို့ရဲ့ Recommend နဲ့ ဒါ ရာထူးတိုးတာတွေ၊ ပြောင်းရွှေ့တာတွေ ဒီလိုတွေ ဆောင်ရွက်ပေးနိုင်တဲ့ အနေအထားတွေ ရှိတဲ့အတွက်ကြောင့်မို့ သူတို့ကို လုပ်ပိုင်ခွင့် အတိုင်းအတာတစ်ခု ပေးထားတဲ့ အတွက်ကြောင့်မို့ သူတို့ရဲ့ ကွပ်ကဲမှုအောက်မှာ မရှိသော်လည်းပဲ အဲဒီအရာရှိတွေဟာ တိုင်းမှူးရဲ့ အမိန့်၊ ညွှန်ကြားချက်အတိုင်း တစ်သွေမတိမ်း အလေးအနက်ထားပြီးတော့ ဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့လည်း ဒီအတိုင်းပဲ။ ပြည်ထောင်စုအစိုးရကနေပြီးတော့ ပြည်နယ်အစိုးရတွေကို တာဝန်တွေ ခွဲဝေပေးထားမယ်။ တာဝန်ယူစေမယ်။ ဒီလိုဟာမျိုးလေးတွေ လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင် ပြည်ထောင်စုအစိုးရမှာလည်း ပြည်ထောင်စုဝန်ကြီးဌာနတွေမှာလည်း ဒါ သူ့ရဲ့ လုပ်ငန်းတာဝန်တွေ ပေါ့ပါးသွားနိုင် တယ်လို့ ကျွန်တော်တို့က ပြောလို့ရပါတယ်။

အဲဒီတော့ သူ့ပြည်နယ်၊ သူ့တိုင်းဒေသကြီးတွေမှာ ဖြစ်တဲ့ကိစ္စတွေကို သူ့ပြည်နယ်အစိုးရကိုသာ တတ်နိုင်သလောက် အတိုင်းအတာတစ်ခုအထိ ဖြေရှင်းခိုင်းဖို့ လိုအပ်ပါတယ်။ အဲဒီတော့ ပြည်သူနဲ့အစိုးရ ယုံကြည်မှုရဖို့အတွက်ကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရနဲ့၊ တိုင်းဒေသကြီးမှာရှိတဲ့ လူထုနဲ့ ယုံကြည်မှုရရှိဖို့က ပိုပြီးတော့ လွယ်ကူတယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲ မြင်မိပါတယ်။ ဥပမာ-ကျွန်တော်တို့ အခု ဧရာဝတီတိုင်းက လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့် ကို သာသနာရေးဝန်ကြီး အနေနဲ့ တာဝန်ပေးမယ်ဆိုပြီးတော့ ဒါ သမ္မတကြီးရဲ့ သဝဏ်လွှာကို ဖတ်ကြားတဲ့အခါမှာ ဧရာဝတီတိုင်းဒေသကြီးက လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမောင်မောင်ဉာဏ်ကနေပြီးတော့ သူ့ဒေသမှာရှိတဲ့ လူထုရဲ့ တောင်းဆိုချက်၊ တင်ပြချက်အရ သူ့အနေနဲ့ ဦးဆန်းဆင့်ကိုတော့ဖြင့် သူ့ ဧရာဝတီတိုင်းဒေသကြီးမှာပဲ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ တာဝန်ပေးစေလိုပါတယ်ဆိုတာကို တင်ပြဆွေးနွေးတာလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး ကြားသိပြီး ဖြစ်မှာပါ။

ဆိုလိုတာကတော့ သူ့ဒေသမှာရှိတဲ့ ပြည်သူက အဲဒီမှာအုပ်ချုပ်တဲ့ အစိုးရအပေါ်မှာ အဲဒီလို ယုံကြည်မှုတွေ၊ လေးစားမှုတွေ၊ အားကိုးမှုတွေ ရှိနေပြီဆိုလို့ရှိရင် အဲဒီတိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့၊ ပြည်နယ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ စိန်ခေါ်ချက်တွေကို အဲဒီမှာရှိတဲ့ အစိုးရကနေပြီးတော့ ဖြေရှင်းမယ်ဆိုလို့ရှိရင် အဲဒီထဲမှာရှိတဲ့ ပြည်သူတွေက နာခံဖို့၊ လိုက်နာဆောင်ရွက်ဖို့

အသင့်ပဲဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီ ပြည်ထောင်စု အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ တာဝန်ဝတ္တရားတွေကို တချို့ဟာတွေ ခွဲဝေပေးနိုင်တဲ့ အတိုင်းအတာရှိတဲ့အချက်တွေ ခွဲဝေတာဝန်ပေးဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ဒီမှာ ဆွေးနွေးလိုပါတယ်။

နောက်တစ်ခုကတော့ ထင်သာမြင်သာရှိရေးကိစ္စ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အခု ဖြစ်နေတဲ့ ပြဿနာတွေ၊ အခု အဆိုရှင်တင်ပြခဲ့တဲ့ ပြဿနာ စိန်ခေါ်ချက်(၄)ခုရှိတယ်။ အဲဒီ(၄)ချက်ကို ပြန်ကြည့်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့က အစိုးရနဲ့တိုင်းရင်းသား ယုံကြည်မှု နည်းပါးတဲ့အချက်ရယ်၊ ယုံကြည်မှု မရရှိတဲ့အချက်ရယ် နောက်တစ်ခုက ပွင့်လင်းထင်သာ မြင်သာမှု မရှိလို့ရယ် ဆိုပြီးတော့ ဒါ ဆန်းစစ်လေ့လာလို့ ရပါတယ်။ ဒီအချက် (၂)ချက်ပါပဲ။ နောင် ဖြစ်ပေါ်လာမယ့် စိန်ခေါ်ချက်တွေကလည်း ဒီအချက်(၂)ချက်ကို အခြေခံပြီးမှပဲ ဒါ ဖြစ်ပေါ်လာမယ့် အနေအထားမှာ ရှိပါတယ်။ ဒါကြောင့် ပွင့်လင်းထင်သာမြင်သာရှိမှုဟာ အင်မတန် အရေးကြီးပါတယ်။ အဲဒီတော့ တိုင်းရင်းသားရင်ကြားစေ့ရေး ပြီးလို့ရှိရင် ဒီ ပွင့်လင်း ထင်သာမြင်သာရှိမှုဟာ ဒုတိယအရေးကြီးတယ်လို့ ကျွန်တော့်အနေနဲ့ ဒါ ဆွေးနွေးတင်ပြလို ပါတယ်။ အဲဒီတော့ ထင်သာမြင်သာ ရှိမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အစိုးရ အပေါ်မှာ ပြည်သူ များကလည်း ယုံကြည်မှုအပြည့်အဝ ရရှိလာမှာဖြစ်ပါတယ်။

အဲဒီလို ယုံကြည်မှုအပြည့်အဝ ရှိလာမှာဖြစ်သလို အဲဒီတော့ ဒီလုပ်ပိုင်ခွင့်ရှိတဲ့သူတွေ၊ အာဏာရှိတဲ့သူတွေကလည်း အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေကလည်း ဒါ ကွယ်ပျောက်သွားမှာ ဖြစ်ပါတယ်။ ဒါ အခု ကျွန်တော်တို့ မြစ်ဆုံကိစ္စတွေ ရှိပါတယ်။ ပြဿနာ ဖြစ်လာတာတွေ ရှိပါတယ်။ ဒါတွေကလည်း တကယ်တမ်း စဥ်းစားကြည့်လို့ရှိရင် ပွင့်လင်း ထင်သာမြင်သာမှု မရှိလို့ ဖြစ်ပါတယ်။ ပွင့်လင်းထင်သာမြင်သာမှု ရှိတယ်။ ဒီကိစ္စတွေကို အစကနေအဆုံး ကျွန်တော်တို့ ပြည်သူတွေကို ချပြထားတယ်။ ပြည်သူတွေက လက်ခံပြီးမှ ဆောင်ရွက်တယ်ဆိုရင် ဒီလိုပြဿနာ ဖြစ်စရာအကြောင်းလည်း မရှိပါဘူး။

အဲဒီတော့ နောင်မှာလည်း ဒီအတိုင်းပဲ။ အဲဒီတော့ နောင်ကို ဘယ်ဟာမဆို ပြည်သူ တွေကို ချပြပြီးတော့ အသိပေး တင်ပြထားမယ်။ ပွင့်လင်းထင်သာမြင်သာ ရှိမယ် ဆိုလို့ရှိရင် ပြည်သူတွေက လက်ခံစရာအကြောင်း ရှိပါတယ်။ အခုဟာက အစိုးရအပေါ်မှာ မယုံသင်္ကာ

ရှိမှုတွေဟာ များလွန်းနေတဲ့အတွက်ကြောင့် လက်ခံချင်တာတောင်မှ လက်မခံတဲ့ အနေအထား မှာရှိတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီစိန်ခေါ်ချက် တွေကို ကျွန်တော်တို့ ကျော်လွှားနိုင်ဖို့ဆိုတာတွေဟာ ပွင့်လင်းထင်သာမြင်သာ ရှိဖို့က အင်မတန် ကို အရေးကြီးပါတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

နောက်တစ်ချက်အနေနဲ့ကတော့ ဒါ အဆိုရှင်လည်း တင်ပြထားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ဟာ ကျွန်တော်တို့ ဒီပြင် Stake Holder တွေရဲ့ ဒါ အခရာ၊ ဆွေးနွေး ညှိနှိုင်းဖို့ အခရာ ဖြစ်တယ်ဆိုတာ သူ့အနေနဲ့ တင်ပြထားပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ အပိုင်းကလည်း၊ ကဏ္ဍကလည်း အင်မတန်ကို အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုန တင်ပြခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိစ္စ၊ ပွင့်လင်းထင်သာမြင်သာ ရှိဖို့ကိစ္စ၊ ဒါတွေကို အလေးအနက်ထားပြီးတော့ ချင့်ချင့်ချိန်ချိန် စဥ်းစဥ်းစားစားနဲ့ မျှမျှတတ ဆောင်ရွက် သွားဖို့ အင်မတန် အရေးကြီးပါတယ်။ ခုနတုန်းက ကျွန်တော်တို့ ဦးပေါ်လျှံလွင် ရဲ့ တင်ပြသွားတဲ့ ကိစ္စတွေ ရှိပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားရေးရာဝန်ကြီး ခန့်အပ်ပေးဖို့ဆိုပြီးတော့ တင်ပြ တာရှိပါတယ်။ လွှတ်တော်ထဲမှာလည်း တော်တော်လေး ပြည့်ပြည့်စုံစုံ ဆွေးနွေးခဲ့ကြတာလည်း တွေ့ရပါတယ်။ ဒါပေမယ့်လည်း မဲခွဲတဲ့အခါကျတော့ ဒါ မဲနဲ့ ရှုံးနိမ့်သွားတာရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားရင်ကြားစေ့ရေးမှာ ကျွန်တော်တို့အတွက် Image မကောင်းဘူး လို့ ယူဆပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့က ဒီနိုင်ငံရေးလုပ်တဲ့အခါမှာ ပုံသေနည်းနဲ့ ကျွန်တော်တို့က လုပ်လို့မရဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့် အခြေအနေ အချိန်အခါကို ကြည့်ပြီးတော့ ဘယ်လို ကျွန်တော်တို့က ဆုံးဖြတ်သင့်သလဲ၊ ဘယ်လိုဖြစ်သင့်သလဲ ဆိုတဲ့ဟာတွေကိုလည်း ကျွန်တော်တို့အနေနဲ့ သေသေချာချာကို ညှိညှိနှိုင်းနှိုင်းနဲ့ ချင့်ချင့်ချိန်ချိန်နဲ့ ကျွန်တော်တို့ လွှတ်တော်အပိုင်းက ဆောင်ရွက်ပေးဖို့ လိုပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။

နောက်ဆုံးအနေနဲ့ကတော့ ကျွန်တော်တို့ အဆိုရှင် ဦးခင်မောင်ရီ ဆွေးနွေးထားတဲ့ တင်ပြထားတဲ့ အတိုင်းပါပဲ။ ကျွန်တော်တို့ ဒီစိန်ခေါ်ချက်တွေကို ကျော်လွှားနိုင်ဖို့အတွက် ကျွန်တော်တို့အားလုံးက စိတ်ရှည်ရမယ်။ သည်းခံခွင့်လွှတ်ရမယ်။ မိသားစုစိတ်ဓာတ်၊ သွေးစည်း ညီညွတ်မှု အသိတရားကြီးစွာနဲ့ တည်တည်ငြိမ်ငြိမ် ချဥ်းကပ်ဖြေရှင်းဖို့ လိုပါတယ်လို့ သူတင်ပြ

ထားတာရှိပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ နိုင်ငံတော် မဏ္ဍိုင်ကြီး(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက အဆိုရှင် တင်ပြဆွေးနွေးတဲ့အတိုင်း ချင့်ချင့်ချိန်ချိန်နဲ့ စဥ်းစဥ်းစားစားနဲ့ ဆောင်ရွက်သွားကြဖို့ တိုက်တွန်းရင်း ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းတဲ့ နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏မဏ္ဍိုင်(၃)ရပ် အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့် ပြည်သူအတွက် အမြင့်မားဆုံး ရည်မှန်းချက်တစ်ခုတည်းကိုသာ အာရုံရှေးရှုဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သော ကိစ္စရပ်များကို အထူးသတိပြု ရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူ အားလုံးကို အလေးအနက် တိုက်တွန်းအပ်ပါကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(ဗ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုပ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၅၈)၊ ကန့်ကွက်(၅)၊ ကြားနေ(၇)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးခင်မောင်ရီ ရဲ့ အဆို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၃၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစည်းအဝေးကို ၁၄း၃၁ နာရီအချိန်တွင် ရပ်နားပါသည်။]